ဘုရားကျောင်းတော်

ဟာသရသပုံဝတ္ထုများ

ခင်အောင်ဦးနိုး | သုဝေသနု |

ဒုတိယအကြိမ်

ဗုဒ္ဓဘာသာ ပြန်ကြားရေးဌာန | ပထမတန်း | (၁) ကိုးကားကျမ်းများ

ရွှေကျောင်းပျော်

ဟာသရသပုံဝတ္ထုများ

[၁]

တင်အောင်ထွန်း

[သုတေသန]

ရွှေကျောင်းပျော်စာစဉ်

ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး။

ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ (၁)
စာမူခွင့်ပြုချက်အမှတ် ၃၂၀၃၄၉၀၅၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၃၃၃၀၅၀၃

ဒုတိယအကြိမ်ပုံနှိပ်ခြင်း
၂၀၁၃-ခုနှစ်၊ စောင်ရေ ၁၀၀၀
တန်ဖိုး - ၅၀၀-ကျပ်

ထုတ်ဝေသူ
ဒေါက်တာဌေးဌေးဝင်း (ယာယီ-စ၀၃)
၈၅၊အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ရန်ကုန်မြို့။

အဖုံးအတွင်း ပုံနှိပ်သူ
ဦးဝင့်ဗိုလ်ဗိုလ်(စ၇၁၆)
နန်းသင်ပုံနှိပ်တိုက်၊ ၁၉၄၊ ၃၉-လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ရွှေကျောင်းပျော်စာပေ
၈၅၊ အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ ရန်ကုန်မြို့။
ဣန္ဒာသယ စာအုပ်ဆိုင်၊ ဖုန်း - ၀၉ ၇၃၀ ၂၀၆၂၇
သစ္စာမဏ္ဍိုင်စာအုပ်ဆိုင်၊ ဖုန်း - ၀၉ ၅၁ ၂၅၂၈၅
ရွှေတိဂုံဘုရားတောင်ဖက်မုခ်ဈေးတော်ရုံ
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထု (၁)

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ရွာဦးကျောင်းအလွမ်း	[ဂ]
ဟာသရသ ပြုစားပျော်ရွှင်သော လူမျိုး	၁
သက်နိုးရိုသေရမည်	၅
ဘုန်းကြီးသုံးဆား	၇
လူလား ဌက်လား	၉
ငါ တုတ်လိုက်ရ	၁၁
အမည်သညာ မရှားပါ	၁၄
ဥုမပြေး တုံ့ပြေးပြီဟေ့	၁၆
အဒေါ်ကြီးနှင့်နို့အေးချောင်း	၁၈
သူခိုးဖမ်းနည်းသစ်	၂၀
ပရိယာယ်ကောင်း အထောင်းသက်သာ	၂၅
ဖျားတဲ့ခင်ကြီး	၂၉
ကျုပ်မယ်တော်ကိုးကွယ်	၃၀
ညစောင့်ပုဆိုး လူခိုးခံရ	၃၃
လှေနှင့်မြင်း	၃၆
မြင်းဥ	၃၈
သီလဝအပြုံး	၄၁
ဂ္ဂနပရိဘောဂ	၄၃
ဆန်ကုန်သည်နှင့် သားရေကုန်သည်	၄၇
လူပျိုကြီးဖိုးမှတ်	၅၁

အကြောင်းအရာ	စာမျက်နှာ
ရှိထည့်	၅၅
ကိုသာဆိုး	၅၈
ဇရပ်ခါးပန်းကစာ	၆၂
လူပျင်းကံကောင်း	၆၆
ရွှေချဉ်ပေါင်လက်ချား ဝက်သားနှင့်လဲ	၆၉
မောင်ဘုန်းပြန်ရက်	၇၃
စာတနေ	၇၇
နားထိုင်းတို့ရွာ	၈၁
မြင်ပြန်တော့လည်း မနေနိုင်	၈၆
မယားတွေ့တော့ ထင်းဖြစ်	၈၉
အနှောင့်ပဲ့ ဓားတစ်လက်	၉၂
အိမ်ခေါင်ကအသံ	၉၄
ဟုတ်ပါသော ဥဿုစ်သီး	၉၆
မအေ သတိရသူ	၁၀၀
နာမည်ပါချင်သူ	၁၀၅
သွားတိုက်တာမပါသေး	၁၀၉
ယနေ့ဟောမည့်တရား	၁၁၄
ဒါယကာအလို ဘုန်းတော်ကြီးမလိုက်နိုင်	၁၂၀
ရေမရှိလျှင် ရေစက်မချရ	၁၃၀
ဆလိန်အလျှုံ	၁၃၆
တောင်ကျောင်းကိုယ်တော်ကမ္ဘ စဉ်းစားသေး	၁၄၀
သစ်ကျုတ်ဥပုသ်	၁၄၅



ရွာဦးကျောင်းအလွမ်း

။ သို့မဟုတ် ။

ကိုယ်ပိုင်မျိုးရိုးဒီဇယ်က ဟာသရသ

ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း ကျေးလက်တောရွာများသည် အများစု ပျံ့နှံ့ဖြန့်တည်လျက် ရှိနေ၏။ မြန်မာ ကျေးရွာတစ်ခု ထူထောင်ရာ ရွာဦးဘုန်းတော်ကြီးကျောင်း မဂါ၀ိုရှိလျှင် အဓိပ္ပာယ်ပြည့်စုံလိမ့်မည် မဟုတ်ပါ။

ရွာဦးဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်သံ ထိုးမောင်းထိုးသံသည် ထိုရွာနေ ရွာသူရွာသားတို့အား အလုပ်သွား အလုပ်ပြန် အချိန်နာရီကို ညွှန်ပြပေးသည်။ ညဉ့်ဦးယံ, မိုးသောက်ယံ လေပြည်တွင် ပျံ့လွင့်လာသော ရွာဦးဘုန်းတော်ကြီးကျောင်းမှ ဘုရားဝတ်တက် ဝတ်ကပ်သံ, ပရိတ်တရား ရွတ်ဖတ်သံ, အမျှ၀ေ ကြေးစည်ထုခတ်သံများလည်း ထိုရွာနေသူ

တို့အား ထာဝစဉ် မြတ်ခမ္မာဖြင့် ကုသလမဆိတ်ညံ့ရအောင် နှိုးဆော်ပေးနေဘိသို့ ရှိ၏။

ထိုနည်းအလားတူစွာပင် ရပ်ရွာထဲမှ ရွှေကျောင်းပျော်ဘုန်းကြီးကျောင်းသားဟောင်းတို့မှာလည်း လူစုမိရာ ဥပုသ်ဇရပ်၊ သာရေးနာရေးပွဲများနှင့် လက်ဖက်ရည် ကြမ်းဝိုင်းများတွင် ကျောင်းတော်သားဘဝတုန်းက မိမိတို့ တွေ့ကြုံခဲ့စားကြားနာခဲ့ဖူးသော ဟာသရသပုံဝတ္ထုများကို တစ်ဆင့်ဖောက်သည်ချရင်း စမ်းပြန်ရင်း ရယ်ပွဲဖွဲ့လို့ မဆုံးနိုင်အောင် ရှိဘိလေသည်။

စင်စစ် ရွှေကျောင်းပျော် ရှာဦးကျောင်းဟာသရသပုံဝတ္ထု များမှာ ခေတ်မီမြို့ပြ အနုံ့အသက်ကင်း၍ ရိုးရာနုံ့သင်းကာ ချစ်ခင်နှစ်သက်ဖို့ ကောင်းနေသည်သာမက လူ့ဘဝအဖိုးတန် သင်ခန်းစာများလည်း ပြည့်လျှမ်းနေသည်ဟု ခံစားမိပါသည်။

ကျွန်တော်တို့သည် ရှာဦးဘုန်းတော်ကြီးကျောင်းဝန်းကျင်တွင် 'ရွှေကျောင်းပျော်'ခဲ့ကြပါ၏။

ငယ်စဉ်ကပင် မြန်မာ့ရိုးရာ စကားပုံများနှင့် ရှာဦးကျောင်းဝန်းကျင် ဟာသရသပုံဝတ္ထုများကို စွဲလမ်းခဲ့ကြသည့် အလျောက် ကြားနာဖတ်ရှု စုဆောင်းမှတ်သားတတ်ခဲ့ ဖူးကြပါသည်။ တစ်ချို့ ပုံဝတ္ထုများမှာ ဆရာတော်ဘုရားကြီးများ၏ စကားပုံ ဥပမာများတွင် ပါဝင်နေသည်ကို တွေ့ရနိုင်ပါ၏။ ဤစုစည်းမှုတွင် အခြားသော ပုံဝတ္ထုစာအုပ် အသီးသီးနှင့်လည်း သွားရောက်တိုက်ဆိုင် ပါရှိနိုင်သည်ကိုလည်း ဝန်ခံပါသည်။ ပျံ့နှံ့မှု ကာလဒေသ နည်းပါးသေးသည့် ရွှေကျောင်းပျော် ဟာသရသ ပုံဝတ္ထု အသစ်အဆန်းများလည်း ဤစုစည်းမှု၌ ပါဝင်ဖြည့်ဆည်း ထည့်သွင်းထားပါသည်။

အကြောင်းအချက် ရည်ရွယ်ရင်း တူညီသော်လည်း ခေတ်ကာလအခိုန်အခါ၊ ဒေသယဉ်ကျေးမှု စရိုက်လက္ခဏာနှင့် ပြောဟောသူ၏ အာဝဇ္ဇာန်းတို့ကို တည်မှီလျက် အစိတ်အပိုင်းအချို့ ကွဲလွဲသည့် ပုံဝတ္ထုများကို တွေ့ရှိသော် စကားတန်ဆာ လွန်သွားသော အဆင်ကွဲ အသွင်ကွဲ ပုံဝတ္ထုများအဖြစ် မှတ်ယူ မြတ်နိုးကြရပါမည်။ ပုံပြင်ဟူသည် ပါးစပ်ရာဇဝင်ထက်ပင် လူထုသုံး လက်တန်းသုံးဖြစ်၍ 'တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း' ကြမည်ပင်။

မည်သို့ပင်ဆိုစေ၊ ကိုယ်ပိုင်မျိုးရိုးဗီဇ ဟာသဓာတ် ရေခံမြေခံတွင် သန္ဓေပါကြီးရင့်လျက် အမျိုးဘာသာ သာသနာ ဖက်တွယ်စိတ် အရင်းခံဖြင့် ရှေကျောင်းပျော်လာခဲ့ကြသော ကျွန်တော်တို့သည် အဟောင်းမို့ မပစ်သလို အသစ်မို့ ချစ်နေကြဦးမည်ဟု ရိုးသားစွာ ယုံကြည်မိပါသတည်း။

တင်အောင်ထွန်း [သုတေသန]



ဟာသရသဖြင့်
ပြုစားပျော်ရွှင်သော လူမျိုး

မြို့ပြရပ်ကွက်တစ်ခု စျေးသွားလမ်းပေါ်တွင် ဖြစ်၏။

မူလတန်းရွယ် ရှုပ်ပျာပျာနှင့် ကလေးမတစ်ဦး ဌက်ပျောခွံ့ တက်နင်းမိ၍ ချော်လဲသွား၏။ လက်ထဲမှ ချိုင့်ငယ်မှာ ကလေးမနှင့် တစ်လံလောက်အကွာတွင် ကိုယ်တစ်ခြားအဖုံးတခြားစီ ဖြစ်သွား၏။ ကလေးမ၏ ပါးပြင်ကလေး ရှက်သွေးဖြင့် နီမြန်းသွားပြီး လဲနေရာမှ လူးလဲထ၏။

ကလေးမ၏ ဦးလေးတော်သူက မနီးမဝေးမှ 'ဟဲ့-မိမာ ငါ့တူမ ဒီနားလာခဲ့၊ ငါထူပေးမယ်' ဟုပြုံးလျက် လှမ်းပြော၏။

မိမာဟူသော ကလေးမသည် အရှက်ပြေသွားကာ ပြုံးလျက် 'ငါးပြားစေ့ ကုန်းကောက်တာပါ ဦးလေး'ဟု ပြောရင်း ချိုင့်ကို ကောက်ယူ၍ စျေးဖက်ထွက်သွားလေ၏။

တူမလုပ်သူအား ရယ်စရာဖြင့် စ,လိုက်ရသည့်အတွက် ဦးလေးမှာလည်း ပြုံး၍ ကျန်ရစ်ခဲ့ပါသည်။

× × × × ×

မြို့တော်ကြီးနှစ်ခု ဆက်သွယ်ထားသည့် အဝေးပြေး ကားလမ်းမကြီးပေါ်တွင် ဖြစ်၏။

"မောင်း ဆရာရေ မောင်း. . . မောင်း"

"ဟဲ့ ဘယ်ကလာ ဒီမှာ (မောင်း) ရနိုင်ပါ့မလဲ ကလေးရဲ့၊ ဘုရားစျေးရောက်မှ ပူဆာပေါ့"

"ဟုတ်ပါ့ဗျာ၊ ဒီကလေး ဘယ်သူ့ကလေးလဲဗျို့"

" မလုပ်ပါနဲ့ ကျုပ်ကလေးပါဗျာ၊ အဲဒါတွေကြောင့် ကျုပ်က ခေါ်မလာချင်တာ၊ သူ့အမေ တည့်လိုက်လို့"

"ဝါး"

တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကျောင်းပိတ်ရက်တစ်ခုတွင် လူစုကားငှား၍ ဘုရားဖူးထွက်ခဲ့ရာ ပေါက်တောအရောက် ကားရပ်ကာ 'ပေါက်' ကြပြီးနောက် ကားပြန်အထွက် ကားပေါ်တွင် ဟာသဌက်များ မြူးပျံ့သွားခဲ့ကြခြင်းပင်။

× × × × ×

ကျေးလက်တောရွာ ဆိပ်ကမ်းတစ်ခုတွင် ဖြစ်၏။

နံနက်အချိန် ဈေးသွားမော်တော်တစ်စင်း ထွက်ခါနီး အဒေါ်ကြီးလင်မယားမှာ အထုပ်အပိုးများ မနိုင်တနိုင်ဖြင့် အော်ဟစ်လက်ပြ၍ ပြေးလာနေ၏။ မော်တော်သမားသည် တင်ပြီးသား ကုန်းပေါင်ကို ပြန်ချ၍ အချက်ပြစောင့်နေရ၏။

ခရီးသည် အဒေါ်ကြီး လင်မယားမှာ ကမ်းနဖူးအနီး ရောက်သော် မော်တော်နှင့် မဝေးတော့ရာ ပြေးလာနှုန်းပျော့ ကျသွား၏။

မော်တော်သမားက လှမ်း၍ပြောသည်။

"လာ လာ. . . ပြေးခဲ့ ပြေးခဲ့၊ ပြေးခမပေးရဘူး အဒေါ် ရဲ့ ပြေးခဲ့ပြေးခဲ့"

အဒေါ်ကြီးလင်မယားကား ဟောဟဲလိုက်နေသည့် ကြားမှ အပြိုးလန်းကာ အပန်းပြေသွား၏။ စီးနင်းရမည့်ယာဉ် အပေါ် မိမိရောက်ပြီးပါက လိုရာသို့ အမြန်ရောက်ချင်နေသော မော်တော်ပေါ်မှ ခရီးသည်များမှာလည်း စိတ်အိုက် ညည်းညူ နေရာမှ မော်တော်သမား၏ ဟာသအစွမ်းကြောင့် ပြုံးပန်း တစ်ရာ ဖူးပွင့်သွားကြလေတော့၏။

× × × × ×

လူဘဝ အဖိုးတန်ရတနာတစ်ခုအား နေရာတိုင်းတွင် လွယ်လွယ်နှင့် လွတ်လွတ်လပ်လပ် ရရှိနိုင်ခြင်း အခွင့်အလမ်း

ကို ကျွန်တော်တို့ မြန်မာလူ့အဖွဲ့အစည်းအတွင်း ချိုမြိန်စွာပိုင်ဆိုင်ထား၏။ ဟာသကို ခုံမင်တတ်၍ ဟာသဖြင့်ပြုစားလွယ်ကာ ပြုံးရွှင်ရယ်မောတတ်ခြင်း ဓလေ့စရိုက်တစ်ခုတည်းနှင့်ပင် ကိုယ့်ရေမြေ ကိုယ့်လူမျိုးအား ကျွန်တော်တို့မှာ စွဲလမ်းမြတ်နိုးနေကြရပေသည်။

ကျွန်တော်တို့လူမျိုးသည် နေရာတကာတွင် ဟာသဖြင့်နေထိုင်ကြ၏။ ဟာသဖြင့် ရောင့်ရဲလွယ်ကြ၏။ ဟာသဖြင့် ကျွမ်းဝင်ရင်းနှီးကြ၏။ ဟာသဖြင့် ချမ်းမြေ့ပျော်ရွှင်ကြ၏။ ကိုယ်ပိုင်မျိုးရိုးဗီဇ ဟာသဓာတ်သည် ကျွန်တော်တို့လူမျိုးအတွင်း ပျံ့နှံ့ပျော်ဝင်လျက်ရှိသတည်း။ ❑

သက်နှ်းရိုသေရမည်

တစ်ခါက ရွာတစ်ရွာတွင် ငယ်ဖြူ ရဟန်းတစ်ပါးနှင့် ဆင်ခြေအပေးကောင်း ဦးပဉ္စင်းကြီးတို့ ရွာဦးကျောင်းတွင် သီတင်းသုံး နေထိုင်ကြသည်။

တစ်နေ့တွင် တစ်ဖက်ရွာမှ အလှူသို့ လယ်တောကို ဖြတ်၍ နှစ်ပါးကြွကြသည်။ ဝါတွင်းမိုးနှောင်းကာလ လယ်တွင် စပါးပင်များ ခါးလောက်ရောက်နေပြီ ဖြစ်သော်လည်း မိုးမကုန်တတ်သေး၍ ရွှံ့ညွန်များရှိနေသေးသည်။ လယ်ကန်သင်းရိုးပေါ်ကနေ နှစ်ပါး ရှေ့နောက် စကားတပြောပြောနှင့် လျှောက်လာရင်း ရဟန်းတော်က နောက်သို့ စောင်းငဲ့အကြည့် ဦးပဉ္စင်းကြီး သာမဏာသာရုပ (ရဟန်း၏ ကြည်ညိုဖွယ် အမူအရာ) မဖြစ်၍ သတိပေးပြောဆိုသည်။

"ဦးပဉ္စင်းကြီး သက်နှ်းကို အလွန်အကျွံ မပင့်နဲ့လေ၊ ပေါ်နေပြီ၊ လူမြင်မကောင်းဘူး"

ဆင်ခြေအပေးကောင်း ဦးပဉ္စင်းကြီးမှာ ပင့်ကိုင်ထားသော ပေါင်ဝက်ရောက်နေသည့် သက်နှ်းကို အောက်သို့ ကပျာ

လျှောချရင်း ရှေ့မှ ဦးပဉ္စင်းအား ဆင်ခြေပေး လျှောက်ထား လိုက်သည်မှာ. . .

"သက်နှ်း ရွှံ့ပေမှာ စိုးလို့ပါဘုရား။ အရှင်ဘုရားပဲ အရဟတ္တဓဇမို့ သက်နှ်းရှိသေရမယ် အမိန့်ရှိထားတာ ဟိုဟာ ရှိသေရမယ် မပြောပါဘူး" ဟူသတတ်။

ရှေ့မှကြွနေသော ရဟန်းတော်မှာ ပြုံးတော်မူရင်း ခေါင်းညိတ်၍သာ နေလိုက်ရတော့လေသည်။ ❑

ဘုန်းကြီးသုံး ဆား

ရွာတစ်ရွာတွင် ဒါယကာတစ်ဦးသည် ရွာဦးကျောင်းသို့ အလှည့်ကျ ဆွမ်းအုပ်သွားပို့ရင်း ဘုန်းတော်ကြီးနှင့် အာလာပ သလ္လာပစကား ပြောဆိုသည်။ ပြန်ခါနီးတွင် 'အရှင်ဘုရား ဘာမှာဦးမလဲဘုရား၊ တပည့်တော် မနက် မြို့သွားမလို့ ဘုရား' ဟုလျှောက်ထား၏။ ဘုန်းတော်ကြီးမှာ လက်ဖက်ရည်စားပွဲပေါ်မှ ဆားပုလင်း လက်ညှိုးထိုးပြပြီး လမ်းကြုံပါက ဆားပုလင်း နှစ်လုံးလောက်ကပ်ပို့ခဲ့ရန် မှာလိုက်လေသည်။

ဒါယကာလည်း မြို့ရောက်သည့်အခါ မိမိကိစ္စပြီးလျှင် ဘုန်းတော်ကြီးမှာလိုက်သော ဆားကို အပူတပြင်း ရှာလေသည်။ ဘုန်းတော်ကြီးက မမှာစဖူး မှာသဖြင့် ထိုကိစ္စ ဆောင်ရွက်ပေးချင်နေပေ၏။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် မေးပါသော်လည်း မေးလို့ပင်မရရှိဘဲ အချိန်ကုန်သဖြင့် ပြန်ခဲ့ရလေသည်။

ရွာပြန်ရောက်သော် အကျိုးအကြောင်းကို ဘုန်းတော်ကြီးအား လျှောက်ထားသောအခါ ဘုန်းတော်ကြီးက 'ဆားမရှိတာတော့ မဖြစ်နိုင်ဘူးနဲ့တူတယ် ဒကာ' ဟုအမိန့်ရှိ၏။

"တပည့်တော်လဲ ဆိုင်တွေ့တိုင်း လျှောက်မေးတာပဲ၊ အားလုံးက ခေါင်းရမ်းပြတာချည်းပဲ ဘုရား"

"တန်တော့ ဒကာ အမေးမှားပြီနဲ့တူတယ်။ ဆို ဒကာက ဆိုင်တွေမှာ ဘယ်လိုမေးသတဲ့တုန်း"

"အရှင်ဘုရားရယ်၊ ဒီဆားက တပည့်တော်တို့ရွာမှာ လူ ဒကာတွေမှ မသုံးဘဲနဲ့ ဘုန်းကြီးပဲ သုံးတာဆိုတော့ ဘုန်းကြီး သုံးဆားလို့ပဲ မေးတာပေါ့။ သံယာတွေသုံးဖို့ ထုတ်ထားတဲ့ဆား မဟုတ်ဘူးလား ဘုရား"

ဘုန်းတော်ကြီးမှာ ဣန္ဒြေနှင့် ရယ်မောရင်း 'စားပွဲတင် ဆားလို့ မေးရတယ် ဒကာကြီး' ဟုအမိန့်ရှိလိုက်လေသတည်း။



လူလား ၄ကိလား

လူလား ၄ၣ်လား

တောရွာ ကျောင်းတစ်ကျောင်းမှ တောထွက် ဦးပဉ္စင်းကြီးတစ်ပါးသည် ကျောင်း နောက်ဖေးခြံကို တစ်ပါးတည်း ကာရံနေလေသည်။

နေ့ဆွမ်းစားပြီး၍ အာရာမ်ကာရံမှုကို ဆက်လက်ပြုလုပ်ရန် ကျောင်းနောက်ဖက် ခြံသို့အလာ ခြံပြင်ဘက်ရှိ ရေတွင်းပျက်ဆီမှ လူအော်သံလိုလို ကြားရသဖြင့် ရေတွင်းပျက်ရှိရာသို့ ချဉ်းကပ်သွားပြီး ရေတွင်းထဲ ငုံ့ကြည့်လိုက်သည်။

"ဘရာ. . . ကယ်တော်မူပါ ဘရာ"

ရေတွင်းထဲတွင် လူကျနေသည်မှာတော့ သေချာ၏။ ရေတွင်းပျက်မှာ သစ်ပင်ခြုံနွယ်များ ပေါက်ရောက်ပြီး မည်းမှောင်နေသဖြင့် ဘာမှမမြင်ရပေ။

ဦးပဉ္စင်းကြီးသည် ခြံကာနေရာသို့ ပြန်လာကာ ဝါးခက်များပါသည့် ဝါးနက်ဝါးတစ်လုံးကို ယူ၍ ရေတွင်းထဲချပေးလိုက်သည်။ ရေတွင်းထဲမှ လူသည် ဦးပဉ္စင်းကြီးချပေးသော ဝါးလုံးမှ ဝါးခက်များကို နင်း၍ တွင်းပေါ်သို့ တက်လာနိုင်သဖြင့်

ဆင်းရဲဒုက္ခမှ လွတ်မြောက်ခဲ့လေသည်။ ဦးပဉ္စင်းကြီးအား ကျေးဇူးတင်ကာ တွင်းနှုတ်ခမ်းမှာပင် ဦးတတင်တင်နှင့် ရှိတော့သည်။

ဦးပဉ္စင်းကြီးသည် မျက်စိမှုန်မှုန်နှင့် ထိုသူအား ကြည့်လိုက်ရာ ကျောင်းအနီးအပါးတွင် နွားကျောင်း၊ ဆိတ်ကျောင်းကုလားတစ်ယောက် ဖြစ်နေသည်ကို တွေ့ရ၏။ နွားများ ဆိတ်များ ကျောင်းထဲသို့ မကြာခဏ ဝင်ရောက်တတ်သဖြင့် ထို နွားကျောင်းသားကုလားများကို ဦးပဉ္စင်းကြီး မျက်စိထဲတွင် သိပ်ကြည့်၍ရခဲ့သည် မဟုတ်ပေ။

"ဟင်. . . ငါ့ လူလားလို့"

ဦးပဉ္စင်းကြီး၏ ရေရွတ်သံကို ကြားသော် သွားအဖြီးသားနှင့် ကုလားမှာ ကျေးဇူးတင်နေရာမှ အောင့်သက်သက် ရှိသွားလေ၏။ ဦးပဉ္စင်းကြီးအား ကုလားလေသံနှင့် ပြန်လျှောက်ကြားသည်မှာ. . .

"ဘရာ တစ်ခါတည်း လူမဟုတ်လို့ ငက်လား ဘရာ" ဟူသတည်း။ ❑

---

၈၁ တုတ်လိုက်ရ

ဗမာအို ကျောင်းကြီးကျောင်းကြားဟု စကားပုံတစ်ခု ရှိလေသည်။ ကပ္ပိယကြီး ဦးဖိုးသီးအဖို့ ပိုမှန်လေသည်။

ဦးဖိုးသီးမှာ သားသမီး မထွန်းကား။ ဇနီး ကွယ်လွန်ပြီး အားကိုးရာမဲ့ အဘိုးအိုဘဝတွင် ရွာဦးကျောင်း ဆရာတော်က ကျောင်းသို့ ခေါ်၍ ကပ္ပိယပြုထားလေသည်။ သို့သော် ငယ်စဉ်က သားထိုးမုဆိုးလုပ် ဝါသနာနှင့်အတူ ပါလာသည့် အဆဲဝါသနာမှာ သတိလွတ်တိုင်း ပေါ်လာမြဲဖြစ်သည်။ ကျောင်းသားကိုရင်များကလည်း ဘုန်းတော်ကြီး အလစ်တွင် စ,တတ် နောက်တတ်ကြရာ အနှီဝါသနာကို အသက်ဆက်ပေးသလို ဖြစ်နေသည်။

ကပ္ပိယကြီး ဦးဖိုးသီး၏ အဆဲဝါသနာကို ဖျောက်ဖျက်ဖို့ရာ တစ်နေ့တွင် အဖြစ်အပျက်ကလေးတစ်ခု ပေါ်ပေါက်လာသည်။ ကျောင်းတွင် ကျောင်းအိပ်ကျောင်းစား ကျောင်းသားများရှိသည့်အနက် အချို့မှာ ညကြီးသန်းခေါင် အပေါ့အပါးသွားလိုသည့်အခါ အဖော်ကိုလည်း နှိုးခေါ်မရ ရှိတတ်

သဖြင့် သရဲကြောက်ကြောက်နှင့် ကျောင်းကြမ်းပေါက်ကြား သော်လည်းကောင်း၊ ကုဋ္ဌီ လမ်းဘေးသော် လည်းကောင်း အပြေးအဖြန်း စွန့်ထားတတ်လေသည်။ မနက်ရောက်၍ တန်းစီ စစ်သောအခါ တရားခံ ဘယ်တော့မှ မပေါ်ဘဲ ကျောင်းသားများ သန့်ရှင်း၍ မပြောင်လျှင် နောက်ဆုံး ဘုန်းတော်ကြီးက ကပ္ပိယကြီးကိုသာ ကုသိုလ်ပေးတတ်လေ သည်။

ယနေ့နံနက်လည်း ကုဋ္ဌီသွားလမ်း စကြီ်ပေါ်၌ ကျောင်း သားတစ်ဦး သို့မဟုတ် ကိုရင်တစ်ပါး ထိုအမှုမျိုး ကျူးလွန်ထား ပြန်ပြီ။ ကျောင်းသား ကိုရင်ထဲမှ တစ်ဦးစ နှစ်ဦးစ နံနက်ထ ကတည်းက မြင်ပြီးဖြစ်သည်။ ဦးစွာမြင်သူ တရားခံဖြစ်မည် စိုး၍ ထုံးစံအတိုင်း မသိချင်ယောင်ဆောင် ထားကြလေသည်။

ရေနွေးကြမ်းဝိုင်း အနီးတွင် ဘုန်းတော်ကြီးနှင့် စကား စမြည် ပြောဆိုပြီး၍ နောက်ဖေး နောက်ဖီထွက်ရန် ကျောင်း ပေါ်မှဆင်းလာသော ကပ္ပိယကြီးမှာ စကြီ်လမ်းမှ အနိဋ္ဌာရုံကို မြင်လိုက်သည်နှင့် ထုံးစံအတိုင်းပင် နှုတ်မှ ဖရုသဝါစာများ ထွက်အံ့၍ လာတော့၏။

"မအေတွေ ဒါ ဘယ်သူ ပါသလဲကွ။ ငါ တုတ်လိုက်ရ ကုန်ရော့မယ်"

ကပ္ပိယကြီး အဆဲသန်သမျှ အနီးရှိကျောင်းသားများ ဝိုင်းရယ်ကြမှ သူ့စကား သူသတိရသည်။ ငါနှင့်ကိုင်၍ ဆဲလိုက်မည်ဟု ဆိုလိုခြင်း ဖြစ်သော်လည်း စားခြင်း၏ အခြားဘန်းစကား ဝေါဟာရ တစ်ခုမှာ 'တုတ်ခြင်း' ဖြစ်ရာ မစင်အညစ်အကြေးများကို စားလိုက်မည်ဟူသော အဓိပ္ပာယ် သက်ရောက်သွားနိုင်လေသည်။ ကပ္ပိယကြီးမှာ စကားကိုပြင်၍ 'ဆဲတာကွ' ဟု ဒေါပါပါနှင့်ပြောရင်း အရှက်ပြေ ချော်လဲ ရောထိုင်ရတော့၏။

ဒါကိုပင် ကျောင်းသားတစ်ယောက်က 'ဗျို့ ကပ္ပိယကြီး တုတ်လိုက်လေ အကုန်ဗျာ၊ ဒါမှ ရေမဆေးရမှာ' ဟု အော်ပြော ထွက်ပြေးသွားချေသေးသည်။

ဘာပဲဖြစ်ဖြစ် ထိုနေ့မှစ၍ ကပ္ပိယကြီး နှုတ်မှ ငါတုတ် သံဆဲသံ မကြားရတော့ချေ။ ❑

အမည်သညာ မရှားပါ

ရွာဦးကျောင်း ဆရာတော်သည် နာမည်ပေး အလွန်ဝါသနာပါလေသည်။ နေ့သင့် နံသင့်နှင့် အမည်လှလှ ပေးသည်တော့မဟုတ်။ ဗျူပွတ်ကြည့်၍ သူ့နှုတ်ထဲရှိရာ ပေးထည့်လိုက်ပြီး ထိုအမည်ကိုပင် လူတောသူတောမရှောင် ခေါ်ဝေါ်ရာမှ နောက်ဆုံး တပည့်များ ကျောင်းထွက်သည်အထိ ရွာထဲတွင် ထိုနာမည် တွင်နေတော့သည်။

ဥပမာ-ဆရာတော့် ကျောင်းသားများထဲမှ ဦးခေါင်းခွန်သူကို 'အရမ်းခွန်'၊ ကိုရင်လူထွက်ပြီး ရွာထဲ ဟိုယောင်ယောင် ဒီယောင်ယောင် နေသူကို 'နတ်အိုးကွဲ'၊ သေးညှက်သူကို 'ညှက်စိမ်'၊ စကားနည်းသူကို 'တုဏ္ဏီဘော' စသည်ဖြင့် အမည်အသီးသီးပေးထားသည်။ လူတစ်ကိုယ် နာမည်တစ်လုံးစီ လောက်ဖြစ်ရာ ကျောင်းသားများမှာ ဆရာတော် ကျောင်းအပ်ပြီးသည်နှင့် မူလငယ်နာမည် ပျောက်တော့သည်။

ဆရာတော် နာမည်အပေး၊ကောင်းသဖြင့် ရွာထဲမှ မိသားစုတစ်စုမှာ လူနာမည် မဟုတ်ကြတော့ပေ။ ကိုဘိုနီ၊

မခွေးမ တို့တွင် သားဦးလေးမွေးရာ ကြာသပတေးသားကို ဆရာတော်ထံတွင် နေ့သင့်နံသင့် နာမည်တောင်းကြသည်။ ဆရာတော်က 'ဟဲ့ နင်တို့သားက အသားလဲဖြူ ဖအေ နာမည်လဲပါ ဘိုဖြူလို့ ခေါ်လိုက် ကောင်းမလားဟဲ့' ဆိုလိုက်ရာ သားကြီးမှာ 'ဘိုဖြူ'ဖြစ်သွားသည်။ ကြာသပတေးသမီး မွေးတော့ 'ဟဲ့ မိဖြူပေါ့ဟဲ့' ဆိုသဖြင့် 'မိဖြူ' ဖြစ်ခဲ့ပြန်သည်။

ဤသို့နှင့် ကိုဘိုနီ-မခွေးမတို့၏ သားဘိုဖြူ သမီးမိဖြူဟူ၍ မိသားစုတစ်စုလုံး ခွေးနာမည်များ ဖြစ်သွားကြလေတော့သည်။

သို့ရာတွင် ထိုအမည်များကို ခေါ်သူကခေါ်၍ လက်ခံသူကလက်ခံသဖြင့် ဘာပြဿနာမျှလည်း မပေါ်ခဲ့ပေ။ ဆရာတော်ပေးနာမည်ကို ကောင်းမွန်စွာ ခံယူထားကြသည့် အလျောက် အမည်သညာ ခေါ်စရာတစ်ခုအဖြစ်သာ သဘောထားကြပြီး လူမှုဆက်ဆံရေး နယ်ပယ်တွင်လည်း ရိုက်ခတ်မှုတစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့ကြပါ။ ❑

ဥုံမပြေး တုံပြေးပြီဟေ့

ဦးသုံ၊ ဦးမှ၊ ဦးတုံဟူ၍ ညီအစ်ကို သုံးယောက်ရှိသည့် အနက် ဦးတုံမှာ ရပ်ရေး ရွာရေး ဘာသာရေးများတွင် တက်ကြွသူဖြစ်ပေသည်။

ရွာဦးကျောင်းဆရာတော်တွင် လက်အောက် ရဟန်းငယ်တစ်ပါးပါးသော်လည်းကောင်း၊ ကိုရင်ကြီးကြီးသော်လည်းကောင်း၊ ယုတ်စွအဆုံး တောထွက်ရဟန်းအို တစ်ပါးပင် မရှိပေ။ ဆရာတော် ညဉ့်အိပ်ညနေ ခရီးထွက်သည့်အခါ ညဘက်တွင် ကိုရင်ငယ် ကျောင်းသားငယ်များနှင့်အတူ လာအိပ်ပေးရန် ဦးတုံအား ရပ်ရွာက ဝိုင်းဝန်းတာဝန်ပေးကြသည်။ ဦးတုံကလည်း ထိုတာဝန်ကို လိုလိုချင်ချင်ယူသည်။

တစ်ခုသော အကြိမ် ဆရာတော် ခရီးရက်ရှည်အကြွ ဒုတိယညတွင်မူ ဦးတုံတစ်ယောက် ကျောင်းသို့ လာအိပ်ရန် အတော်ဝန်လေးနေပေတော့သည်။ ဆရာတော် ခရီးစထွက်သည့်ညက ညကြီးသန်းခေါင် ဗိုက်နာသဖြင့် ဦးတုံတစ်ဦးတည်း မီးခွက်နှင့် အိမ်သာသို့သွားသည်။ အိမ်သာသွားပြီး၍ အပြန်

တွင်အိမ်သာဘေး သင်ခြံတောထဲမှ သရဲခြောက်ခံရတော့သည်။

ဦးတုံသည် ရုတ်တရက် ထွက်မပြေးဘဲ ရဖူးသမျှ ဘုရားစာများကို ကောက်ရွတ်ပါ၏။ သို့သော် ကြောက်ဒူးတုန်နေသဖြင့် ဘာဘုရားရှိခိုးမှ အစဖော်မရနိုင်ဘဲ နှုတ်မှ 'ဥုံ. . ဥုံ' ဟုသာ တဥုံဥုံဖြစ်နေခဲ့သည်။ သရဲမှာလည်း ထွက်မသွားဘဲ ခြောက်မြဲ ခြောက်နေသည်။

ဤတွင် ဦးတုံသည် ကြောက်သည်ထက် ကြောက်လာကာ ဒူးပင်မခိုင်တော့ဘဲ ဖြစ်လာသည်။ နောက်ကြောင်းပြန်လှည့်တဲ့ကာ 'ဟေ့. . ဥုံမပြေး တုံပြေးပြီဟေ့' ဟုအော်၍ ပြေးခဲ့၏။ အော်လည်းအော် ပြေးလည်းပြေးရင်းနှင့် ကျောင်းဆီသို့ ဘယ်လိုလုပ် ရောက်လာမှန်းပင် မသိပေ။ ကျောင်းနောက်ဖေးဝင်ပေါက်လျှောကားခုံနှင့် ခလုတ်တိုက်မိမှ အပြေးရပ်ခဲ့ရလေတော့၏။

ထိုမှစ၍ ဘုန်းတော်ကြီးခရီးထွက်၍ ကျောင်းသို့ စောင့်အိပ်ရန် သွားသော ဦးတုံကို တွေ့ကြရလျှင် ရွာသူရွာသားများက 'ဘယ်နှယ့်လဲ အဘ၊ ဥုံမပြေး၊ တုံပြေးပြီဟေ့' ဟုခင်မင်မှုဖြင့် စကြလေသည်။ ❐

အခေါ်ကြီးနှင့် နို့အေးချောင်း

ရွာဦးကျောင်း ဘုန်းတော်ကြီးသည် ရွာမှ ဒကာ ဒကာမတစ်စုကို ရန်ကုန်မြို့သို့ ဘုရားဖူးခေါ်လာသည်။ တောမြို့များသို့ပင် အရောက်အပေါက်နည်းလှသော တောသူတောင် သားများကို ရန်ကုန်မြို့လမ်းမများပေါ်တွင် ထိန်းသိမ်းခေါ်ဆောင်ရသည်မှာ မလွယ်ကူလှပေ။ မြို့ပြ၏ အာရုံသစ်များနှင့် ထိတွေ့ဆက်စပ်မှု နည်းပါးလှသဖြင့် ဘာမဆို ထိတ်ထိတ်ပျာပျာ ရှိလှတော့သည်။ ကားကြောက်ပြီး လမ်းလယ်ခေါင်တွင် ဘုန်းတော်ကြီးအား ဖက်သူဖက်နှင့် အတော်တော့ ဒုက္ခများလှ၏။

ဘုရားတစ်ဆူနှင့် တစ်ဆူအကြား ခရီးမှာ မကွာဝေးလှသဖြင့် လမ်းစရိတ် အကုန်မခံဘဲ ခြေကျင်လျှောက်စေပြီး ဘုရားမုခ်အတက်တွင် ခေတ္တနားစေသည်။ ခေတ္တနားခိုက် မနီးမဝေးတွင် နို့အေးချောင်းသည် တွေ့ရာ ဘုန်းတော်ကြီးက ခေါ်ယူဝယ်၍ အမောပြေရေတံပြေ တစ်ခုစီ ဝေပေးသည်။

ဘုရားဖူးများအနက် မြို့ရပ်သို့ ရောက်ဖို့ဝေးစွ၊ ကြားဖူးနားဝလည်း ပိုမိုနည်းပါးသူ အဒေါ်ကြီးတစ်ဦးမှာ ဦးစားပေးခံရပြီး အစောဆုံး နို့အေးချောင်းရရှိသည်။

အဒေါ်ကြီးသည် ဘုန်းတော်ကြီး ဝေပေးသော နို့အေးချောင်းကို ယူတဲ့ပြီး ရေဆာဆာနှင့် ပါးစပ်ထဲ ထိုးထည့်လိုက်သည်။ နို့အေးချောင်း အအေးဒဏ်ကို မခံနိုင်ဘဲ ချက်ချင်းပါးစပ်ထဲမှ ထွေးထုတ်ကာ လက်ထဲမှ နို့အေးချောင်းကိုလည်း အဝေးသို့လွှင့်ပစ်လိုက်သည်။

ထိုအခြင်းအရာကိုကြည့်ပြီး ဘုန်းတော်ကြီးရော အတူပါ အဖော်များပါ ခွက်ထိုးခွက်လန် ရယ်မောနေကြစဉ် ထို အဒေါ်ကြီးသည် ကပျာကသီ မတ်တတ်ရပ်ကာ လုံချည်ကို ပါ ပြင်ဝတ်ပြီး လွှင့်ပစ်ထားသော နို့အေးချောင်းရှိရာသို့ သွား၍ ခြေဖျားနှင့် တို့ကြည့်သည်။ ပြီး. . ပြန်တွန့်လာကာ နှုတ်မှ ရေရွတ်လိုက်သည်မှာ 'ဟင်း- ခြေထောက်တောင် မခံနိုင်ဘဲ ဘယ်လိုလုပ် စားမလဲ' ဟူသတည်း။ ❐

သူခိုးဖမ်းနည်းသစ်

ရဟန်းတော်တစ်ပါးအနေနှင့် ပစ္စည်းဥစ္စာ သိုမှီးသိမ်းဆည်းခြင်းကို ရှင်တော်ဗုဒ္ဓ လိုလားနှစ်သက်တော် မမူပေ။ ကျောင်းကန် အာရာမ်လို ထာဝရ ပစ္စည်းကအစ စားသောက်ဖွယ်လို တာဝကာလိက၊ ယာဝကာလိက ဝတ္ထုအဆုံး သိက္ခာပုဒ်ပညတ်ချက်များဖြင့် တားဆီးကာကွယ်ထားသည်။ ဥစ္စာပစ္စည်းသိုမှီးသိမ်းဆည်းခြင်းအားဖြင့် ပစ္စည်းအတွက် ကြောင့်ကြစိုက်ရမှု ပလိဟောဓသည် ပရိယတ် ပဋိပတ် အားထုတ်မှုအားတစ်နည်းမဟုတ် တစ်နည်း ထိခိုက်စေနိုင်ပေသည်။

ဦးပုညမှာ ရဟန်းငယ် ရှစ်ဝါမျှနှင့် ရွာဦးတွင် ကျောင်းထိုင် ဘုန်းကြီး ဖြစ်လာသည်မှာ မကြာသေးပေ။ မန္တလေးမြို့တွင် စာသင်တက်ရောက်နေဆဲ ငယ်ဆရာတော် ပျံလွန်သဖြင့် စာတစ်ပိုင်းတစ်စနှင့် ရွာတွင် ကျောင်းပြန် ထိုင်နေရသည်။

ပဋ္ဌင်းငယ် တစ်ပါး၏ လွတ်လပ်မှုအပြည့် စာသင်သားဘဝလေးကို စွန့်ပယ်ကာ အစစ တာဝန်ဝတ္တရားအပြည့်

ကျောင်းထိုင်ဘုန်းကြီးဘဝမှာ လူဝတ်ကြောင်တွင် အိမ်ထောင်ကျသွားသည့်နှယ် မလွတ်လပ်တော့ပါ။ ကျောင်းထိုင်ဘုန်းကြီးဘဝ ကိုက ကျောင်းအာရာမ်နှင့် ဂေါစရဂါမ်ကို ထိန်းသိမ်းရခြင်းဖြစ်ရာ သိုမှီးသိမ်းဆည်းမှု ပါနေလေပြီ။ ကျောင်းအာရာမ်သာယာရေးသာမက ကျောင်းသို့ ဧည့်သည် အာဂန္တု ရုတ်တရက် ကြွရောက်လာလျှင် ဂုဏ်သိက္ခာ မငယ်ရလေအောင် အထိ ကြောင့်ကြစိုက်နေရလေပြီ။

ရွာထဲမှ ဒါယကာ မြို့တက်၍ အပြန် လျှုဒါန်း၍ဖြစ်စေ မြို့မှာ သွားရောက်ပြီး ကြီးပွားနေကြသော ဒါယကာများက လှမ်းလျှုဒါန်း၍ ဖြစ်စေ နို့ဆီ၊ သကြား၊ မုန့်ပဲသွားရေစာများ လက်ခံရရှိတတ်၏။ ထိုပစ္စည်းများ ရက်ရှည်ထား၍ ရလျှင် ရုတ်တရက် ရောက်လာသော ဧည့်သည် အာဂန္တုအား ဧည့်ခံနိုင်ရန်အတွက် အပ်သောနည်းဖြင့် သိုမှီးသိမ်းဆည်း ထားရှိရတတ်သေးသည်။ တစ်ရံတစ်ခါ သိုမှီး သိမ်းဆည်းမှု လွန်သဖြင့် မကောင်းတော့၍ လွှင့်ပစ်ရ တတ်သည်လည်း ရှိသေးသည်။ အများအားဖြင့်တော့ အချိန်မလွန်ခင် ကိုရင်ကျောင်းသားများအား ဝေဌပစ်ခြင်းဖြင့် အလဟဿဖြစ်မည့်အရေးမှ တားဆီးလိုက်နိုင်တတ်သည်။ ကိုရင်ကျောင်းသားများမှာလည်း ထိုသို့ အစားအသောက်များ သိုမှီးသိမ်းဆည်းထားသော ကြောင်အိမ်ကိုသာ အစာငမ်းငမ်းနှင့် အရိပ်အခြည် ကြည့်နေတတ်ပေသည်။

ကြောင်အိမ်ကို သော့နှင့်ခတ်ထားရာ သော့ခတ်မပျက်ဘဲနှင့် ယခုတလော ကြောင်အိမ်ထဲမှ စားဖွယ် သောက်ဖွယ်များ လျှောနည်းနေကြောင်း သော့ကိုင်ကိုရင်က လျှောက်သဖြင့် ဦးပဉ္စင်း ဦးပုညမှာ ကြောင့်ကြစိုက် ကြည့်ရှုရမှု ပလီဗောဓ တစ်ခုပိုနေလေသည်။ ကြောင့်ကြစိုက်ကြည့်သောအခါ ကိုရင် လျှောက်သည့်အတိုင်း မှန်ကန်နေသည်ကို တွေ့ရသည့်အတွက် ယင်းပြဿနာကို ဖော်ထုတ်ရန် ကိုရင်ဆီမှ ကြောင်အိမ်သော့ကို သိမ်းလိုက်ရပြီး ထပ်မံ သတိထားကြည့်နေလိုက်သည်။

သော့ခလောက်မှာလည်း လက်ရာမပျက်ဘဲ စားသောက်ဖွယ်ရာများသာ ကြောင်အိမ်အတွင်းမှ လျှောချင်းမလှ လျှောလျှောနေပြီး တရားခံကိုကား လက်သည်ဖော်မရဘဲ ရှိလေသည်။ ကိုရင် ကျောင်းသားထဲမှ တစ်ဦးဦးသည် ကြောင်အိမ်သော့ခလောက်ကို သော့တူ သို့မဟုတ် အလားတူ အရာတစ်ခုခုဖြင့် ဖွင့်တတ်နေသည်မှာတော့ သေချာနေလေပြီ။ ဤအတိုင်းတွက်ဆမိသဖြင့် ဦးပဉ္စင်း ဦးပုညသည် သူခိုးဖမ်းရန်နည်းသစ်စဉ်းစား၍ အကြံထုတ်ရပေပြီ။

တစ်နံနက်တွင် ကြောင်အိမ်သော့ကို သိမ်းထားလိုက်ပြီး ကိုရင် ကျောင်းသားများကိုခေါ်၍ သော့ပျောက်ကို အရှာ

ခိုင်းရာ တစ်နာရီခန့်ကြာသည်အထိ သော့ပျောက်ကို ရှာမတွေ့ နိုင်ဘဲဖြစ်နေကြတော့သည်။ ကြောင်အိမ်ထဲမှ နံ့သာပုဌက်ပျော နှစ်ဖီးမှာလည်း မှည့်ဝင်းနေပြီး ရနံ့တစ်လှိုင်လှိုင် ဖြစ်နေသည်။

"သော့ရှာခိုင်းတာ တခြားမဟုတ်ဘူးကွ၊ ဌက်ပျောသီး မှည့်နေလို့ ဌက်ပျောသီးဝေခိုင်းမလို့၊ မင်းတို့ကလည်း ကံညံ့ပါတယ်။ ဌက်ပျောသီးမှည့်ခါနီးမှ သော့ပျောက်နေတယ်၊ နောက်ရက်ဆို ဒီဌက်ပျောသီး ပစ်ရတော့မယ်"

ဦးပဉ္စင်းဦးပုညက လူစွမ်းကောင်းအား ဖိတ်ခေါ်လိုက်ခြင်းပင် ဖြစ်ပါသည်။ ဦးပဉ္စင်း၏ ပရိယာယ်ကို မသိရှာသော လူစွမ်း ကောင်းကလေးသည် ရှေ့သို့ ချက်ချင်းထွက်လာတော့သည်။ စာညံ့သလောက် လူကင်းပါးသော သျှောင်တစ်စောင်းနှင့် ဖိုးမြပင်တည်း။

'တပည့်တော် ဖွင့်ကြည့်မယ်ဘုရား' ဟုပြောကာ သူ့အိတ်ထဲမှ သံကောက်ကလေးကို ထုတ်ကာ သော့ပေါက်ထဲသို့ ထိုး၍ လှည့်သည်။ နှစ်ချက် သုံးချက်လှည့်ရုံနှင့် ကြောင်အိမ်သော့မှာ ပွင့်၍ သွားသည်။

ဦးပဉ္စင်း ဦးပုညသည် ဖိုးမြအား ချီးကျူးစကားပြော၍ အသာ ဂ္ဂန္ဒြေမပျက်စေဘဲ ဌက်ပျောသီးကို ထုတ်စေပြီး ကိုရင်

ကျောင်းသားများအား ဝေဌစေသည်။ ပြီးမှ ဖိုးမြကိုခေါ်ကာ ဤသို့ တစ်ကိုယ်ကောင်းမဆန်ဖို့နှင့် ဤအကျင့်မျိုး နောက်ပါ မသွားဖို့ ဆုံးမပြောဆိုရသည်။

ဤတွင်မှ ဖိုးမြခမျာ သူ၏ တစ်ကိုယ်ကောင်းဆန်သည့် အကျင့်အတွက်ရော အန္တရာယ်မမြင်ဘဲ လူစွမ်းကောင်း အပြကောင်းသည့်အတွက်ပါ နောင်တရမဆုံးတော့ပေ။ □



ပရိယာယ်ကောင်း အထောင်းသက်သာ

ပရိယာယ်ကောင်း အထောင်းသက်သာ

အင်းဝနေပြည်တော် ကောင်းစားစဉ်အခါက ဖြစ်၏။

တစ်ခါန်တွင် မောင်ကျဘမ်းအမည်တွင်မည့် မောင်ကျဘမ်းငယ်သည် ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းသားငယ်အရွယ်မျှသာ ရှိသေး၏။ ငယ်ရွယ်စဉ်ကပင် အကြံဉာဏ်နှင့် ပြည့်စုံသူဖြစ်သဖြင့် ကိုရင် ကျောင်းသားများမှာ အခန့်မသင့်လျှင် အပြစ်ဖြစ်နိုင်သည့် ကိစ္စများတွင် မောင် ကျဘမ်းငယ်၏ အကြံဉာဏ် အကူအညီကို ရယူကြရ၏။

တစ်ခုသောနေ့တွင် ဘုန်းတော်ကြီးသည် တစ်ခြားရွာသို့ အလှူပင့်၍ ခရီးထွက် ကြွသွားသည်။ ဘုန်းတော်ကြီး မရှိသော အခါ ဆွမ်းခံကျောင်းသားများမှာ အတန်းစေ့အောင် ဆွမ်းခံမှု မပြု ကြသည့်အပြင် ရွာထဲမှ ဒကာ ဒကာမများမှာလည်း ဘုန်းတော်ကြီးရှိတုန်းလို ဆွမ်း, ဆွမ်းဟင်း ဂရုစိုက်မလောင်း ကြတော့ပေ။ ထိုအခါ ကျောင်းရှိ ကိုရင်နှစ်ပါးမှာ နံနက်က ဆွမ်းစားရာ အာသာမပြေ၍လည်း တစ်ကြောင်း၊ ဘုန်းတော်ကြီး မရှိသဖြင့် သူငယ်တို့ဘာဝ အဖော်အပေါင်းနှင့်

စွန့်စားလို၍ တစ်ကြောင်း ထုတ်တန်းတွင် ချိတ်ဆွဲထားသော သကာအိုးကို ကြည့်၍ သွားရည်တမျှားမျှား ကျနေကြတော့သည်။

ဤတွင် ကိုရင်နှစ်ပါးသည် မောင်ကျဘမ်းငယ်အား ဆည်းကပ်အကြံယူရတော့သည်။ မောင်ကျဘမ်းငယ်ပေးသော အကြံ ဉာဏ်ကို အသုံးပြုကြသဖြင့် မကြာမီမှာပင် ဘုန်းတော်ကြီး၏ သကာအိုးမှာ တက်တက်ပြောင်လေတော့သည်။

ဘုန်းတော်ကြီး ခရီးမှ ပြန်ရောက်၍ သကာအိုးကို သုံးမည်ဟု ဖြုတ်ယူစေသောအခါ နတ္ထိဖြစ်နေသော သကာအိုးကိုတွေ့ရသဖြင့် ကျောင်းသားများအား ခေါ်ယူစစ်မေးသည်။ မောင်ကျဘမ်းငယ် အပါအဝင် ကျောင်းသားများမှာ တုတ်တုတ်မျှ မလှုပ်ကြပေ။

ကိုရင်နှစ်ပါးအား ခေါ်ယူစစ်မေးသောအခါ ကိုရင်တစ်ပါးက-

"တပည့်တော် သကာအိုးထားရာအောက် ခြေရာတောင်မချမိပါဘူး ဘုရား"

နောက်ကိုရင်တစ်ပါးက-

"တပည့်တော်လည်း သကာအိုးကို မော်လို့တောင် မကြည့်မိပါဘူး ဘုရား"

ကိုရင်နှစ်ပါးစလုံး အတိုင်အဖောက်ညီညီ လျှောက်တင်လာကြ၏။

ပထမသော် ဆရာ ဘုန်းတော်ကြီးသည် ကိုရင်နှစ်ပါး၏လျှောက်ထားချက်အထူးကို သာမန်မျှတွေးဆကာ တရားခံပေါ်မည့်လမ်းမမြင်သဖြင့် အကြံအိုက်သွားသည်။ ခိုးခြင်းထက်သိလျက်နှင့်ဖုံးကွယ်ပြီး လိမ်လည်ခြင်းက ပြစ်ဒဏ်ပိုကြီးကြောင်း၊ ခိုး၍ နှစ်ချက်အရိုက်ခံရလျှင် လိမ်လည်ခြင်း ပြစ်မှုအတွက် လေးချက် အရိုက်ခံရမည်ဖြစ်ကြောင်း ပြောထားပြီး ဖြစ်၏။

စဉ်းစားရင်း ကျောင်းသားများဘက် လှည့်ကြည့်သည်တွင် မောင်ကျဘမ်းငယ်အား လှမ်းမြင်လေရာ ကိုရင်များ၏ လျှောက်ပုံအထူးတွင် ကေန္ဓ မောင်ကျဘမ်းငယ်၏ အကြံဉာဏ်ပါရမည်ဟု တွက်လိုက်မိသည်။ မောင်ကျဘမ်းငယ်အား တစ်ဦးတည်း မတ်တတ်ရပ်စေ၍ စစ်မေးလိုက်သည်။

မောင်ကျဘမ်းငယ်ကလည်း ထိန်ဝှက်မထားဘဲ သူ့အကြံပေးသောနည်းကို လျှောက်ထား၍ ကိုရင် နှစ်ပါးအား သရုပ်ပြခိုင်းသည်။

ကိုရင်တစ်ပါး၏ ကျောပေါ်သို့ ကိုရင်တစ်ပါးအား ခွစီးပြီး သကာအိုးရှိရာသို့ ကုန်းပိုးလျက်သွားသည်။ သကာအိုး

တည့်တည့်ရောက်သောအခါ ရပ်၍ ကျောပေါ်မှ ကိုရင်က သကာအိုးထဲမှ သကာများကို နှိုက်ယူဟန်ပြုသည်။

ဤတွင်မှ ဘုန်းတော်ကြီးမှာ သဘောပေါက်သွားပြီး ပြုံးလိုက်လေ၏။ ကျောပေါ်မှ ခွစီးသော ကိုရင်က သကာအိုး အနီး ခြေတော်ရာ ချစရာအကြောင်း မရှိသလို အောက်မှ ကုန်းပိုးထားသော ကိုရင်ကလည်း သကာအိုးကို မော့ကြည့် မိစရာအကြောင်း ရှိပါဦးမည်လော။

မောင်ကျဘမ်းငယ်၏ ပရိယာယ်ကောင်းပုံကို သဘောကျနှစ်သက်မိသဖြင့် ဘုန်းတော်ကြီးသည် အပြစ်ရှိသူ ကိုရင်နှစ်ပါးအား ရိုက်နှက်ဆုံးမခြင်း မပြုဘဲ သဲဇက်ရေဒက် သာ ပေးလိုက်လေသတည်း။ ❑

ဖျားတဲ့ခင်ကြီး

မြန်မာစာပေတွင် စာရင်းဝင် စာဆိုတော် စိန္တကျော်သူ ဦးသြသည် ဒေသန္တရခရီး ထွက်လာရင်း ရွာပြဆိုသော ရွာတစ်ရွာသို့ ရောက်ရှိ၏။ ကျေးလက်တောရွာများသို့ ရောက်လျှင် ပညာရှိတို့အဖို့ စာနှင့်ပေနှင့် နီးစပ် ဝင်ဆံ့မှုရှိရာ ရွာဦးကျောင်းဘုန်းတော်ကြီးထံသို့ ဝင်ရစမြဲ ဖြစ်ပေသည်။

ရွာပြဆရာတော်သည် စိန္တကျော်သူ ဦးသြအား ကောင်းမွန်စွာ ကြိုဆိုဧည့်ခံလေသည်။ စားမှုသောက်မှု ပြီးစီးသောအခါ ရွာပြဆရာတော်က ဦးသြအား အပျင်းပြေနှင့် မှတ်မှတ်ရရ စာတစ်ပုဒ်ချီးခိုင်းလေသည်။

"ဒီရွာပြလဲ ပါရမယ်၊ ဘုန်းကြီး ခဏခဏဖျားတာရော၊ အစားတွေ တွေ့ကရာစားတတ်တာရော၊ စကားများတာ ကွမ်းစားတာရော ပါရမယ်၊ ဘုန်းကြီးတူ ကျောင်းသားအောင်ကျော်လည်းပါရမယ်၊ အဲဒါ စာချီးတစ်ပုဒ်လောက် မှတ်မှတ်ရရပေါ့"

ဦးသြသည် စာချီးကို တစ်ထိုင်တည်းနှင့် ရုတ်တရက် စပ်ဆိုလိုက်ရာ ရွာပြဘုန်းတော်ကြီးမှာ သဘောကျမဆုံး ရှိတော့

လေသည်။ မှတ်မှတ်ရရ ပုရပိုဒ်တွင်ပင် ရေးကူးထားရှိလေသည်။

ကွမ်းအစ်ကြီး နီတာရဲ၊
ရှာပြီက ကိုယ်တော်၊
အောင်ကျော်တို့ တူဝရီး။
စကားတွေ တဖောင်ဖောင်နှင့်၊
တွေ့မရှောင် အကုန်စားတယ်၊
ဖျားတဲ့ ခင်ကြီး။ ။ ❑



ကျုပ်မယ်တော် ကိုးကွယ်

ဒုမင်္ဂလာဟုခေါ်သော အသုဘကိစ္စတွင် တမလွန်ကိစ္စပါနေရကား ဘာသာရေးနှင့် မကင်းပေ။ ဘာသာရေးကိစ္စဆိုတော့ ရဟန်းသံဃာများလည်း ပါဝင်လာရလေသည်။ အသုဘ သပိတ်သွတ်, သရဏာဂုံတင်ကိစ္စများပေါ်တိုင်း ရွာဦးကျောင်းကိုယ်တော်မှာ မပါမပြီးပေ။

သွားလေသူအတွက် ငိုယိုပူဆွေးနေကြသော မုဆိုးဖို, မုဆိုးမ သားသမီးများအား တရားချနေရ၏။ အနိစ္စ, ဒုက္ခ, အနတ္တဘာဝနာအကြောင်း များများဟောရ၏။ ငိုယိုပူဆွေးခြင်းအားဖြင့် သေသွားသူမှာ ပြန်မရှင်လာနိုင်သဖြင့် အဓိပ္ပာယ်မရှိကြောင်း၊ သေသွားသူအတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုပြုကာ အမျှပေးဝေခြင်း အမှုသည်သာ ထိုသူ ခံစားရရှိနိုင်သဖြင့် အဓိပ္ပာယ်ရှိနိုင်ကြောင်း အမျိုးမျိုး ယုတ္တိပြ ဟောရသည်။ ကိုယ်ကိုထုရိုက်ကာ တက်မတက် ချက်မတတ် ဖြစ်သူများကို မူ ငေါက်ငမ်းကာပင် ဟောယူရသည်။

တစ်နေ့တွင် ရွာဦးကျောင်း ဘုန်းတော်ကြီး၏ မယ်တော်ကြီးဆုံးရာ ဘုန်းတော်ကြီးမှာ ယူကျုံးမရဖြစ်ပြီး သက်ပျောက်ဆွမ်းသွတ် ရေစက်ချကိုပင် ဆုံးအောင်မဆိုနိုင်ဘဲ တရှုပ်ရှုပ် ငိုကြွေးပါလေတော့သည်။ ထိုအခါ ဆွမ်းသွတ်လာပရိသတ်ထဲမှ ဘုန်းကြီးနှင့် ကျွမ်းဝင်သူ ဒါယကာ တစ်ဦးက ဝင်လျှောက် ၏။

"သတိထားပါဘုရား။ မမြဲတဲ့တရားတွေပါဘုရား၊ ငိုကြွေးနေလို့ ဘာမျှ အဓိပ္ပာယ်မရှိကြောင်း ကိုယ်တော်ပဲ ဒကာတွေကို ခဏခဏဟောနေတာပဲ ဘုရား"

ဘုန်းတော်ကြီးသည် ထိုအခါမှ သတိရသွားပြီး အငိုရပ်၏။ သို့သော် ဘုန်းတော်ကြီးက ထိုဒါယကာအား ပြန်လည်အမိန့်ရှိပုံမှာ 'ဒါက ကျုပ်မယ်တော်ကိုး ဒကာကြီးရဲ့' ဟူသတည်း။ ❑

ညစောင့်ပုဆိုး လူခိုးခံရ

ရွာဦးကျောင်း ပရိဝုဏ်ပြင်ဘက်တွင် ကိုးတောင်ပြည့် စေတီရှိရာ ဝါကျွတ်ဆွမ်းတော်ကြီးကပ်ပွဲကို နှစ်စဉ်ကျင်းပမြဲ ဖြစ်လေသည်။

ဆွမ်းတော်ကြီးကပ် ဆိုသော်လည်း သစ်သီးဝလံ မုန့်ပန်းမန်များကို အဖိတ်နေ့တည်းက ကပ်ထားပြီး လပြည့်နေ့ နံနက် အရုဏ်တက်တွင်မှ ဆွမ်းတော်ကပ်သည်။ ဆွမ်းတော်ကို နံနက်နေမြင့်လျှင်စွန့်ပြီး မုန့်သစ်သီးများကိုမူ လပြည့်နေ့ညတွင် စွန့်သည်။ လပြည့်နေ့ညတွင် ဆွမ်းတော်စွန့်ပြီးသွား သဖြင့် စောင့်စရာမလိုသော်လည်း အဖိတ်နေ့ညကိုမူကား ဖမိ ဆုံးမ, မနိုင်သူများ ရန်ကြောင့် အစောင့်မချ၍ မရပေ။

ခါတိုင်းနှစ်များက အဖိတ်နေ့ည အစောင့်ချတာဝန်ကို ဒါယကာများကသာ ယူခဲ့သော်လည်း နှစ်စဉ်လိုပင် တစ်နည်း မဟုတ် တစ်နည်းပြဿနာပေါ်တတ်သဖြင့် ယခုနှစ်မူ ဘုန်း တော်ကြီးက ကျောင်းရှိ ကိုရင်ကြီးများကို ဟာဝန်ပေးထားခဲ့

ရပေသည်။ ဆွမ်းတော်ကြီးပွဲ မုန့်သစ်သီးများ မပျောက်ပျက်ရအောင် စောင့်ရှောက်ရန် ကြပ်မတ်ချထားခဲ့ရသည်။

အဖိတ်နေ့ညလွန်မြောက်၍ နံနက်အရုဏ် ဆွမ်းတော်ကြီးပင် ကပ်ပြီးပေပြီ။

ယခုမှခက်သည်မှာ ရွာဦးဘုန်းတော်ကြီးတွင် ဖြေရှင်းရခက်သည့် ပြဿနာတစ်ရပ်နှင့် နဖူးတွေ့ ဒူးတွေ့ တွေ့နေရသည်။ ဆွမ်းတော်ကြီးပွဲ အစောင့်ချထားသော ကိုရင်ကြီးများမှာ ပထမတော့ သူတို့ဘာသာ ကျိတ်ကျိတ်ကျိတ်ကျိတ် လုပ်နေရာမှ အတန်ကြာသောအခါ ဘုန်းတော်ကြီးနား ပေါက်လာသည်။

မတတ်သာတော့၊ ကိုရင်ကျောင်းသား အချင်းချင်း ခေါ်စစ်ရသည်။ မတွေ့။ ရွာထဲက ဒါယကာများကိုပင် ခပ်ရှက်ရှက်နှင့် ဖွင့်ပြောပြီးရှာခိုင်းရသည်။ သဲလွန်စမရ။ ဆုံးရတော့မည့် အခြေအနေပင်တည်း။

အကြောင်းကားရှိ၏။ ဆွမ်းတော်ကြီးပွဲ မုန့်သစ်စီးပျောက်၍လား၊ မဟုတ်။ ကိုးတောင်ပြည့်စေတီမှာ ထုံးသင်္ဏန်းကပ်ထား၍ ရွှေပွတ်သွားသည်လည်း မဖြစ်နိုင်။ စေတီစိန်ဖူးလူတက်ဖြုတ်သွား၍လား။ စိန်ဖူးမှာ မှန်စီမျှဖြစ်၍ ဒါလည်း စိုးရိမ်ဖွယ်ရာ မရှိပေ။

အမှန်မှာ ညလုံးပေါက် တာဝန်ချထားသော ကိုရင်ကြီးများ၏ ခြင်ထောင်နှစ်လုံးမှာ အာရုံခံ တန်ဆောင်းအတွင်း ထောင်အိပ်နေစဉ် ညက လူဖြုတ်ခိုးခံရ၍ ဖြစ်ပါသည်။

ညစောင့်ပုဆိုး လူချွတ်ခိုးခံရခြင်းနှင့် အလားတူသော အဖြစ်အပျက်တစ်ခု ဖြစ်နေတော့သည်။ ❑



လှေနှင့် မြင်း

ရွာဦးဘုန်းတော်ကြီး ကျောင်းထွက် သူငယ်ချင်းနှစ်ဦး တို့သည် ကျောင်းထွက်ပြီးသည်နှင့် ရွာတစ်ရွာစီ ကွဲကွာသွားကြသည်။

သူငယ်ချင်းတစ်ဦးမှာ မြင်းဝါသနာပါရာ မိဘကလည်း စီးပွားရေး ချောင်လည်သဖြင့် သားအတွက် မြင်းတစ်စီးဝယ်ပေးထားလေသည်။ သူငယ်ချင်းတစ်ယောက်မှာမူ မြင်းဝါသနာပါသော်လည်း မိဘများမှာ လယ်ပိုင် ချောင်းပိုင်ပင် မရှိသဖြင့် မိဘများ၏ လက်ငုတ်ဖြစ်သော ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်းကူးတို့ပို့သည့် အလုပ်ကို လုပ်ကိုင်နေရသည်။

တစ်နေ့တွင် မြင်းသမားသူငယ်ချင်းသည် သူ့ သူငယ်ချင်းရှိရာ ကူးတို့ဆိပ်သို့ မြင်းစီး၍ ရောက်လာသည်။ မြင်းကိုမြင်သည်နှင့် လှေသမားသူငယ်ချင်းမှာ အင်မမရဖြစ်ကာ ခွင့်ပင်မတောင်းနိုင်ဘဲ မြင်းပေါ် ခုန်တက်၍ တစ်ရွာလုံးအနှံ့ ပတ်စီးနေတော့သည်။ ကူးတို့ဆိပ်ဖက်သို့ပင် ပြန်လှည့်ဖော် မရတော့

ရကား မြင်းသမား သူငယ်ချင်းမှာ ကူးတို့သမား ဖြစ်ကာ တစ်ဖက်ကမ်း ကူးချင်သူများ ရောက်လာပါက ကူးတို့သမား လုပ်၍ လေလှော်ပို့နေရတော့သည်။

အတော်ကြီးကြာသည်အထိ မြင်းစီးသွားသော လေသမားသူငယ်ချင်း ပေါ်မလာသဖြင့် မြင်းသမား သူငယ်ချင်းသည် 'ကဲ ဒီလောက်တောင် ငါ့မြင်းကို မောနေအောင် စီးနေမှဖြင့် ငါလဲ သူ့လေကို ချောင်းရိုးအနှံ့ လျှောက်လှော်နေမယ်' ဟု လေကိုချည်း ဦးတည်ရာ လျှောက်လှော်နေတော့သည်။ လေသမား သူငယ်ချင်း မြင်းစီး၍ အားရပြီး ပြန်လာတော့ မြင်းသမား သူငယ်ချင်းမှာ လေလှော်ရသဖြင့် ခြေကုန်လက်ပန်း ကျနေလေပြီ။

လေဦးကို ကူးတို့ဆိပ်နီးရာ ကမ်းသို့ ထိုးဆိုက်ပြီး မြင်းသမား သူငယ်ချင်းသည် ခြေကုန်လက်ပန်းကျသဖြင့် လေပဲ့ပြီးမှ မထနိုင်သေးဘဲ လေသမားသူငယ်ချင်းအား မေးလိုက်သေးသည်။

"သူငယ်ချင်း ငါ့မြင်းတော့ ဟိုက်နေပြီ မဟုတ်လား၊ မင်းလေကတော့ မောပုံမရဘူးကွာ" ❐

မြင်းဥ

တစ်ရံသောအခါက တောင်ပေါ်သားနှင့် မြေပြန့်သား တို့သည် ရွာတစ်ရွာ၏ ရွာဦးကျောင်းအနီးတွင် ဆုံမိကြ၏။

တောင်ပေါ်သားသည် မြင်းကိုစီးထားပြီး မြေပြန့်သား မှာမူ ခြေလျင်ဖြစ်ကာ ပခုံးပေါ်တွင် ကျောက်ဖရုံသီးတစ်လုံးကို ထမ်းထားသည်။ ကျောက်ဖရုံမျိုး တောင်ထိပ်ပေါ်တွင် မရှိ သဖြင့် မြေပြန့်သား ထမ်းလာသော ကျောက်ဖရုံသီးကို တောင် ပေါ်သား မမြင်ဖူးပေ။

"ခင်ဗျားထမ်းလာတာ ဘာကြီးလဲ"

မြေပြန့်သားသည် မျက်နှာစိမ်း တောင်ပေါ်သားကို ကြည့်ပြီး ဟန်ပါပါ ရပ်လိုက်သည်။

"ဒါ-မြင်းဥပေါ့ဗျ။ မြင်းတော့စီးထားပြီး ခင်ဗျားမသိဘူး လား"

တောင်ပေါ်သားမှာ မြေပြန့်သား အတည်ပေါက်နှင့် ပြောသည်ကို တကယ်မှတ်ကာ မြင်းပေါ်မှဆင်း၍ ကျောက်ဖရုံ

သီးကို ဘယ်ပြန်ညာပြန်ကြည့်နေသည်။ ကျောက်ဖရုံသီးမှာ ဖြူဖြူလုံးလုံး ရှည်ရှည်ဖြစ်သည်။

"အဲဒါ ကျုပ်တို့မြေပြန့်က မြင်းဥပဲဗျ၊ ခင်ဗျားတို့ဆီက မြင်းဥက ဘယ်လိုလဲ"

"ကျုပ်တို့တောင်ပေါ်မှာ မြင်းကမဥပါဘူး၊ တစ်ခါတည်း အကောင်မွေးတာဗျ။ ခင်ဗျာတို့ဆီမှာ ထူးကိုထူးဆန်းတယ်။ ကျုပ် လိုချင်လိုက်တာဗျာ"

မြေပြန့်သားသည် အမူအရာကို တည်နိုင်သမျှ တည်ပစ်သည်။

"လိုချင်လို့ ဘယ်လွယ်ပါ့မလဲ၊ ဒီမြင်းဥဟာ မြင်းတစ်ကောင်ပဲဗျ၊ မကြာခင် မြင်းကလေးပေါက်လာမှာ"

"ဒါဆို ကျုပ်မြင်းနဲ့လဲဗျာ"

မြေပြန့်သားသည် ပထမ အင်တင်တင် ဟန်ပြုနေသေးကာ ဟန်ကိုယ့်ဖို့ လုပ်ပြီးမှ မလဲချင်လဲချင်နှင့် လဲရသယောင်ယောင်ဖြင့် လဲလှယ်ပြီးသော် မြင်းပေါ်တက်၍ သုတ်ခြေတင်လေတော့သည်။

တောင်ပေါ်သားမှာ ကျောက်ဖရုံသီးထမ်းကာ ဆက်၍ လာခဲ့သည်။ နှစ်ရက်သုံးရက်ခရီးလွန်သောအခါ ကျောက်

ဖရုံသီးမှာ အတင်အချမ်းများ၍ အနာဖြစ်ကာ ပုပ်စပြု လာသည်။ ဤတွင် တောင်ပေါ်သားမှာ မြင်းဥကြီးပုပ်ပြီဟု ထင်မှတ်ပြီး တောလမ်းချွေတစ်ခုအတွင်းသို့ လွှင့်ပစ်လိုက်လေသည်။ ထိုအခါ ချုပုတ်အတွင်း ဝင်နေသော ယုန်တစ်ကောင်သည် ကြောက်လန့်တကြားဖြင့် တောင်ပေါ်သားရှေ့မှ ဖြတ်၍ လျင်မြန်သော အဟုန်ဖြင့် တစ်ဖက်တောသို့ လှစ်ခနဲ ပြေးသွား တော့သည်။

တောင်ပေါ်သားသည် ထိုယုန်ကိုမြင်လိုက်ရသော် မြင်းဥသည် ပုပ်သည်မဟုတ်ဘဲ မြင်းဥကနေ မြင်းကောင်လေး ပေါက်ခါနီးအခြေအနေကို ပုပ်ပြီအထင်နှင့် လွှင့်ပစ်မိလေခြင်းဟု ယူကျုံးမရ ဖြစ်မိတော့၏။ သို့သော် သူ့စိတ်ကိုတော့ သူ ဖြေရှာပါသည်။

"ဥကနေ မြင်းကလေးပေါက်ပေါက်ချင်းတောင် ဒီလောက်မြန်လှမှ မြေပြန့်သားတွေ ဘယ်လိုလုပ်စီးသလဲမသိ၊ လွတ်သွားတာပဲ ကောင်းသေး" □

သီလဝ အပြုံး

အဟိတ်, ဒွိဟိတ်, တိဟိတ်ဖြင့် ပဋ္ဌိသန္ဓေနေသူများ ဟူ၍ တစ်မျိုးမှတ်သလို သောမနဿ, ဥပေက္ခာဖြင့် ပဋ္ဌိသန္ဓေ နေသူများဟူ၍လည်း မှတ်သားရန် ဗုဒ္ဓအဘိဓမ္မာတွင် ရှိပေ သည်။ သောမနဿဖြင့် ပဋ္ဌိသန္ဓေနေသူမှာ ငယ်စဉ်မှစ၍ ပြုံးပြုံးရွှင်ရွှင်နေတတ်ပြီး ဥပေက္ခာနှင့် ပဋ္ဌိသန္ဓေနေသူမှာ အရယ် အရွှင်နည်းပါးကာ အမြဲတမ်း မျက်နှာတည်တည် နေ တတ်သည်ဟု အမှတ်အသားပြုဖူး၏။

မင်းကြီးစွာလက်ထက် မြို့စားသီလဝမင်းသားမှာ ဥပေက္ခာဖြင့် ပဋ္ဌိသန္ဓေနေသူဟု ဆိုဖွယ်ရာရှိသည်။ အဘယ် ကြောင့်နည်း။ သီလဝမင်းသား၏ ဘဝတစ်လျှောက်လုံးတွင် သုံး ခါသာ ရယ်ရွှင်မှုပြုဖူးသည်ဟု ရာဇဝင်အဆိုအမိန့်များ ရှိလေ သည်။

တစ်ဘဝလုံး သုံးကြိမ်သာ ရယ်ရွှင်ဖူးသော သီလဝ မင်းသားအား တစ်ဦးသော အပြုံးပါရမီဖြည့်ဆည်းခဲ့သူကား ဘုန်းကြီးလူထွက်တစ်ဦး ဖြစ်လေသည်။

တစ်နေ့တွင် သီလဝမင်းသားသည် ကမ်းနဖူးအတိုင်း မြင်းစီး၍ ပြန်လာ၏။ တစ်နေရာအရောက် လူတစ်ယောက် မြစ်ထဲ ရေချိုးဆင်းသွားသည်ကို အမှတ်မထင် လှမ်းကြည့်မိ၏။ ထိုသူမှာ ဦးခေါင်းတွင် သျှောင်မရှိခြင်းအားဖြင့် ဘုန်းကြီးလူထွက်မှန်း သိသာလေသည်။

လူထွက်သည် မြစ်ကမ်းနဖူးနေသူတို့ ထုံးစံအတိုင်း ရေနက်ထဲသို့ တဖြည်းဖြည်း ဆင်းရင်းမှ ပုဆိုးကို တဖြည်းဖြည်း အထက်သို့ မ,ချွတ်ယူကာ ဦးခေါင်းတွင် ခေါင်းပေါင်းပြုလိုက်၏။ ဤအထိတော့ ပုံစံတကျဟုတ်နေ၏။ သို့သော် မကြာပါ။ လူထွက်သည် လက်ရှိဘဝကို သတိလွတ်ကာ ဘုန်းကြီးဘဝတွင် ရေလဲသင်းပိုင်နှင့် ဦးခေါင်းမြှုပ် ချိုးနေကျအကျင့်အတိုင်း မေ့ပြီး ရေအောက်ငုပ်ချလိုက်ရာ ခေါင်းပေါင်းကျွတ်၍ ရေတွင် မြောလေတော့သည်။

ဤတွင်မှ လူထွက်သည် သူ့အမှား ချက်ချင်းသိရှိ၍ ရေပေါ်သို့ ပြန်ပေါ်လာကာ ခေါင်းပေါင်းပုဆိုးကို လှမ်းဆယ်ရင်း သူ့အဖြစ်ကို ဘယ်သူမြင်သွားသလဲဟု ဟိုသည်ကြည့်လိုက်သည်။ မြစ်ကမ်းနဖူး မြင်းပေါ်မှ ပြုံးရယ်နေသော သီလဝမင်းသားနှင့်မှ ပက်ပင်းတန်းတိုးနေသဖြင့် ရှက်ရှက်နှင့် ပြုံးရယ်လျက် ရေအောက်သို့ ဒုတိယအကြိမ် ပြန်ငုပ်ချလိုက်လေတော့သည်။ □

ဣနပရိဘောဂ

ရဟန်းလူထွက်များသည် အရပ်ထဲမှာ နေထိုင်ကြရာ သာမန်အရပ်သူ အရပ်သားများ အကြားတွင် ပြောပုံဆိုပုံ တစ်မျိုးကြီး ဖြစ်နေတတ်သည်။ ရဟန်းသံယာတော်များနှင့် ဆက်ဆံရေးပိုင်းတွင်လည်း ဆရာတော် သမားတော်များနှင့် တွေ့လျှင်သာ ရိုသေပျပ်ဝပ်သလောက် သက်တူရွယ်တူ ရဟန်း သံယာတော်များနှင့်မူ သိပ်အရေးမမူသလို အမူအယာမျိုး မြင်တွေ့ကြရသည်။ သုတ္တန်နည်း, အဘိဓမ္မာနည်း တရားအသိ ဘာသာရေး ပေတံကလေးက အသိခေါက်ခက် အဝင်နက် သည်လား မပြောတတ်ပေ။ ကံ, ကံ၏အကျိုးကိုသာယုံပြီး နတ် ကိုးကွယ်မှုကို မယုံသဖြင့်လည်း မိန်းမ, ယောကျ္ဃမတို့နှင့် အဆင်ပြေခဲလေ၏။

ဦးသံဝရ လူထွက် ဦးပဉ္စင်းဆန်းမောင်သည်လည်း အနှီပုံစံမျိုးပင် တွေ့ရ၏။

ရွာဦးကျောင်းမှ ကျောင်းထိုင်ကိုယ်တော်မှာ ဦးပဉ္စင်း ဆန်းမောင်တို့၏ ဆရာအရင်းမဟုတ်ပေ။ ဦးပဉ္စင်းဆန်းမောင်

သည် မြို့သို့ စာသင်တက်၍ ပထမပြန်စာမေးပွဲ ပထမကြီးတန်း အောင်မြင်ပြီးခါမှ လူထွက်သွားရာ မူလ ဆရာတော်ကြီးတွင် တပည့်အရင်းအချာဟူ၍ မကျန်ရှိတော့ဘဲရှိသည်။ အညာ ဇာတိဦးပဉ္စင်းတစ်ပါးကို မြို့မှ ခေါ်လာခဲ့ကာ လေးငါးခြောက် ဝါခန့် အတူသီတင်းသုံး နေထိုင်ခဲ့ပြီးနောက် ဆရာတော်ကြီး ပျံ့လွန်တော်မူရာ အညာဦးပဉ္စင်း ကျောင်းထိုင်ကိုယ်တော် ဖြစ်ခဲ့ တော့၏။

မိမိဆရာရင်းလည်း မဟုတ်ပြန်၊ ပထမကြီးတန်း ဟူသော ပရိယတ် အရှိန်ကလေးနှင့် ဦးပဉ္စင်း ဆန်းမောင်မှာ ရွာဦးကျောင်း လက်ရှိကိုယ်တော်နှင့် လေပေးမဖြောင့်လှဘဲ ဖြစ်နေသည်။ ကျောင်းထိုင်ကိုယ်တော်မှာလည်း ပစ္စည်းပစ္စယ စုဆောင်း၍ တစ်နှစ်တစ်ခေါက် အညာပြန်ရာတွင် ဆွေမျိုးများ ဖို့ လက်ဆောင်ယူယူသွားတတ်ရာ ယင်းအချက်ကို ဦးပဉ္စင်း ဆန်းမောင် လုံးဝမကြိုက်ပေ။ ဆွမ်းကျွေးပရိတ်နာ တရား အဟောအပြောလေးများထဲတွင်လည်း ဘုန်းကြီးလူထွက် အကြောင်း ရယ်စရာမောစရာကလေးများ ထည့်ထည့်ဟော တတ်သဖြင့် ဦးပဉ္စင်းဆန်းမောင်က သူ့အား ရိပ်ရိပ်ချနေသည် ဟု အထင်ရှိလေသည်။

တစ်နေ့တွင် ရွာဦးကျောင်း ကိုယ်တော်သည် တခြား ရွာအလျှုမှ ပြန်ကြွလာသည်။ ဦးပဉ္စင်းဆန်းမောင်မှာလည်း ငရုတ်စိုက်ရန်အတွက် နွားနှစ်ကောင်နှင့် တာလမ်းအနီးတွင် ကိုင်းထွန်လျက်ရှိသည်။ ဦးပဉ္စင်းဆန်းမောင်၏ နွားနှစ်ကောင်မှာ နှစ်ကောင်စလုံး ပေကပ်ကပ်များဖြစ်သဖြင့် အတန်အသင့် ကြိမ်ရိုက်မခိုင်းဘဲ မရပေ။ ထို့ကြောင့် ကြိမ်တဝင့်ဝင့် သာမက နှုတ်မှလည်း တဟဲ့ဟဲ့နှင့် မြည်တွန်နေရသည်။

ဦးပဉ္စင်းဆန်းမောင် ကိုင်းဘေး ရောက်လာသောအခါ ရွာဦးကျောင်းကိုယ်တော်က 'ဘယ်နှယ့်လဲ ဒကာကြီး နွားတွေ ရိုက်လှချည်လား နွားမေတ္တာစာလေးလဲ ဖတ်ပါဦး' ဟု ရယ်မောကာပြောဆို၏။ ဦးပဉ္စင်းဆန်းမောင်ကမူ သူ့အား ခနဲ့သည် ဟုအထင်ရောက်သွားလေသည်။ ထို့ကြောင့် ထွန်မွှေနေသည် ကိုပင် မရပ်ဘဲ ကိုယ်တော်အား ပြန်လျှောက်လိုက်၏။

"မှန်ပါဘုရား၊ သူတို့တွေ နောင်ဘဝက ပုတီးမစိပ်ခဲ့လို့ ဣနပရိဘောဂ (အကြွေးစားသုံးမှု) တွေ ဆပ်နေရတာ ဘုရား၊ ရိုက်ပေးမှ တန်ရုံရှိတာ"

ဦးပဉ္စင်းဆန်းမောင့် စကားမှာ ချဲ့တွေးလျှင် သူ့နွားနှစ်ကောင်သည် အလျင်ဘဝ ရဟန်း, သာမဏေဖြစ်စဉ်က

ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်မခြင် ပုတီးမစိပ်ဘဲ စားသုံးခဲ့၍ ကြွေးတင်ပြီး ယခုဘဝ နွားဖြစ်ကာ ကြွေးရှင်များ ထံတွင် ကြွေးဆပ်နေရကြောင်း အဓိပ္ပာယ်မျိုးသို့ ရောက်ရှိသွား စေပါသည်။

ရွာဦးကျောင်း ကိုယ်တော်သည် ရဟန်းလူထွက်ကို တုံ့ပြန်ပြောဆိုနေခြင်းဖြင့် အကျိုးများဖွယ် မမြင်သဖြင့် ပြုံး၍ ထွက်ကြွသွားလေတော့သည်။ ❑



ဆန်ကုန်သည်နှင့် သားရေကုန်သည်

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ဓနဌေကြေး တတ်စွမ်းနိုင်ပါက ပိုင်ဆိုင်မှုချဲ့ထွင်ခြင်းမျိုးကို စိတ်မဝင်စားဘဲ ကျောင်းကန်ဇရပ်များ ဆောက်လုပ်လျှုဒါန်း၍ ပစ္စုပ္ပန်သံသရာ အကျိုးကိုသာ မျှော်ကိုးတတ်ကြလေ၏။

သံယာတော်များ သီတင်းသုံးရန် ကျောင်းအဆောက်အအုံအပြင် ဘာသာရေး ကိစ္စအလို့ငှာ စုရုံးရာ၊ ခရီးသွားသူတို့ ဝင်ရောက် တည်းခိုစရာ အဖြစ်ရည်ရွယ်၍ ဇရပ်ကိုပါ ဆောက်လုပ်လျှုထားကြ၏။ ခရီးသွားစဉ် ရှေ့ဆက်ဖို့ အချိန်လင့်နေပါက တည်းခိုဖို့ တစ်စုံတစ်ရာ အခက်အခဲမရှိတတ်သည်မှာ ချစ်ဖွယ်ရာကောင်းသော မြန်မာလူမျိုး တို့၏ ဓလေ့တစ်ခုပင် ဖြစ်ပါသည်။

ရွာဦးကျောင်းဝင်းသာမက တစ်ဖက်ရွာထိပ် သို့မဟုတ် ရွာလယ်တွင်ပင် စတုဒိသာဇရပ်ကို ဆောက်လုပ်ထားတတ်ပါသည်။ ရွာမှ တာလမ်းမကြီးသို့ အထွက် ခရီးတာ အတန်လှမ်းပါက ရင်ကွဲဇရပ်ဆောက်လုပ်၍ တစ်ထောက်နားခိုစရာ ဖန်တီးထားတတ်သည်ကို ကျေးလက်တောရွာများ၌ တွေ့ကြရ၏။

စတုဒိသာဇရပ်မရှိဦး၊ ရွာဦးဘုန်းတော်ကြီး ကျောင်းများသည် ခရီးသွားဧည့်သည်များ တည်းခိုရန် အလွန်လွယ်ကူသော ဌာနများဖြစ်၍ နေပေသည်။ မြန်မာတို့၏ ထိုဓလေ့စရိုက်သည် ရှေးယခင်ကပင် ရှိခဲ့လေသည်။

တစ်ခါက ဆန်ကုန်သည်နှင့် သားရေကုန်သည်နှစ်ဦးတို့သည် ခရီးအတူ ထွက်လာကြရာ လမ်းခရီးတွင် အချိန်လင့်သဖြင့် ရွာဦးဘုန်းတော်ကြီးထံတွင် ခွင့်ပန်၍ တစ်ညတာ တည်းခိုကြသည်။ ဘုန်းတော်ကြီးက နေရာထိုင်ခင်းများ ချထားပေးရာတွင် ဆန်ကုန်သည်အား ခုတင်, မွေ့ရာ, ခြင်ထောင်နှင့် အိပ်ရာကောင်းပေးကာ သားရေကုန်သည်အားမူ ဖျာတစ်ချပ် ခေါင်းအုံးတစ်လုံးဖြင့်သာ ခြေရင်းဘက်တွင် နေရာပေးသည်။

နံနက် ရောက်သောအခါ ကုန်သည်နှစ်ဦးသည် ဘုန်းတော်ကြီးအား နှုတ်ဆက်၍ ခရီးဆက်ထွက်လာခဲ့သည်။ အတူလာသူ နှစ်ဦးကို ဘုန်းတော်ကြီးက အိပ်ရာခွဲပေးသည့် အကြောင်းကိုမူ ခေါင်းမရှင်းလှဘဲ ကျောင်းမှထွက်လာခဲ့ကြ၏။

လိုရာခရီးရောက်၍ လိုအပ်သည့် ကုန်ပစ္စည်းများ ဝယ်ယူပြီး အပြန်လမ်းတွင်လည်း အတူပြန်ခဲ့ကြ၏။ အလာတုန်းက တည်းခိုခဲ့သော ဘုန်းတော်ကြီး ကျောင်း၌ တစ်ညတာဝင်

ရောက်တည်းခိုရပြန်သည်။ အလာတုန်းကကဲ့သို့ပင် ဘုန်းတော်ကြီးသည် ကုန်သည်နှစ်ဦးအား အိပ်ရာခွဲပေးသည်။ သို့သော် သားရေကုန်သည်အား အိပ်ရာကောင်းပေး၍ ဆန်ကုန်သည်အား အိပ်ရာညံ့ပေးကာ အိပ်စက်စေသည်။

နံနက်မိုးသောက်၍ ခရီးဆက်ရန် ဘုန်းတော်ကြီးအား နှုတ်ဆက်စဉ် သူတို့နှစ်ဦး အတူလာပါလျက် အိပ်ရာကောင်း အိပ်ရာညံ့ ခွဲပေးသည့် အကြောင်းကို ဘုန်းတော်ကြီးအား လျှောက်ထားကြည့်ကြသည်။ ထိုအခါ ဘုန်းတော်ကြီးကရှင်းပြလေသည်။

"ဒကာတို့နှစ်ဦး တစ်ဦးကဆန်ကုန်သည်၊ တစ်ဦးက သားရေကုန်သည်၊ ပစ္စည်းအဝယ် ထွက်လာတုန်းမှာ တစ်ဦးနဲ့ တစ်ဦးစိတ်ကူးမတူကြဘူး။ ဆန်ကုန်သည်ရဲ့ စိတ်ထဲမှာ ဆန်ရေစပါးပေါမျှားပါမှ ဈေးသက်သက်သာသာရမှာမို့ ဆန်ရေစပါးပေါမျှားဖို့ ဆုတောင်းနေမယ်၊ ကုသိုလ်စိတ်ကူးနဲ့ ယှဉ်နေတယ်။ သားရေကုန်သည်မှာကျတော့ ကျွဲနွားအသေအပျောက်များဖို့ပဲ ဆုတောင်းနေမယ်၊ အကုသိုလ်စိတ်ကူး ဖြစ်တယ်။ ဒါကြောင့် အသွားခရီး အိပ်ရာနေရာပေးတဲ့အခါမှာ ကုသိုလ်စိတ်ကူးသမားကို အိပ်ရာကောင်းပေးပြီး အကုသိုလ်စိတ်ကူးနဲ့ သူ့ကို အိပ်ရာညံ့ပေးခဲ့တာ။ တစ်ခါ ကုန်ပစ္စည်းဝယ်ပြီး အပြန်ခရီး

ကျတော့ရော ဆန်ကုန်သည်က ဆန်ရေစပါး ရှားပါးပါမှ သူ ဝယ်လာတဲ့ ဆန် စျေးကောင်းရမှာမို့ ရှားပါးပါစေ ဆုတောင်း နေမယ်။ အကုသိုလ်စိတ်ပွားနေမယ်။ သားရေ ကုန်သည်ကတော့ ကျွဲနွားအသေအပျောက်မရှိဘဲ သားရေ ရှားပါးပါစေဆုတောင်း နေတော့ အလိုလိုကုသိုလ်စိတ်ဖြစ်နေတယ်။ ဒါကြောင့် အပြန် ခရီးမှာ ဆန်ကုန်သည်ကို အိပ်ရာညဲ့ပေးပြီး သားရေကုန်သည် ကို အိပ်ရာကောင်းပေးတာ။ ကုသိုလ်နဲ့ ယှဉ်တဲ့သူ သမ္မာဆန္ဒ ပွားနေတဲ့သူကို ခိုးမြောက်တဲ့သဘောပေါ့ ဒကာတို့"

ကုန်သည်ရှစ်ဦးမှာ ဘုန်းတော်ကြီး၏ ကုသိုလ်အကြံကို လေးစားကြည်ညိုရင်း ဦးချွန့်တက်ကာ လိုရာခရီးဆက်ခဲ့ကြ လေတော့သည်။ ❑

လူပျိုကြီး ဖိုးမှတ်

ရွာဦးကျောင်း ဘုန်းတော်ကြီး ဦးရေဝတ၏ ကျောင်းထွက်တပည့်များထဲတွင် ဖိုးမှတ်သည် ဉာဏ်အထုံဆုံး ဖြစ်ပေသည်။ ကျောင်းတွင်သာ ဉာဏ်ထုံသည် မဟုတ်၊ ကျောင်းထွက်ပြီး၍ရပ်ရွာထဲတွင်လည်း 'ရှင်လူအ'ဖြစ်နေ၏။ မိန်းမလိုချင်သည်မှာ နံ့နံ့တက်နေ၏။ သို့သော် ဖိုးမှတ် အ,သဖြင့် မိန်းမများနှင့် လွဲချော်ကုန်ရသည်ကို ရပ်ရွာကသာမက ဘုန်းတော်ကြီးပင် သိရှိနေ၏။

ဖိုးမှတ် ငယ်စဉ် ကျောင်းသားဘဝ လူပျိုပေါက်အရွယ်မျက်နှာတွင် ညှင်းကလေးများပေါက်ရာ လူကြားမတိုးဝံ့အောင် ရှက်၍နေ၏။ ဤသည်ကို ကျောင်းသားကြီးများကပါ ဖိုးမှတ်အားထပ်၍ နှောက်လိုက်ကြသည်။ ညှင်းပျောက်ချင်လျှင် အပျိုစစ်စစ်၏ ခွေးခံအကျီနှင့် တိုက်ရသည်ဟု အကြံပေးချက်ကို ယုံမှတ်ပြီး ဖိုးမှတ်၏ အမဖြစ်သူ ကမ်းနားတွင် ရေဆင်းချိုးတုန်းမျက်နှာကို အမ၏ ခွေးခံအကျီနှင့် ခိုးတိုက်ရာ မိခင်လုပ်သူမြင်ပြီး ငေါက်ငမ်းဆဲဆိုခံရဖူး၏။

ယခု ရွာထဲတွင် အသက်၄၀-နီးပါး လူပျိုကြီးဖိုးမှတ် အဖို့ လူပျိုကြီးဘဝနှင့်ပင် အရိုးထုတ်ရမည့်ကိန်း ဆိုက်နေသည်။ ဖိုးမှတ်၏ မိဘများမှာ ချောင်းပိုင် ယာပိုင် မရှိသော်လည်း ကြိုးစားမှုရှိသဖြင့် မရှိမရှားထဲကဖြစ်ရာ အပျိုများက ဖိုးမှတ်အား သည်မျှ ပစ်ပယ်လိုစိတ် မရှိပေ။ သို့သော် ဖိုးမှတ်က ထုံအ, သဖြင့်သာ မိန်းမများ၏ ပရိယာယ်ကို နားလည်မှုမရှိ အပ်ပ်ပ် လွဲခဲ့ရခြင်းပါတည်း။

သူကြိုက်သော မိန်းကလေးအိမ်သို့ သွားရောက်လည်၏။ မိန်းကလေးကလည်း အတန်အသင့် လက်ခံစကားပြောသည်။ ကံမကောင်းချင်တော့ တန်ခူး ကဆုန် မိုးဦးလေဦးကြီးမှာ ရွာတော့မလို အယောင်ပြပြီး လေများ တိုက်ခတ်လာရာ မိန်းကလေးတွင် သိမ်းဆည်းရမည့် အလုပ်များ အရေးကြီးလာသည်။

ဤတွင် မိန်းကလေးက 'မာရိုးပြီ၊ ပျော့တန်' ဟု ဖိုးမှတ်အား ပြောလိုက်သည်။ 'မိုးရွာပြီ၊ ပြန်တော့' ဟုဆိုလိုခြင်းဖြစ်၏။ သို့သော် ဖိုးမှတ်မှာ အဓိပ္ပာယ်ကို နားမလည်ဘဲ ထိုင်မြဲထိုင်နေပြီး မိန်းကလေးနားက မခွာချင် ဖြစ်၍နေသည်။

မကြာမီ မအေလုပ်သူ၏ အမာန်အမဲကို မိန်းကလေးခံရတော့မှ လူပျိုကြီး ဖိုးမှတ် ထ၍ပြန်ခဲ့၏။

မိန်းကလေးဆီမှ ပြန်လာ ခဲ့၍ ရွာထဲမှ တိုင်ပင်ဖော် တိုင်ပင်ဖက်များကို မေးကာ အနက် အဓိပ္ပာယ် ဖော်ခိုင်းရ သည်။ ထိုအခါမှ မိန်းကလေးက (မာရိုးပြီ၊ ပျော့တန်) ဆိုသည် မှာ သူ့အား မိန်းကလေးက နှင်တာမှန်း သိရလေတော့သည်။ ထို့ကြောင့် မိန်းကလေးမှာ ဖိုးမှတ်အား အထင်မကြီးတော့ဘဲ ဆလံပေးသွားသဖြင့် လွှဲခဲ့ရလေ၏။

ထို့နောက် ကာလသားအပေါင်းအသင်းများ၏ လှော် ပေးသော ကောင်းမှုဖြင့် ဖိုးမှတ် တစ်ခါ ကံကောင်းသွားပြန် လေသည်။ ကာလသားများ ကြားကစီစဉ်၍ ဖိုးမှတ်အား မိန်း ကလေးအိမ်သို့ တွန်းပို့လိုက်၏။ ဖိုးမှတ်တို့ ကံကောင်းချင်တော့ ထိုညက မိဘများ တောင်ယာထဲတွင် အိပ်မည်ဖြစ်၍ အိမ်တွင် မိန်းကလေးနှင့် သူ့မောင်အငယ်ကောင်လေးသာ ရှိလေသည်။ အငယ်ကောင်လေးမှာလည်း စားပြီး အိပ်နေလေရာ သိုးနေ လေပြီ။

မိန်းကလေးမှာ ဖိုးမှတ်အား အခွင့်အရေးပေး၏။ ပထမတော့ မိန်းကလေးက ဦးဆောင်စကားပြောနေရာက နောက်တော့ ဖိုးမှတ်ကလည်း စကားပြောနိုင်လာပြီး ပြန်ဖို့ကို ပင် မေ့ထားတော့သည်။

သက်ကြီးခေါင်းချ ကြက်ပင်တွန်ပြီဖြစ်သည်။ အိမ် အောက်မှ ချောင်ခို နားထောင်နေကြသော သူငယ်ချင်းများ

မှာလည်း ဒီတစ်ခါတော့ ဟန်ကျလောက်ပြီဟု အိမ်အောက်မှ အသာထွက်၍ နှစ်အိမ်ကျော် လောက်မှ သွားစောင့်နေကြသည်။

မကြာမီ ဖိုးမှတ်ရှိရာ အိမ်ဆီမှ မီးအလင်း မမြင်ရတော့ရာ ကာလသားများမှာ ဖိုးမှတ်အတွက် ဝမ်းအသာကြီးသာလျက် ငါတို့ ဆက်စောင့်မနေမိသည်မှာ မှားပြီဟု ပြောဆိုနေကြလေသည်။ ထိုစဉ် ကုတ်ကုတ် ကုတ်ကုတ်နှင့် ဖိုးမှတ်ပြန်ချလာသဖြင့် ကာလသားများက တစ်ယောက်တစ်ပေါက် အလောတကြီး ဆီးမေးကြ၏။

"ဖိုးမှတ် ဘာလို့ပြန်လာတာလဲ"

ဖိုးမှတ်က ဣန္ဒြေရရ ဖြေ၏။

"ကောင်မလေးက မီးခွက်မှုတ်လိုက်တာကိုဟ"

"ဟင်. . . မီးခွက်မှုတ်တာနဲ့ ဘာလို့ ထ, ပြန်ခဲ့ရတာလဲဟ။ ဆက်လုပ်စရာရှိတာ လုပ်မှပေါ့"

"အမယ် ဖိုးမှတ်ကို ဘယ်ရပါ့မလဲ၊ တစ်ခါ သေဖူးမှ ပျဉ်ဖိုးနားလည်ပြီပဲ၊ အလိုက်သိရမှာပေါ့။ မီးခွက်မှုတ်တာ ပြန်တော့လို့ နှင်တာပေါ့ကွ"

ကာလသားများမှာ ဖိုးမှတ် ရှင်းပြသောစကားကြားပြီး "သေပါတော့ ဖိုးမှတ်ရာ"ဟု ပြုံးတူရေရွတ်လိုက်ကြလေတော့သည်။ ❐



ရိုထည့်

ရှိထည့်

တစ်ခါက လူလိမ်နှစ်ဦးတို့သည် ရွာဦးကျောင်း တံခါးဝသို့ ရောက်လာကြ၏။ တစ်ဦးက မြို့မှလာသော သက်နှံးပရိက္ခရာ အဝယ်သမားအဖြစ်လည်းကောင်း၊ တစ်ဦးက အနီးအပါးကုက္ကိုစုရွာက အလျှုပင့်ရင်း ပစ္စည်းဌားလာသူအဖြစ်လည်းကောင်း ရွာဦးဘုန်းတော်ကြီးအား ဝင်လိမ်ကြရန် တိုင်ပင်ကြသည်။ ပရိက္ခရာသမားက ဦးစွာဝင်၍ တစ်အောင့်လောက်ကြာမှ ပစ္စည်းဌားသမားက ဝင်လိုက်လာရန် ဖြစ်သည်။

ကျောင်းပေါ်ကို ရိုကျိုးသောအသွင်ဖြင့် တက်ရောက်သွားသော ပရိက္ခရာသမား လူလိမ်သည် ကျောင်းပေါ်ရောက်သည်နှင့် မိမိတို့ အထင်နှင့်အမြင် လွဲပြီဟု မှတ်ယူလိုက်၏။ ကျောင်းပေါ်တွင် နာရီ, မှန်ဗီရိုက အစ ဘာပရိဘောဂပစ္စည်းမှ မရှိသဖြင့် ကျောင်းထိုင်ဘုန်းတော်ကြီးမှ ရှိပါရဲ့လေလားဟု ထင်မိလေသည်။ ရောက်မိမှတော့ မထူးတော့ပြီဟု ထိုင်ဝပ်ချရင်း 'ဘုန်းတော်ကြီးဘုရား' ဟု အသံပြုကြည့်သည်။ တိတ်ဆိတ်လျက်ပင် ရှိသည်နှင့် အကြံလက်လျှောကာ ကျောင်းအောက်သို့ ပြန်ဆင်းလာခဲ့သည်။

ဤတွင် ကျောင်းထောင့်ရှိ နံရံမှ မီးခိုးထွက်နေသည်ကိုတွေ့ရသဖြင့် မတတ်သာသည့်အဆုံး ထမင်းတစ်နပ်တော့ စားသွားရတန်လောက်ရဲ့ဟု စဖိုရုံသို့ကပ်သွားသည်။ ဖိုရုံတွင်းခ်ိ အဝတ်ဖြူလျော်လျော်နှင့် ဦးသူတော်ဟု ထင်ရသူ တစ်ဦး ဖိုဆွဲလျက်ရှိလေသည်။ ဖားဖိုဆွဲသံမှာ အသံတစ်မျိုးမည်လျက်ရှိလေသည်။

"ဦးသူတော်ခင်ဗျာ ဘုန်းတော်ကြီးရော"

ဖိုဆွဲနေသော ပုဂ္ဂိုလ်သည် ယခုမှ ပြင်ပကမ္ဘာက လူနှင့်ထိတွေ့ရလေသည့်အလား အာရုံကျက်စားမှုကို ဖိုမှလွှဲဖယ်၍ ဖိုရုံအပြင်သို့ ထ,လာသည်။

"ဘာကိစ္စလဲ ဒကာ၊ ကျွန်ုပ်ဘုန်းတော်ကြီးပဲ"

ဤတွင်မှ ဖိုဆွဲနေသော ပုဂ္ဂိုလ်မှာ ဦးသူတော် မဟုတ်ဘဲ ဤကျောင်း၏ ကျောင်းထိုင်ကိုယ်တော် ဖြစ်ပြီး ဖိုဆွဲလွန်းသဖြင့် ကျောင်းလည်းပြောင်၊ သင်္ကန်းလည်းဖြူ ကျောင်းသားကိုရင်ပင် မကပ်ကြသော အခြေအနေဖြစ်နိုင်ကြောင်း လူလိမ်တစ်ဦး၏ အကင်းပါးမှုဖြင့် ခဏချင်း အဓိပ္ပာယ်ပေါက်လိုက်သည်။

"မှန်ပါဘုရား၊ ကုက္ကိုစုရွာဖက် ဘယ်လမ်းက သွားရမလဲလို့ ဘုရား"

"ဒီကျောင်း ရှေ့လမ်းအတိုင်း ဆက်သွားပြီး စေတီ လေးလွန်တော့ ဘယ်လမ်းအတိုင်းလိုက်၊ လှမ်းမြင်နေရတာက ကုက္ကိုစုပဲ"

"မှန်ပါဘုရား၊ သွားပါဦးမယ်ဘုရား"

ကျောင်းပေါက်ဝမှနေ၍ အခြေအနေလှမ်းအကဲခတ်နေရာ မဟာန်မှန်းသိ၍ ထပ်လိုက်မလာတော့ဘဲ ကျောင်းပေါက်ဝတွင် စောင့်နေသော ပစ္စည်းဌား လူလိမ်က ခြေလှမ်းပြင်ပြီး နှင့်သည်။ ကျောင်းပေါက်ဝသို့ ရောက်မဆိုက်ပင် ပရိက္ခရာ သမားလူလိမ်ကလည်း ပြောလိုက်သည်။

"လစ်ကြစို့ ကိုယ့်လူရေ၊ ဒီကျောင်းက ကိုယ်တော်ကို တို့လိမ်ဖို့မလိုတော့ဘူး၊ ဖြူအောင်ပြောင်အောင် လိမ်မယ့်သူက တို့ထက် အလျင်ဦးနေပြီ၊ ဖို့...ဖို့၊ အဂ္ဂိရတ်ဖို့၊ ဖို့က အသံမြည်နေတာက ရှိ...ထည့်၊ ရှိ...ထည့်" □



ကိုသာဆိုး

ရွာနာမည်မှာ ပဲကြီးကျွန်းဖြစ်၏။

အရှေ့စုရွာအနေနှင့် ကြည့်လျှင်သော်လည်းကောင်း၊ အနောက်စုရွာအနေနှင့် ကြည့်လျှင်သော်လည်းကောင်း ရွာဦးကျောင်းခေါ်ထိုက်သော်လည်း နှစ်စုစလုံးအနေနှင့်မူ အရှေ့စုနှင့်အနောက်စုအကြားတွင် ဘုန်းတော်ကြီးကျောင်းခံ၍ တစ်ဆက်တည်း တည်ရှိနေသော ပဲကြီးကျွန်းရွာ အနေနှင့်ဆိုသော် ရွာလယ်ကျောင်း ဖြစ်၍နေပေသည်။ ပဲကြီးကျွန်းရွာကျောင်းဆရာတော် ဦးရေဝတမှာ ဤရွာသားဇာတိ အသက်သိက္ခာကြီးရင့်ပြီမို့ ကလေး လူကြီး တစ်ရွာလုံး အရင်းအချာသားမြေးတပည့်များ ဖြစ်၍နေပေသည်။

ဆရာတော်မို့ ဒုမင်္ဂလ သုမင်္ဂလကိစ္စနှင့် ရွာထဲသို့ ကြွလာပြီဆိုလျှင် ခြံပေါက်ဝမှ ထွက်၍ ကလေးလူကြီး ဦးတိုက်ကြပေသည်။

ဦးဇထီ ဒေါ်ပိန်သေးတို့ တစ်မိသားစုလုံးမှာ ငယ်စဉ်ကကျောင်းဆိုရ ဘုန်းတော်ကြီးကျောင်းကိုပင် ဟုတ်တိပတ်တိ

မနေခဲ့ရရှာပေ။ ဘုန်းကြီးရဟန်းနှင့်တွေ့လျှင်လည်း နောက်လှို့နေတတ်သော အကျင့်ကြောင့် အပြောအဆို ကပေါက်တီ ကပေါက်ချာ ဌာန်ကရိုဏ်းမကျ ဖြစ်တတ်သည်။

တစ်ခါက ဆရာတော်သည် အရှေ့စုရွာထိပ် အလှူမှ အပြန် ဦးဝထီ ဒေါ်ပိန်သေးတို့ အိမ်ရှေ့ရောက်သော် ဦးဝထီ၏ သမီး ပေါက်စမက ခြံပြင်ထွက် ဦးချသည်။

"ဟဲ့. . နင့်အဖေအမေတို့ ရှိကြရဲ့လားဟဲ့"

"တင်ပါဘုရား၊ အဖေက အလှူ (ကြွ)တယ်၊ အမေက တော့ အနောက်စု (ဒေသစာရီလှည့်) တယ်ဘုရား"

ဆရာတော်က ပြုံး၏။ 'အိမ်း. . ဝထ္ထိသမီး ဟုတ်ပေ့'ဟု ပြောရင်း ဆက်ကြွသည်။

ကျောင်းအနီးသို့ရောက်သော် အနောက်စုမှ ပြန်လာသော ဒေါ်ပိန်သေးနှင့် တွေ့၏။ ဒေါ်ပိန်သေးက မြေတွင် ထိုင်၍ ဝပ်ချလိုက်သည်။

"ဟဲ့. . . ပိန်သေး၊ နင့်သမီးနဲ့တွေ့လို့ နင့်အဖေအမေတို့ ရှိကြရဲ့လား မေးတော့ နင့်သမီးက ဘာပြန်လျှောက်တယ်မှတ် သလဲ။ အဖေကအလှူကြွသတဲ့၊ အမေက အနောက်စုကို ဒေသ စာရီလှည့်သတဲ့"

ဒေါ်ပိန်သေး မျက်နှာတစ်ချက်ငယ်သွားပြီး 'မှန်ပါ ဘုရား။ တပည့်တော် ဆုံးမပါဦးမယ်၊ ဒီကောင်မလေး (မိန့်တော်မူ) လိုက်ရင် ဒီလိုချည်းပဲ' ဟု ဘုန်းတော်ကြီးအား လျှောက်တင် လေ၏။

"အိမ်း. . . ငထ့ီ မိန်းမ ဟုတ်ပေ့"

ဆရာတော် ဆက်၍ကြွလာခဲ့၏။

နောက်နှစ်ရက်အကြာ လပတ်ဆွမ်းအုပ် အလှည့်ကျ သဖြင့် မလာသဖူး ဦးငထီ ကျောင်းသို့ ဆွမ်းအုပ်လာပို့၏။ ဆရာတော်သည် ဦးငထီကို မြင်သည်နှင့် ဟိုတစ်နေ့က အကြောင်းတွေ သတိရလာပြီး ဦးငထီအား အကြောင်းစုံ ပြောပြတိုင်ချက်ဖွင့်သည်။ ဘုန်းကြီးရဟန်းနှင့် ထိတွေ့ ဆက်စပ်မှု မနည်းသင့်ကြောင်း၊ အပြောအဆို မတတ်လျှင် ရိုင်းစိုင်းမှု သဘော သက်ရောက်ကြောင်း ပြောဆိုဆုံးမသည်။

ဦးခေါင်းတညိတ်ညိတ်နှင့် 'မှန်ပါဘုရား. . မှန်ပါ ဘုရား' လိုက်ကာ နာယူနေသော ဦးငထီသည် ဆရာတော်၏ ဟောပြောဆုံးမမှု ပြီးသည်နှင့် သူ့သမီးနှင့်ဇနီးတို့အတွက် နှုတ်ဖြင့် ကတိပေးကာ တာဝန်ယူသွားသည်။

"မှန်ပါဘုရား၊ ဒီတစ်ခါတော့ သည်းခံပါဘုရား၊ ဒီဗိုင်းတာမတွေကို ဒီအချိုးမျိုးနှင့် ဘယ်တော့မှ ဆရာတော် (မဖူးတွေ့) စေရပါဘူး ဘုရား"

ဆရာတော်က ဦးထေကို ကြည့်၍ ပြုံးရုံမှတစ်ပါး စကားအသစ် မဆက်ရဲတော့ပေ။

"ဟုတ်ပေ့ ထေရေ. . ဟုတ်ပေ့. . ဟုတ်ပေ့" ❑

ဇရပ်ခါးပန်းက စာ

မြန်မာလူငယ် လူရွယ်များတွင် ဘယ်ကနေ အကျင့်က ဘယ်လိုပါလာခဲ့သည် မသိ။ ကွမ်းစားရင်း လက်ညိုးတွင် ပေကျံ့သောထုံးကို တွေ့ရာတိုင်နံရံ၌ သုတ်တတ်ကြသည်။ လက်ထဲမီးသွေးခဲတစ်ခဲ သို့မဟုတ် မြေဖြူခဲတစ်ခဲရလျှင် အုတ်နံရံ တိုင်တံခါး စသည်တို့တွင် လက်ကမျင်းကြော ထကြတော့သည်။ တားမြစ်ချက် ရေးသားထားသော စာတမ်းများထဲမှ (မ) ကို လက်လှမ်းမမီလျှင်သော်မှ တုတ်တစ်ခုနှင့် ထိုးဖျက်တတ်ကြသည်။

ကျောင်းကန်ဘုရားများတွင်လည်း ဘုန်းတော်ကြီးက ဘယ်လိုပင် ပညတ်ပညတ် ကျောင်းတိုင် ဇရပ် ကုဋီ အိမ်သာ စသည်တို့မှာ မြေဖြူခဲ မီးသွေးခဲ ဘေးဒဏ်မှ ကင်းလွတ်သည်ဟူ၍ မရှိပေ။ ကျောင်းသားကလည်း ရေး၏။ ကိုရင်ကလည်း ရေး၏။ ယုတ်စွအဆုံး ဇရပ်ပေါ် ဝင်နားသွားသော သူတောင်းစားအရူးကပင် ကြံ့သလို ရေးခြစ်သွားတတ်ပေသေးသည်။

တစ်ခါက ဇရပ်ခါးပန်းတွင် သူတောင်းစားအရူး တစ်ယောက် ရေးသွားသော စာသုံးလုံးကြောင့် ပညာရှိ သူတော်ကောင်းများ ရူးရမည့်ကိန်း ဆိုက်ဖူး၏။ သူတောင်းစား အရူးက ဇရပ်ခါးပန်းတွင် (ကျွတ်မုန်းဝင်) ဟု စာလုံးကြီးကြီးနှင့်ရေးသွားသည်ကို ဇရပ်ဒကာ တွေ့ရှိပြီး ထူးခြားသည်ဟု ထင်မှတ်ကာ ရေးကူးမှတ်သား၍ ရွာဦးဘုန်းတော်ကြီးအား ပြသသည်။

ဘုန်းတော်ကြီးမှာလည်း ထူးခြားသည်ဟု မှတ်ယူကာ တရားသဘောနှင့် ရှင်းပြ၏။

"ဒကာရဲ့ ဒီစာဟာ လောကီလောကုတ် ကျွမ်းကျင်သူ တစ်ဦးဦးက ရေးသွားတာ ဖြစ်ဖွယ်ရှိတယ်။ ကျွတ်ဆိုတာက ရာဂ ဒေါသ မောဟ စတဲ့ ကိလေသာအညစ် အရစ်အပတ်တွေက(ကျွတ်) လို့ရှိရင် သံသရာစက်ဆိုတဲ့ ဒုက္ခသစ္စာကို (မုန်း) ပြီး မဂ္ဂသစ္စာပွားလို့ နိဗ္ဗာန် (ဝင်) နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ် သဘောသက်ရောက်တယ်"

ဘုန်းတော်ကြီး ရှင်းပြသည်မှာ တရားသဘောဖြစ်၍ လက်ခံခဲ့ရသော်လည်း သိပ်တော့ဘဝင် အကျကြီးမဟုတ်လှ။ ဗိန္ဓောဆရာနှင့် တွေ့သည့်အခါ ထိုအကြောင်းပြောပြရာ ဆေးဆရာကလည်း သူ့ရှုထောင့်နှင့် ရှင်းပြ၏။

"ဘုန်းတော်ကြီး ရှင်းပြတာလဲ မှန်တာမို့ မပစ်ပယ်အပ်ဘူး။ ဒါပေမယ့် ကျွန်ုပ်အထင်တော့ ဒါဆေးစာ။ ဆေးဆရာကြီး တစ်ဦးဦး ရေးသွားတာဖြစ်မယ်၊ (ကျွတ်) ဆိုတာက မ္ဂိုကျွတ် (မုန်း) ဆိုတာက သမုန်းကတိုးခေါက်၊ (ဝင်)က သင်းဝင်ပေါက်ဖြ။ ဒီသုံးမျိုးအမျှစီ သုံးခွက်တစ်ခွက်တင် ကြိုသောက်ရင် ဒုလာပါဒရက်ရောဂါအတွက် အကောင်းဆုံးဆေးတစ်လက်ပဲ"

ဒါကိုလည်း ဇရပ်ဒကာမှာ မကျေနပ်သေးဘဲ အဂ္ဂိရတ်သမားနှင့်တွေ့တော့ ပြောပြပြန်၏။ အဂ္ဂိရတ်သမားကလည်း သူ့ရှုထောင့်ဖြင့် ရှင်းပြပြန်၏။

"(ကျွတ်)ဆိုတာက တနလ်ာနံ ကျားကိုယူ၊ (မုန်း) ဆိုတာက ကြာသပတေးနံ ကြွက်ကိုယူ၊ (ဝင်)ဆိုတာက ဗုဒ္ဓဟူးနံ ဆင်ကိုယူ၊ အဂ္ဂိရတ်စာအဆိုက (ကျားမင်းကြွက်ခ်ီ၊ ဆဒ္ဒန်ရိုက်က၊ ပြာလျှင်ကျသည်၊ မုချနိဗ္ဗာန်ဝင်ကြောင်းတည်း) တဲ့။ ကဲ-ဒီစာက ပေါက်မြောက်ဖို့ အတိတ်နိမိတ်နဲ့ ဇရပ်ဒကာနဲ့ထိုက်လို့ရတဲ့စာ"

ဇရပ်ဒကာအဖို့ အူချာတော့လည်နေပြီ။ သူတောင်းစားအရှေ့ ရေးသွားသည့် ကျွတ်မုန်းဝင် စာသုံးလုံး ဇရပ်ခါးပန်းမှာတွေ့ပြီးသည့်နောက် လူတွေ့တိုင်းဆက်မေးပါက ဇရပ်ဒကာပါ ရှေ့တော့မည်လား မပြောတတ်ပေ။

အမှန်မှာ သူတောင်းစား အရူး ရေးမှတ်ထားသည့် အဓိပ္ပာယ်မှာ သီတင်း(ကျွတ်)၌ တန်ဆောင်(မုန်း)ရောက်လျှင် (ဝင်)ဝက်ပါ ဘုရားပွဲလှည့်တဲ့အခါ မုန့်ဟင်းခါးစားရမည်ကို ရည်ညွှန်း ရေးမှတ်ခဲ့ခြင်းဖြစ်သတည်း။ ❑

လူပျင်းကံကောင်း

ဝတ်ပြုသည်ဆိုခြင်းကို ဘုန်းတော်ကြီး ကျောင်းသား တိုင်းသိရှိကြလေသည်။ ညဘက်တွင် စာကျက်, စာအံအပြီး ဘုန်းတော်ကြီး လဲလျောင်းနေရာသို့ ကျောင်းသားကိုရင်များက သွားရောက်နှိပ်နယ်ပေးကြခြင်းကို ခေါ်ခြင်းဖြစ်ပါသည်။

များသောအားဖြင့် ဘုန်းတော်ကြီးများမှာ အညောင်းမိလျက် ဒူလာစွဲတတ်ရာ ဘယ်သို့မျှ နှိပ်နယ်စေ(ဘမူ ထုံနေတတ်သည်။ ခဏနှင့်လည်း မပြီးတတ်သဖြင့် ကျောင်းသား, ကိုရင်များမှာ ခြေကျင်လောက်အောင် ဇွဲနှင့် နှိပ်နယ်ကြရသည်။ ထိုအခါ ဘုန်းတော်ကြီးကလည်း သူ့တပည့်များ မပျင်းရအောင် ပုံပြင်လေးများ၊ မှတ်သားစရာကလေးများ ပြောပြတတ်လေသည်။

တစ်ညတွင် ဘုန်းတော်ကြီးက ပျင်းလျှင် ဖျင်းတတ်ပြီး မကောင်းကြောင်းပြောပြသည်တွင် ကျောင်းသား တစ်ယောက်က 'ပျင်းတာနာမည်ဆိုးသလောက် လူသက်သာတယ်ဘုရား' ဟုလျှောက်သည်။ ဘုန်းတော်ကြီးက 'အေး. . . မင်းပြောတဲ့ လူပျင်းကံကောင်းအကြောင်း ပြောရဦးမယ်' အစချီကာ ပုံပြင်တစ်ပုဒ်ကို ပြောပြလေသည်။

ရွာတစ်ရွာတွင် လူပျင်းလင်မယား ရှိလေသည်။ တစ်ညတွင် လူပျင်းအိပ်ပျော်နေစဉ် အိမ်နောက်ဖေးကုက္ကိုပင် အရှေ့ဖက်အမြစ်အောက်မှ ရွှေအိုးကို တူးဖော်ရရှိသည်ဟု အိပ်မက်မြင်မက်သည်။

လူပျင်းသည် သန်းခေါင်ယံအချိန် အိပ်ရာမှတစ်ရေးနိုးသော် မိန်းမအားနှိုးရ၍ အိပ်မက်အကြောင်းကို ပြောပြသည်။ မိန်းမလုပ်သူက ရွှေမက်သူပီပီ မနက်လင်းလျှင်သွားတူးကြည့်ရန် လူပျင်းအား ပြောပြသည်။ ယောက်ျားလူပျင်းက 'ဟေ့-မိန်းမ၊ သွားတူးယူမှရမယ့်အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး၊ ကံရှိလို့ပေးချင်လျှင် အိမ်အရောက် လာပေးပစေ' ဟုပြော၍ ပြန်အိပ်လေသည်။

လူပျင်းလင်မယား အိပ်ရာထဲတွင် ပြောသောစကားကို အိမ်အောက်တွင် လူအိပ်ချိန်ကို မှောင်ရိပ်ခိုစောင့်ဆိုင်းနေသော သူခိုးက ကြားသွားသည်။ စားရက်ကြုံသဖြင့် မုတ်ဆိတ်ပျားစွဲသည့်ကိန်းကြုံပြီဟု အိမ်သို့တူရွင်းပြန်ယူကာ လူပျင်း၏ အိပ်မက်အတိုင်း ကုက္ကိုပင် အရှေ့ဖက်အမြစ်အောက်၌ ညတွင်းချင်း တူးဖော်သည်တွင် အိုးတစ်လုံးရရှိသည်။

သူခိုးသည် ဝမ်းသာအားရနှင့် လရောင်ဖြင့် အိုးအတွင်းကြည့်လိုက်သောအခါ မြွေတစ်ကောင် မလှုပ်မယှက် ခွေနေ

သည်ကို တွေ့ရသဖြင့် လူပျင်းလင်မယားအား ကျိန်ဆဲမိ လေသည်။ 'သက်သက် ငါ့ကို မြွေကိုက်အောင် ကြံတာပဲ' ဟု အိုးကိုမ, ယူကာ လူပျင်းလင်မယား အိမ်ပေါက်ဝတွင် ချပစ်ခဲ့ လေသည်။

နံနက်မိုးလင်း၍ လူပျင်းလင်မယား နိုးသောအခါ အိမ်ပေါက်ဝတွင် အိုးတစ်လုံးကို ထူးထူးဆန်းဆန်း တွေ့သည်။ အိုးထဲတွင် မြွေခွေနေသည်မှန်း သိလျှင်သိချင်း လူပျင်းက အိုးကိုခြေဖြင့် အိမ်ပေါ်မှကန်ချပစ်လိုက်သည်။ အိုးကျကွဲလျှင် မြွေမှာအိုးကွဲများပေါ်မှ လျှောခနဲ ထွက်ခွာသွားလေသည်။ မြွေအခွေအောက်မှ ထွက်လာသည်ကား ရှေးလူကြီးများ မြှုပ်နှံသွားသည်ဟု ယူဆရသော ရွှေ, ငွေ လက်ဝတ်ရတနာ အထုပ်တစ်ခုကို လူပျင်းလင်မယား မယုံကြည်နိုင်အောင် တွေ့ကြ ရလေတော့သည်။

လူပျင်းလင်မယားမှာ တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ပြုံးပျော်ရင်း ရွှေထုပ်ကို ပြိုင်တူဆင်းကောက်ကြသည်။ အိုးထဲမှ မြွေ ဘယ်ကနေ ဘယ်ရောက်သွားသည်ကိုပင် မကြည့်အား မမြင်အားကြတော့ပေ။ ကံကောင်းချင်တော့ လူပျင်းလင်မယား အဖို့ သွားရောက်မတူးယူရဘဲ အိမ်အရောက် ရွှေထုပ်ရောက် လာခဲ့ပြီတကား။ ❑

ရွှေချဉ်ပေါင်လက်ချား ဝက်သားနှင့်လဲ

ရဟန်းတော်များတွင် ချန်ခြင်း ကျော်ခြင်း မရှိဘဲ အိမ်စဉ်အတိုင်း ဆွမ်းခံကြွရန် ဝိနည်းရှိ၏။ အယုတ်အလတ် အမြတ်မရွေး အာမိသအပေါ် ခုံမင်ရွေးချယ်၍ စိတ်ကစားခြင်း မရှိဘဲ မျက်နှာကြီးမျက်နှာငယ်မလိုက် အာဟာရတစ်ခု အနေနှင့်သာ မှီဝဲသုံးဆောင်လျက် ကျင့်ကြံခြင်းအားဖြင့် သပဒါန စာရိုက ဓုတင် အကျင့်မြတ်ကိုဆောက်တည်ရာရောက်ပေ၏။

တောရဆောက်တည်သော မထေရ်များအနေနှင့် ထိုသို့ဆွမ်းခံဝိနည်းကို သိအပ်သလို ဂါမဝါသီ, နဂရဝါသီ ရွာနေမြို့နေ မထေရ်များလည်း အပင့်အဖိတ်ကဏ္ဍများတွင် ထိုနည်းကျင့်သုံးတတ်ကြပေသည်။ သို့ရာတွင် ဝိနည်း အကျင့် ပိုင်းအားပျော့လျက် ပစ္စယအာမိသအပေါ် စိတ်လှုပ်ရှား ကိုင်းညွှတ်မှု မသိမသာလေးရှိတတ်သည့် အနေအထားများ ကိုလည်း တစ်ခါတစ်ရံ တွေ့ရတတ်လေသည်။

တစ်ခါက ရွာတစ်ရွာတွင် ကျောင်းထိုင်ကိုယ်တော် တစ်ပါးသည် ငယ်စဉ်က စာပေသင်ကြားမှု နည်းပါးခဲ့ပြီး

ဝိနည်းအရာတွင် ဆရာနည်း မှတ်သားရုံလောက်နှင့် ကျင့်ကြံ ကာ ကျောင်းထိုင်လျက်ရှိသည်။ တစ်နေ့တွင် ဒကာတစ်ဦးက ဆွမ်းစားလာပင့်၍ လက်ခံလိုက်သည်။ ထိုဒကာမှာ ဆင်းရဲသား ဖြစ်ရာ မေးနေစရာပင်မလို။ ချဉ်ပေါင်ရည်ဟင်း အဓိကဖြင့် ဆွမ်းကပ်မည်မှာ သေချာသလောက်ဖြစ်သည်။

ထိုဆင်းရဲသားဒကာ ဆွမ်းစားပင့်ပြီး ပြန်သွား၍ မကြာခင် ဒကာတစ်ဦးက နေ့ထပ်လျက် ဆွမ်းစားပင့် ရောက် လာပြန်သည်။ ထိုဒကာမှာ ချမ်းသာသူဖြစ်ရာ သူဆက်ကပ် သောဆွမ်းပွဲဝယ် ဝက်သား, ကြက်သား ပါမည်မှာ ဗေဒင်မေး စရာပင် မလိုပေ။ ပထမ နေ့လွှဲကြည့်၏။ မရ။ နောက် အရုဏ် ဆွမ်း, နေ့ဆွမ်း လွှဲကြည့်၏။ စီစဉ်ပြီး ဖိတ်ကြားပြီးဖြစ်သဖြင့် မရပေ။ သို့နှင့် ထိုနေ့ရောက်မှ ဆွမ်းစားပင့် အထောက်ဦးသူ နောက် ဦးစွာလိုက်တော့မည်။ ပြီးမှ မွန်းမတိမ်းမီ နောက် တစ်အိမ်ဆက်မည်ဟု စိတ်ဆုံးဖြတ်၍ ထားလိုက်လေသည်။

ထိုနေ့ရောက်သောအခါ ဒကာနှစ်ဦးမှာ ကျောင်း ပေါက်ဝသို့ ဆွမ်းစားပင့်ရန် တစ်ပြိုင်တည်း ပေါ်လာသဖြင့် ကျောင်းထိုင်ကိုယ်တော်မှာ အခက်ကြုံတော့သည်။ အကျိုး အကြောင်းပြောပြ နားချသော်လည်း ဒကာနှစ်ဦးလုံးမှာ ညှိမရ ဘဲ ဖြစ်၍နေသည်။ ဝက်သားဟင်းနှင့်ဖြစ်စေ၊ ချဉ်ပေါင်ဟင်းနှင့်

ဖြစ်စေ တစ်ထပ် ဘုဉ်းပေးပြီးမှ ဒုတိယအကြိမ် ဆွမ်းကပ်ရလျှင် စတိသဘော တို့ကနန်း ဆိတ်ကနန်းနှင့်သာ ပြီးဆုံးရမည်မို့ ဘယ်လိုမှ ကျေနပ်အားရစရာဖြစ်မည် မဟုတ်ပေ။

သို့နှင့် နောက်ဆုံးတွင် ကျောင်းထိုင်ကိုယ်တော်နှင့် ဒကာနှစ်ဦးတို့ သုံးဦးသုံးဖလှယ် သဘောတူချက် ချရတော့သည်။ ကျောင်းထိုင်ကိုယ်တော်ကို အလယ်မှထား၍ ဒကာနှစ်ဦးက ဘုန်းကြီးကို လွန်ဆွဲကြရန် ဖြစ်ပေ၏။

အစီအစဉ်ချ၍ လွန်ဆွဲကြရာ ဆင်းရဲသားဒကာမှာ လက်လုပ်လက်စားမို့ အားသန်သဖြင့် လွန်ပွဲတွင် အနိုင်ဖက်သာနေလေသည်။ သို့သော် ကျောင်းထိုင် ကိုယ်တော်၏ခြေထောက်မှာ ဆင်းရဲသားဒကာဖက် ကန်ထား၍ ချမ်းသာသူ ဒကာဖက် အားပြုထားသဖြင့် ချမ်းသာသူသာ နိုင်ဖို့ရှိတော့လေသည်။

အခြေအနေကို ရိပ်စားမိသော ဆင်းရဲသားဒကာလည်း စိတ်ထဲတွင် ကျောင်းထိုင်ကိုယ်တော်အပေါ် မကျေမနပ်ဖြစ်လာသည်။ ရွှေချဉ်ပေါင်လက်ချား ကြက်သားနှင့်သာ မလဲရှိမည်။ ဝက်သားနှင့်မူ လဲလေပြီဟု စိတ်ထဲမှာ မှတ်ယူလိုက်မိလေသည်။

တစ်ဖက်မှ အားပြင်းအောင်မျှားယူပြီး ဆောင့်လွှတ်လိုက်ရာ ချမ်းသာသူဒကာမှာ မြေတွင်ပုံရက်သားလဲလျက် ကျောင်းထိုင်ကိုယ်တော်က အပေါ်မှ ထပ်ဖိလဲပြီကာ နှစ်ဦးသား ခြေကုန်လက်ပန်းနှင့် မထနိုင်ဘဲ ရှိလေတော့သည်။ ဆင်းရဲသားဒကာသည် 'ချဉ်ပေါင်ကိုကာပြန်လို့ ဝက်သားဆီ ခြေကန်ရှန်း၊ သွားပေါ့မောင်ဖုန်း' ဟုဆိုမြည်ရင်း လှည့်ထွက် သွားလေတော့သတည်း။ ❑

မောင်ဘုန်း ပြန်ရက်

အားနာပါးနာ စိတ်ထားသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့တွင် ရိုးသားစွာရှိနေ၏။ ရိုးသားသော ထိုစိတ်ထားကို အခွင့်ကောင်းယူ၍ လူမျိုးခြားတို့သည် ရောင်းဝယ်ကြီးပွားလျက်ရှိသည်ကို မြို့ပြများတွင် တွေ့ရနိုင်သည်။

အားနာပါးနာစိတ်သည် ဘုန်းကြီးရဟန်းများတွင် လူဒါယကာများထက်သာလွန်ပေသည်။ အားနာစိတ် ရှက်ရွံ့စိတ်ဖြင့် ပရိက္ခရာ ပရိဘောဂများ၊ ပန်းကန်ခွက်ယောက်များ လူလိမ်ခံ ရဖူးကြ၏။ ဆွမ်းခံရာ၌ပင် အိမ်တွင် ဧည့်ထူ အလုပ်ရှုပ်နေပါက ဆွမ်းခံမဝင်ဘဲ အိမ်ကျော်ကြွရတတ်သည်လည်း ရှိ၏။ ယုတ်စွ အဆုံး ဆက်ကပ်သော ဆွမ်း ဆွမ်းဟင်းမည်မျှပင် အစပ် မတည့်စေဦး ချေးမများဘဲ 'ကောင်းပါတယ်' ဟုသာ ဒကာ ဒကာမများ၏ သဒ္ဓါတရားကို ငဲ့၍ အမိန့်ရှိတတ်ကြသည်။

ဂင်းကို ဒကာ ဒကာမများကလည်း အလိုက်သိတတ်ရပေသည်။ အကယ်၍ ဘုန်းကြီးရဟန်း၏ အလေ့အကျင့်ကို

အထာမပေါက်ဘဲ အလိုက်မသိတတ်သော ဒကာ ဒကာမနှင့် နှစ်ပါးသွားနေရပါက ဘုန်းကြီးရဟန်းများမှာ ငတ်ကိန်းတိုးတော့သည်။

တစ်ခါက အညာရွာတစ်ရွာတွင် ဒေါ်မွေးအုံ့ဆိုသော ဒကာမကြီးတစ်ဦးရှိသည်။ ရွာဦးကျောင်းဘုန်းတော်ကြီးအား ပစ္စည်းလေးပါး ဒါယကာအဖြစ် လျှောက်ထား၍ ကျောင်းသို့ ဆွမ်းအမြဲပို့လျှုလေ၏။ တစ်နေ့တွင် ဟင်းချက်စရာ ရှားပါးလေရာ ဆွမ်းအုပ်၌ ချဉ်ပေါင်ဟင်းသာ အဓိကပါသည်။ ဘုန်းတော်ကြီးဆွမ်းဘုန်းပေးလျှင် 'ဒီနေ့ဟင်းအမယ် ရှားလို့ ဘုရား'ဟု ဒေါ်မွေးအုံ့က လျှောက်ထားသည်။ ဘုန်းတော်ကြီး ကလည်းအလိုက်အထိုက်ပင် 'ကောင်းပါတယ် ဒကာမကြီး၊ ချဉ်ပေါင်ဟင်းနဲ့ ငရုတ်သီးထောင်းကို သွားခံတွင်းတွေ့နေတယ်။ ရွှေချဉ်ပေါင်လက်ချား ကြက်သားနဲ့ မလဲပေါင်ဆိုတာတောင် ရှိသေးမဟုတ်လား' ဟု ဘုန်းတော်ကြီးက ဒကာမကြီးဒေါ်မွေးအုံ့ သဘောပေါက်စေရန် အပိုဆာဒါးလေးနှင့် အမိန့်ရှိလိုက်၏။ ဒေါ်မွေးအုံ့မှာ ဆွမ်းပို့ပြန်သည်နှင့် အိမ်တွင်ကျန်ခဲ့သော သူ့ယောကျ်ားအား 'ဘုန်းကြီးအကြိုက် ခုမှသိတော့တယ်။ ဘုန်းကြီးက ချဉ်ပေါင်ဟင်း သိပ်ကြိုက်တာ၊ ကြက်သား ဝက်သားထက် ကြိုက်သတဲ့။ တော့ ချဉ်ပေါင်ခင်းကို ဘယ်တော့မှမပျက်စေနဲ့' ဟုပြော၏။

ထိုနေ့မှစ၍ ဒေါ်မွေးအုံ ဆွမ်းပွဲမဖွင့်လိုက်နှင့်။ ဖွင့်လိုက်သည်နှင့် ချဉ်ပေါင်ဟင်းက အမြဲထာဝစဉ် ဖြစ်နေတော့သည်။ ဘုန်းတော်ကြီးမှာလည်း ကြာတော့ ချဉ်ပေါင်ဟင်းကို ငြီးငွေ့လှပြီ။ အနံ့ပင်မခံချင်တော့။ သို့သော် မိမိစကားနှင့် မိမိအကျိုးပေးမို့ အောင့်အည်းမျိုသိပ်နေရ၏။ မိုးကုန်လျှင် ဟင်းပြောင်းတန်ကောင်းရဲ့။ ဆောင်းကျွတ်လျှင် ဟင်းပြောင်းတန်ကောင်းရဲ့နှင့် ရာသီတွေသာ အလီလီ ပြောင်းလဲသော်လည်း ရွှေချဉ်ပေါင်မှာ ပန်းပန်လျက်ပဲ ဖြစ်နေသည်။

သို့နှင့် ဘုန်းတော်ကြီးက ဒေါ်မွေးအုံ ဆွမ်းလာပို့စဉ် 'ဒကာမကြီး၊ ချဉ်ပေါင်တုံးတော့မလား' ဟုမေး၏။ ဒေါ်မွေးအုံက ကောက်ကာငင်ကာပင် ' စိတ်ချဘုရား၊ ဒကာကြီးက ဘုန်းကြီးကြိုက်မှန်းသိလို့ ဆယ့်နှစ်ရာသီ မပြတ်ရအောင် အခင်းမပျက် ဆက်စိုက်ထားပါတယ်ဘုရား' ဟုပြန်လျှောက်၏။

ဘုန်းတော်ကြီးလည်း 'တန်တော့' ဟုစိတ်နှင့် မြည်ကြွေးကာ တစ်ရက်နှစ်ရက်အကြာတွင် အခြားအကြောင်းတစ်ခုကိုပြ၍ ရွှေချဉ်ပေါင်နှင့်ဝေးရာသို့ ပြေးခဲ့ရတော့သည်။

ဒေါ်မွေးအုံမှာကား ဘုန်းတော်ကြီးကို ချဉ်ပေါင်ကြောက်၍ ပြေးသည်မထင်ဘဲ အခြားအကြောင်းကြောင့်သာ

ကြွသွားသည်ထင်မှတ်ပြီး ဘုန်းတော်ကြီးပြန်အကြွကို ချဉ်ပေါင်ခင်းမဖျက်ဘဲ မျှော်တလင့်လင့်နှင့် စောင့်နေ၏။

ဘုန်းတော်ကြီး ကြွသွားသည်မှာ တစ်နှစ်တစ်ဝါမက ကြာသောအခါတွင် ဒေါ်မွေးအုံသည် ဘုန်းတော်ကြီး၏ သတင်းစကား နားထောင်၍ သတင်းရလျှင် လူကြုံလွှတ် အပင့်ခိုင်းရာ မကြာမီ လူကြုံပြန်ရောက်လာ၏။ ဘုန်းတော်ကြီးကား ပါမလာ ပေ။ ဘုန်းတော်ကြီးက စာနှစ်ကြောင်း ရေးပေးလိုက်သဖြင့် ထိုစာကိုသာ ဒေါ်မွေးအုံမှာ ဖတ်ရရှာတော့၏။

"ခရီးကြုံ မွေးအုံကို ပြောလိုက်ပါ"

"ရွှေချဉ်ပေါင်တုံးခါမှ မောင်ဘုန်းပြန်ခဲ့မယ်" □

စာတနေ

ဆေ့ဆော်မှု စိတ်ထားအမှန်ကို စေတနာဟုခေါ်သည်။ စေတနာ သည် ကံမည်၏။ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ-ဟု ဟော၏။ ဗုဒ္ဓဘာသာမှန်လျှင် ကံကံ၏ အကျိုးကို ယုံကြည်ကြလေ၏။

ကံကံ၏အကျိုးကို ယုံကြည်သည် အားလျော်စွာ သားတစ်ယောက် ဆိုးသွမ်းနေ၍လည်းကောင်း၊ ပစ္စည်းဟောင်းက အိမ်ရှုပ်နေ၍လည်းကောင်း 'မကောင်းကျောင်းပို့'သူက ပို့ကြ၏။ နွားငယ်ပျောက်ရာ ရှာမရတော့သဖြင့် စိတ်, ဒုံးဒုံးချပြီး 'နွားပျောက်ကို အလကားပေး'သူကလည်း မရှားပေ။ 'နို့အိုးကျကွဲရာ ရွှေစည်းခုံလှ'သူကမူ အမြတ်ဆုံး ဖြစ်ပေတော့မည်။

ရွှေစည်းခုံဘုရားအား လှုဒါန်းသူ ဒါနရှင်စာရင်းထဲတွင် ကမ္မည်းမဝင်သူ တစ်ဦးလည်း ကြားဖူးကြပေမည်။

တစ်ခါက ပုဂံတစ်ဖက်ကမ်းရွာမှ လူအချို့သည် ပုဂံဘက်ကမ်းသို့ ကူးတို့လှေဖြင့် ကူးလာခဲ့၏။ ဧရာဝတီမြစ်လယ်

အရောက် အနောက်ရမ်းလေပြင်းတစ်ခုက ရုတ်တရက်တိုက်ခတ်သဖြင့် လျှေလူးကာ မှောက်လေ၏။ အမျှားအားဖြင့် ဧရာဝတီမြစ်အနီး နေသူများဖြစ်၍ ရေကူးတတ်သဖြင့် လျှောင့်ကွာသွားသူများလည်း လျှေဆီပြန်ကူးလာကာ လျှေနံရံ ဖက်တွယ်လိုက်ကြသည်။ လျှေဝမ်းထဲ၌ ရေပြည့်နေပြီ။

ထိုလေဘေး ရေဘေးဒုက္ခသည်များအနက် ရေမကူးတတ်သူ လူကြီးတစ်ဦးမှာ ကံကောင်းထောက်မပြီး ကြောက်အားလန့်အား လျှေနံရံ အသေဖက်ကိုင်ထားနိုင်ခဲ့၍ အသက်ဘေးမှ ချမ်းသာရာရခဲ့၏။ ထိုသူမှာ အလွန်တစ်ရာကြောက်ရွံ့လျက်ရှိပြီး ပုဂံဘက်ကမ်းတွင် လှမ်း၍ ဖူးမြင်နေရသော ရွှေစည်းခုံဘုရားကို အာရုံပြုလျက် တုန်တုန်ခိုက်ခိုက် ဆုတောင်းလျက်သာနေ၏။

"ရွှေစည်းခုံစေတီတော်မြတ်ကြီးကို တပည့်တော်ပိုင်ပစ္စည်းအားလုံး လျှူပါ၏။ အသက်ချမ်းသာရာ ရပါလို၏ဘုရား"

အခြားသူများကလည်း ထိုလူကြီးအား သနားပြီး မစိုးရိမ်ရန် မြဲမြဲကိုင်ထားရန် အားပေးကြ၏။

လေပြင်းကမူ ပျော့သွားပြီဖြစ်၏။

ပုဂံဖက်ကမ်းမှာ လေအောက်ကျသဖြင့် လျှေကပုဂံဘက်ကမ်းသို့ တရွှေ့ရွှေ့သွားနေ၏။ လျှေနံရံကိုခိုထားသူ ဒုက္ခ

သည်မျှားအနက်မှ အချို့ကလည်း စိုးရိမ်ခြင်း အလျှင်းမပြုဘဲ ခြေထောက်များဖြင့် ယက်ကန်ပေးကြ၏။

သည်လိုနှင့် လေမှာ ရေလယ်နှင့်စာလျှင် ပုဂံဖက် ကမ်းသို့ တစ်ဝက်နီးလာပြီဖြစ်သည်။ ရေမကူးတတ်သူလူကြီး၏ နှုတ်မှ တုန်တုန်ခိုက်ခိုက် ဆုတောင်းသံမှာလည်း တစ်ဝက်ပျော့ သွား၏။

"ရွှေစည်းခုံစေတီတော်မြတ်ကြီးကို တပည့်တော်ပိုင် ပစ္စည်းတစ်ဝက် လျှောပါ၏။ အသက်ချမ်းသာရာ ရပါလို၏ဘုရား"

ဆုတောင်းသော အသံပျော့သွားသည်နှင့်အမျှ ပစ္စည်း ပါ ထက်ဝက်လျော့သွားသဖြင့် ကြားရသူ လေဘေးရေဘေး ဒုက္ခသည်များမှာ ဒုက္ခသုက္ခကြားမှ ပြုံးမိကြ၏။

လေကား တရွေ့ရွေ့နှင့် ကမ်းအနီးသို့ ကပ်လာပြီ ဖြစ်ပြီး တစ်ချို့ဆိုလျှင် ကမ်းကိုပင် လက်ပစ်ကူးသွားကြပြီဖြစ်၏။ ရေမကူးတတ်သူလူကြီး၏နှုတ်မှ တုန်တုန်ခိုက်ခိုက် ဆုတောင်း သံ ထပ်မကြားရတော့ပေ။ ကမ်းစပ်တွင် ခြေဖျားထောက်မိ တော့မှ ထိုလူကြီးထံမှ အသံထွက်လာလေသည်။ သို့သော် စောစောကလို ရွှေစည်းခုံဘုရား အလျှုနှင့်ဆုတောင်း မဟုတ်။

"ကျုပ်လဲ ကြောက်ကြောက်နဲ့ ဘာတွေရွတ်ဆိုမိမှန်း မသိပါဘူးဗျာ"

လေဘေးရေဘေးဒုက္ခအကြားမှ အောင်မြင်စွာ အတူလွတ်မြောက်လာခဲ့သူများအဖို့ နောက်မှ 'သာခု' လိုက်ခေါ်သံက ပျော်ရွှင်စရာတစ်ခုအဖြစ် ကမ်းလုံးလွင့်ပျံသွားတော့သည်သာ။ □



နားထိုင်းတို့ရွာ

အညာဒေသ ရွာတစ်ရွာရှိ ရွာဦးကျောင်းအနီး ထန်းတောကြီးမှာ နေပြောက်မထိုးအောင်ပင် ပိတ်ပိတ်သဲသဲ စည်ကားလှ၏။ ကလေးသူငယ်များအဖို့ ထန်းတောအလယ် ရောက်လျှင် အရှေ့အနောက်တောင်မြောက် မခွဲခြားတက်တော့ဘဲ ဘယ်ဆီကြည့်ကြည့် ထန်းပင်လုံးများပိတ်ဆီးနေကာ ရွာခြေ ပျောက်လျက် မျက်စိလည်နေပါတော့သည်။ ထန်းတောကြီး ညို့နေသလောက် နံနက်လင်းကနေ နေဝင်မိုးချုပ်အထိ ထန်းတက်သမားများ မြူအိုးကောက်သူများနှင့် ဘယ်သောအခါမှ ခြောက်ကပ်သည်မရှိပေ။

ထန်းတော၏ မြောက်ဖက်အစွန်တွင်တော့ နားအကြားအာရုံ ချွတ်ယွင်းသလောက် ထန်းတက်မြန်လှသူ ညိုကြီးက ထန်းပင်အတော်များများကို ပိုင်စိုးထားသည်။

တစ်နေ့တွင် ထန်းတက်သမား ညိုကြီးထံသို့ ရွာထဲမှ ကုလားအဖိုးကြီးတစ်ဦး တုတ်တစ်ချောင်းကိုင်လျက် ရောက်

လာသည်။ ဆိတ်ကျောင်းရင်း အိပ်ပျော်သွားရာမှ ဆိတ်အုပ် ပျောက်၍ သူ့ဆိတ်ကိုရှာဖွေရင်း ရောက်လာခြင်းဖြစ်သည်။ ကုလားအဖိုးကြီးက ထန်းပင်ပေါ် ရောက်နေသော ညိုကြီးအား လှမ်းအော်မေးသည်။

"ဟေ့. . ညိုကြီး၊ ငါ့ဆိတ်အုပ် မင်းအပေါ်က လှမ်းမြင်ရလား။ ငါအိပ်ပျော်တယ်နော်၊ တစ်ခါတည်း ဆိတ်တွေပျောက်ကုန်လို့"

နားလေးသော ညိုကြီးမှာ ကုလားအဖိုးကြီး ထန်းရေခါးသောက်ချင်၍ သူ့အား လာရောက်အာချောင်နေပြီဟု ထင်သည်။ 'တစ်နေ့ ထန်းဘယ်နှစ်ပင်လောက် တက်နိုင်သလဲ ဘယ်အထိပိုင်ဆိုင်သလဲ' ဟု မေးနေသည် ထင်မှတ်၏။

"ဟောဒီဘက်က အဆုံးအထိ ကျုပ်ထန်းပင်တွေပဲ"

ညိုကြီးက ထန်းပင်ပေါ်မှနေ၍ မြောက်ဖက်ထန်းတောအစပ် လက်ညိုးညွှန်ပြ ပြောလိုက်၏။ ညိုကြီးအား ခေါင်းညိတ်ပြ၍ ကုလားအဖိုးကြီးသည် ညိုကြီးညွှန်ပြရာ မြောက်ဖက်သို့ထွက်သွားသည်။

အမှန်မှာ ကုလားအဖိုးကြီးမှာလည်း ညိုကြီးကဲ့သို့ပင် နားထိုင်းသူဖြစ်ရကား ညိုကြီးက သူ့ဆိတ်အုပ်ရှိရာ လက်ညိုး

ညွှန်ပြသည်ဟု ထင်လေသည်။ ကံကောင်းချင်တော့ ညိုကြီး ညွှန်ပြသော မြောက်ဖက်ထန်းတောအစပ်မှပင် သူ့ဆိတ်အုပ်ကို ရှာဖွေတွေ့လာခဲ့သည်။ သို့သော် ဆိတ်ကလေးတစ်ကောင်မှာ ကျင်းတစ်ခုထဲကျ၍လား၊ ဆိတ်ကြီးများက ခတ်၍လားမသိ၊ နောက်ခြေတစ်ဖက် သွင်သွင်ကျိုးနေလေသည်။

ဆိတ်အုပ်ကိုမ,၍ ထန်းတောထဲမှ ဖြတ်အပြန် ညိုကြီး ထန်းတက်ရာသို့ရောက်သော် ကုလားအဖိုးကြီးက ထန်းပင်ပေါ်မှ ညိုကြီးအား လှမ်းခေါ်ကာ သူ့ပွေ့လာသော ဆိတ်ကျိုးလေးကို ပြ၍ ပြောသည်။

"ညိုကြီး၊ မင်းပြလို့သာ ငါ့ဆိတ်အုပ်ရှာတွေ့တာ၊ အများကြီးနော် ကျေးဇူးတင်တယ်၊ ဒီဆိတ်နော် ခြေကျိုးသွားပြီ၊ မင်းပဲ ယူထားလိုက်တော့"

ထန်းပင်ထိပ်တွင် ခဲရာခဲဆစ်နှင့် မြူအိုးကိုချိတ်ဆွဲနေရသော ညိုကြီးမှာ ကုလားအဖိုးကြီးအား ဒေါသထွက်သွားသည်။ ကိုယ့်ဘာသာ ရိုးရိုးသားသား ထန်းတက်နေသူနှင့် သူ့ဆိတ်ကျိုးသည့်ကိစ္စ ဘာဆိုင်သနည်း။ အသားလွတ်ကြီး လာစွပ်စွဲရုံမက အလျော်ခိုင်းပြီး ဆိတ်ကျိုးကိုပါ ထန်းပင်တွင် ချည်နှောင်ထားခဲ့ပြီ။

ညိုကြီးသည် ထန်းပင်ပေါ်က ကိစ္စဝိစ္စအမြန်ဖြတ်၍ ထန်းပင်အောက်သို့ အမြန်ဆင်း၏။ သို့သော် ထန်းပင်အောက် ရောက်သော် ကုလားအဖိုးကြီးက ဆိတ်အုပ်နှင့်ထွက်သွားပြီ ဖြစ်၍ မမီတော့ပေ။

ညိုကြီးမှာ ထန်းပင်မျှား ဆက်တက်နေရသော်လည်း စိတ်မဖြောင့်တော့ပေ။ 'ဒီကိစ္စ သူကြီးတိုင်မှ ဖြစ်တော့မည်' ဟု တန့်ဆန့် စဉ်းစားထားသည်။ ထန်းတက်ပြီးသည်နှင့် ရွာသို့ပြန်လာပြီး ကုလားအဖိုးကြီးအားခေါ်၍ သူကြီးအိမ်သို့ သွားရောက်သည်။

သူထန်းတက်နေရာသို့ ကုလားအဖိုးကြီးရောက်လာပြီး သူ့အား ဟိုမေးဒီမေးလုပ်ကာ သူနှင့်ဘာမျှမဆိုင်သည့် ဆိတ်ကျီးကို အလျော်ပေးခိုင်းနေသဖြင့် မလျော်နိုင်ကြောင်း ညိုကြီးက သူကြီးအား တိုင်တန်းသည်။ ကုလားအဖိုးကြီးမှာ ညိုကြီးက ခေါ်သဖြင့် ဘုမသိဘမသိ လိုက်ခဲ့ရပြီး ညိုကြီးက သူ့ဆိတ်အုပ်ပြေးသဖြင့် ကျေးဇူးတင်၍ ညိုကြီးအား ဆိတ်ကျီးလေးတစ်ကောင် ပေးထားကြောင်း၊ ဆိတ်သားဟင်းစားလိုက ညိုကြီးဆိတ်ပေါ်သည့် အခါ ဆုံယူနိုင်ကြောင်း သူကြီးအား ပြောပြ၏။

သူကြီးမှာ ညိုကြီးနှင့် ဆိတ်ကျောင်းကုလားအဖိုးကြီးတို့ကဲ့သို့ပင် နားထိုင်းသူတစ်ဦးဖြစ်ရာ သူတို့နှစ်ဦး တစ်ယောက်

တစ်မျိုး လာပြောကြသည်ကို ဘာတစ်လုံးမျှ နားမလည်ပေ။ လောလောဆယ် သူ့ခေါင်းထဲတွင်ရှိသည့် အကြောင်းအရာနှင့် ဆက်စပ်လျက်သာ စဉ်းစား၏။

မကြာခင်က အပြောအဆိုရိုင်းစိုင်းသဖြင့် အိမ်ပေါ်မှ နှင်ချလိုက်သော သူကြီး၏မိန်းမမှာ ညိုကြီးနှင့် ဆွေရိပ်မျိုးရိပ် မကင်းသူဖြစ်သည်။ ဆိတ်ကျောင်းကုလားအဖိုးကြီးမှာမူ သူကြီး၏ ယောကျ်ားမ အိမ်နီးနားချင်းဖြစ်သည်။ ညိုကြီးနှင့် ကုလား အဖိုးကြီးတို့ ပူးပေါင်းလျက် ဆွဲနှင်ချထားသော မိန်းမအား အိမ်ပေါ် ပြန်တင်ရန် စေ့စပ်ရေး လာပြောခြင်းဖြစ်မည်ဟု စဉ်းစားထား ၏။

သူကြီးသည် မိန်းမအား သွေးပူပူစိတ်နာတုန်းဖြစ်ရကား ညိုကြီးတို့နှစ်ဦးမှာ သူကြီးက အိမ်ပေါ်မှ တွန်းထုတ် မောင်းချခံရလေတော့၏။

"ဟို. . . မိန်းမကိစ္စ ငါ့လာမပြောပြကြနဲ့၊ ဒီကိစ္စနဲ့ တော့ မင်းတို့နှစ်ကောင် ငါ့အိမ်ပေါ်က မြန်မြန်ဆင်းကြကွာ"

---❑---

မြင်ပြန်တော့လည်း မနေနိုင်

သဖန်းကုန်းကျေးရွာ ရွာဦးကျောင်း ဘုန်းတော်ကြီး ဦးဝါသဝသည် မျက်စိရေတိမ်နှစ်ဖက်ကို သာမန် အရပ်ဗိန္ဓာ ဆရာနှင့်ကုသမိရာ အသက်ကြီးခါမှ စက္ခုနှစ်ကွင်း အလင်းမရ တော့ပေ။

ဘုန်းတော်ကြီးသည် စိတ်ဓာတ်ကျဆင်းကာ လူတော သူတောတွင် မနေမူဘဲ ကျောင်းကိုစွန့်၍ တောရဆောက်တည် နေတော့ရန် ရည်စူးသေး၏။ သို့သော် ထိုရွာ ကိုးကွယ်ရင်း ဒါယကာများအား ခွင့်ပန်မရဘဲ ထိုရွာမှာပင် ဆက်လက် ကျောင်းထိုင်နေခဲ့ရသည်။ ကျောင်းထိုင်တာတော့ ရှိစေ၊ ရပ်ရွာ ထဲမှ ဒုမင်္ဂလ-သုမင်္ဂလကိစ္စများကို မလိုက်ပါရစေနှင့်။ ဒါယကာ များတွင် ကိစ္စများပါသည် ဆိုသော်လည်း ဒါယကာများမှာ ဒကာရင်း ဆရာရင်းများမို့ တောင်းဆိုမရခဲ့ပေ။ ရွာထဲသာမက ရွာနီးချုပ်စပ်တွင်ပါ သာရေး နာရေး ကိစ္စ အပင့်ခံရတိုင်း ကျောင်းသားတစ်ယောက် အကူအညီဖြင့် ကြွနေရသည်။

တစ်နေ့တွင် ရှင်ပြုအလှူမဏ္ဍာပ်သို့ ဘုန်းတော်ကြီး ဦးဝါသဝ ဆွမ်းဘုဉ်းပေးကြွသည်။ ရွာနီးချုပ်စပ်မှ ဆရာတော်များလည်း ကြွရောက်သည်ဖြစ်ရာ ဆွမ်းစားဝိုင်းတွင် သံယာစုံပင် ဖြစ်လေသည်။

အခြားဆရာတော်များသည် စက္ခုနှစ်ကွင်းအလင်းမရသူ ဘုန်းတော်ကြီး ဦးဝါသဝအား ဆွမ်းစားဝိုင်းတွင် ဆွမ်း, ဆွမ်းဟင်းများနှင့် ပက်သက်၍ ကူညီမြဲကူညီကြသည်။ ဆွမ်း, ဆွမ်းဟင်း ခပ်ထည့်ပေး၏။ ဟင်းခွက်များကို ဟင်းအမည်ပြော၍ လက်ဖြင့် ထိကိုင်ပြပေး၏။ ထိုတာဝန်ကို ဘေးမှဆရာတော် တစ်ပါးပါးက ပြုပေးမြဲ ပြုပေးမြဲဖြစ်သည်။ ယခုလည်း အခါတိုင်းကဲ့သို့ပင် အလိုရှိသည့်ဟင်းကို တောင်းထည့်နေရလျှင် အားနာပြီးမဘောင်းမှာစိုး၍ ဆရာတော်ဦးဝါသဝ၏အနီးတွင် ဟင်းခွက်များကို ဦးစားပေးချထား၍ လက်နှင့်စမ်းစေကာ နေရာပြသထားပြီး ဖြစ်သည်။

သို့ပါလျက် ဘုန်းတော်ကြီးဦးဝါသဝ၏လက်မှာ အခြားနေရာများကို စမ်းတိစမ်းတမ်း ပြုလုပ်နေသည့်အတွက် ဘေးမှ ဆရာတော်က 'ဘာဟင်း ဘုဉ်းပေးချင်လို့လဲ ဘုရား' ဟုမေးလျှောက်ရ၏။ ထိုအခါ ဘုန်းတော်ကြီး ဦးဝါသဝက 'ငါးပိရည်လေးပါဘုရား' ဟု ဒါယကာတွေ မကြားအောင် ခပ်တိုးတိုးလျှောက်၏။

ဤတွင် ဘေးမှဆရာတော်က ဘုန်းတော်ကြီးဦးဝါသဝ လက်ကိုယူ၍ ငါးပိချက်ပန်းကန်နှင့် တို့စရာပန်းကန်တို့ကို ပြ ပေးရင်း လျှောက်၏။

"ဒီရွှေ့လေးမှာ အသားဟင်း ငါးဟင်းတွေပြည့်နေတာ မျှား ဆရာတော်ရယ် ငါးပိချက် တို့စရာ အလုပ်ရှုပ်လှပါတယ်"

ထိုအခါ စက္ခုနှစ်ကွင်း အလင်းမရရှာသော ဘုန်းတော် ကြီးဦးဝါသဝကပင် ခပ်တိုးတိုးပြန်လျှောက်၏။ ဘုန်းတော်ကြီး ဦးဝါသဝ၏ အသံမှာ တိုးငြင်သော်လည်း နားနှင့်ကြားလိုက် သော သံယာများမှာ ဆွမ်းဆွမ်းဟင်းများ သီးသွားအောင်ပင် တသောသော ဖြစ်သွားလေ၏။

ဆရာတော်အမိန့်ရှိသည်မှာ 'မြင်ပြန်တော့လည်း မနေ နိုင်ဘူး ဘုရား' ဟူသတတ်။ ❑



မယားတွေ့တော့ ထင်းဖြစ်

မယားတွေ့တော့ ထင်းဖြစ်

ရွာဦးကျောင်းဆရာတော် ဦးမာယိန္ဒ၏တပည့်ထဲမှ 'အာဂကောင်တွေ' ထဲတွင် မောင်မှင်ပါ၏။ ဘုန်းတော်ကြီးက ထူးခြားသော တပည့်များအား 'အာဂကောင်' ဟု ပြောလေ့ရှိ၏။

မောင်မှင်သည် မိန်းမကြောက်သူ 'အာဂကောင်' ဖြစ်၏။

မောင်မှင်သည် သူ့မိန်းမအပေါ် မကျေနပ်ဆုံးမှာ မိန်းမ၏ ငယ်ရည်းစားနှင့် မပြတ်ခြင်းပင်ဖြစ်၏။ လင်ကြီးဝုတ်တုတ်ထားပြီး ကွယ်ရာတွင် ငယ်ရည်းစားနှင့် ချိန်းတွေ့ခြင်းမျိုးတော့မဟုတ်။ ရေခပ်ရင်း ကျောင်းကန်ဘုရားဆုံရင်း ခရီးသွားဟန်လွဲ ပြောခေါ်နှုတ်ဆက်ပုံမှာ ဘေးလူများအဖို့ သိသာလေသည်။ မောင်မှင်သည် ထိုကိစ္စနှင့်ပက်သက်၍ မိန်းမအပေါ် မကျေနပ်သော်လည်း မရိုက်ရဲပေ။ ခွန်းကြီးခွန်းငယ်ပင် မပြောပေ။ မိန်းမကလည်း မောင်မှင်၏အကြော သိနေရာ မကြောက်ပေ။

တစ်နေ့တွင် မောင်မှင်က လယ်တောသွားခိုက် မိန်းမသည် ငယ်ရည်းစားနှင့် ရေတွင်းတွင် ရေခပ်ရင်းဆုံမိပြီး စကားအမျှင်မပြတ်နိုင်ဘဲ ရှိသည်။ ယင်းကို လယ်တောသွားသူ တစ်ဦးကမြင်ပြီး မောင်မှင်အား တိုင်ပြော၏။ မိန်းမအား ခပ်နာနာ လေးဆုံးမဖို့ ချွန်ပေးလိုက်သည်။

မောင်မှင်မှာ အသည်းကျွဲခတ်သလိုနာပြီး အလုပ်လုပ်၍မဖြောင့်အောင် ဖြစ်နေတော့ရာ ကျွဲနွားများကိုပင် မသိမ်းနိုင်ဘဲ အိမ်သို့ပြန်သွားသည်။ လမ်းတွင်တွေ့ရသော သစ်ကိုင်းကျိုးကိုလည်း မိန်းမအား ရိုက်ရန်ဟု အသင့်ယူဆောင်လာခဲ့သည်။

မောင်မှင့်မိန်းမကလည်း ပါးသမှလှုပ်နေ၏။ ယောက်ျားဖြစ်သူ ခါတိုင်းအချိန်မဟုတ်ဘဲ ပြန်လာခြင်းနှင့် မျက်နှာမသာမယာပုံကို ထောက်၍ အဝေးကပင် ပိုပိုသာသာ သဘောပေါက်ပြီး ဖြစ်နေသည်။

ခြံဝမှထွက်၍ ဆီးကြိုနှင့်သည်။

"ကိုမှင် အစောကြီးဘာလို့ ပြန်လာတာလဲဟင်။ လက်ထဲမလဲ သစ်ကိုင်းကြီးနဲ့ပါလား။ ထင်းလုပ်ဖို့လား။ ပေး မယားသယ်ခဲ့မယ်"

မိန်းမကို ရိုက်ရန်လာသော မောင်မင်းကြီးသား မောင်မှင်၏ လက်ထဲမှ သစ်ကိုင်းမှာ ချက်ချင်းဆိုသလို မိန်းမ၏လက်ထဲသို့ ကူးပြောင်းရောက်ရှိသွားသည်မှာ မြန်ဆန်လွန်းလှသည် ထင်ရပေတော့၏။

"ကိုမှင့်နှယ် ဒါကြီး ဘာလို့သယ်လာရသလဲ၊ အိမ်မှာလည်း ထင်းတွေ အရှိသားနဲ့"

မောင်မှင့်ဒေါသမှာ ခုတော့လည်း ဘာမျှမရှိတော့သလိုပင်။ အင်းမလှုပ် အဲမလှုပ် မောင်မှင့်နှုတ်မှာလည်း အခုတော့ ပွင့်ဟလာ၏။

"ဒါတောင် အရင်းပိုင်းကြီး ကျန်သေး" □



အနှောင့်ပဲ့ ဓားတစ်လက်

ရွာဦးကျောင်းဆရာတော် ဦးမာယိန္ဒ တပည့်ထဲတွင် မိန်းမကြောက်သူ 'အာဂကောင်' တစ်ဦးမှာ ဖိုးလုံးဖြစ်၏။

ဖိုလုံးကတော့ နာမည်နှင့်လိုက်အောင် လူဗလဝပ်လုံးလုံး ဖြစ်၏။

လူကသာခပ်လုံးလုံး ခပ်ပြတ်ပြတ်ဖြစ်သော်လည်း တောတက်ဝါးခုတ်ရာတွင် ကျွမ်းကျင်သူဖြစ်သည်။ သို့သော် မယားကြောက်ရာတွင်တော့ သူလည်း တစ်ဘာသာဖြစ်သည်။

တစ်နေ့တွင် ဖိုးလုံး တောတက်နားနေခိုက် မယားလုပ်သူသည် ဖိုးလုံး၏တောတက်ဓားကို ယူ၍ ထင်းခွဲရာ သံဝုတ်ကိုခုတ်မိပြီး ဓားသွားပဲ့ပါလေတော့သည်။ ဖိုးလုံးမှာ ဒီဓားဖြင့် လုပ်ကိုင်စားရသည်မို့ တောတက်ဓားကို အခြားဘာမျှယူမသုံးရန် မကြာခဏဆိုသလို ပြောထားသဖြင့် ဖိုးလုံးသိပါက စိတ်ဆိုးမည် အမှန်ဖြစ်သည်။

ဖိုးလုံးမိန်းမကလည်း ပါး၏။ ညစာစားသောက်ပြီး အိပ်ရာဝင်ချိန်ကျမှ ဓားပဲ့သည့်အကြောင်း ပြောပြ၏။ ဖိုးလုံးက ဓားပဲ့အကြောင်း စိတ်မဝင်စားလှဘဲ 'ပဲ့-ပဲ့ကွာ'ဟု ပြောလေရာ မိန်းမလည်း စိတ်အေးလက်အေး အိပ်နိုင်တော့လေသည်။ သို့သော် နံနက်စောစော တောတက်ရန်ပြင်ဆင်နေသော ဖိုးလုံးက ဓားပဲ့ကြည့်၍ မိန်းမအား ထ,ဆူပါလေတော့သည်။ မိုးမလင်းသေး၊ ဖိုးလုံးဆူသံကြောင့် ကလေးများသာမက ဘေးအိမ်များကပါ အိပ်ရာနိုးကုန်ကြသည်။

မိန်းမသည် ပထမတော့ ငြိမ်နေသေး၏။ ဖိုးလုံးက ဗျစ်တောက်ဗျစ်တောက်နှင့် မြည်တွန်မှုများလာသောအခါ 'ရှင်ပဲ ညကပြောတော့ ပဲ့ပဲ့-ကွာဆို'ဟု မိန်းမလုပ်သူ ထ,ပက်လိုက်မှ ဖိုးလုံးလေသံပျော့သွားသည်။ ဖိုးလုံးလေသံပျော့သွားသည်ကိုရော ဖိုးလုံးနှုတ်မှ ပြန်ပြောသံကိုရော ဘေးအိမ်များမှ ကြားကြရာ နံနက်မလင်းခင် ရယ်မောကြရလေ၏။

"ဟ-ညက မင်းပြောတော့ အနှောင့်ပဲ့တာလို့ ပြောသလားလို့"

ဓားဆိုသည်မှာ အနှောင့်ပဲ့ရိုးထုံးစံ မရှိသည်ကို ဝါးခုတ်သမား ဖိုးလုံး သိရှိလေမည်ပင်။ □

အိမ်ခေါင်ကအသံ

ဖိုးတောလည်း ရွာဦးကျောင်းဆရာတော် ဦးမာယိန္ဒ၏ တပည့် 'အာဂကောင်' ထဲတွင် ပါ၏။

ဖိုးတောကမူ သူ့မိန်းမ မီးယပ်ကျီးအား တရစေ နင်းနှိပ်ပေးနေရတတ်၏။ သူငယ်ချင်းများတွေ့၍ လှောင်ပြောင်ပါများသောအခါ မိန်းမက အနင်းအနှိပ်ခိုင်းပြီဆိုလျှင် အိမ်ခန်းထဲသို့ ထိုအလုပ်ကို ရှောင်ပြောင်းလုပ်ကိုင်ရတော့သည်။

သူငယ်ချင်းများက ညအိမ်လည်လာ၍ အိမ်ရှေ့တွင် ဖိုးတောတို့လင်မယားကို မမြင်ရာ အိမ်ရှေ့မှနေ၍ ဖိုးတောအား လှမ်း၍အသံပြုသည်။

"ဖိုးတော အစောကြီးရှိသေး အိပ်ပြီလားကွ"

ဖိုးတော အသံမထွက်ဘဲ ခဏငြိမ်နေလိုက်သေး၏။ မိန်းမအား သူနင်းနှိပ်ပေးသည်ကို သူငယ်ချင်းများ သိရှိကလှောင်ပြောင်ကြဦးမည်ကို လန့်နေ၏။ အောက်မှ အနင်းခံနေသော မိန်းမက ဖိုးတော၏ခြေထောက်ကို လှမ်းဆိတ်လိုက်မှသတိရကာ 'အဟမ်း'ဟု ချောင်းဟန့်လိုက်ပြီး ပြောသည်။

"မအိပ်သေးပါဘူးကွ။ ညောင်းတာနဲ့ အနင်းခံနေတာ လကွာ"

အိမ်ရှေ့မှ သူငယ်ချင်းတွေက ရယ်ကြ၏။

"ဖိုးတောရာ မင်းအကြောင်း မသိတာမှတ်လို့ မင်းက သာ အနင်းခံနေတယ် ပြောတယ်၊ မင်းအသံက အိမ်ခေါင်ကထွက်လာပါလားကွ"

လူလည်းထွက်မလာ၊ ဖိုးတောအသံလည်း ပျောက်သွားသဖြင့် သူငယ်ချင်းများမှာ အသံဖြင့် ရယ်မောနှုတ်ဆက်ကာ ထွက်သွားကြလေ၏။ □



ဖုထစ်ပါသော ဥသျှစ်သီး

ချိုပါသားနှင့် ပခန်းသားတို့သည် စကားအရာ အလိမ်အလှည့်တွင် ယခုခေတ် လှတောသားတို့ကဲ့သို့ပင် နာမည်ကြီးကြသည်။

ရွာထဲက အိမ်တစ်အိမ်ပဲဖြစ်ဖြစ်၊ ရွာဦးကျောင်းပဲဖြစ်ဖြစ် ချိုပါသားနှင့် ပခန်းသားတို့ ဝင်မတည်းခိုလိုက်နှင့်၊ တည်းခိုသွားသည်နှင့် စကားအရာတစ်ခုခုဖြင့် လှည့်ပတ်စားသောက် သွားတတ်စမ်းဖြစ်တော့သည်။ သို့သော် ချိုပါသားနှင့် ပခန်းသား တို့၏ စကားအရာ အလိမ်အလှည့်ကလေးများမှာ ပညာသား ပါသဖြင့် ထိုအလိမ်အလှည့်ကလေးများကိုပင် ချစ်ခင်နှစ်သက် စိတ်ဖြင့် ပြန်လည်ပြောပြ ရယ်မောကျန်ခဲ့ကြရပေသည်။

တစ်ခါက ချိုပါသားနှင့်ပခန်းသားတို့သည် ကုန်ရောင်းကုန်ဝယ်ထွက်လာကြရင်း လမ်းခရီးတွင် အချိန်လင့်သဖြင့် ရွာဦးကျောင်းတစ်ခုဌ ဝင်ရောက်တည်းခို ကြသည်။ ရွာဦးကျောင်း

ဘုန်းတော်ကြီးက ၎င်းတို့နှစ်ဦးအား ဇရပ်တစ်ဆောင်တွင် နေရာချထားပေး၏။

နံနက် မိုးသောက်လျှင် ခရီးဆက်ရန်အတွက် ဘုန်းတော်ကြီး လက်ဖက်ရည်ဘုဉ်းပေးနေရာသို့ သွားရောက်နှုတ်ဆက်ဦးတိုက်ကြသည်။ ထုံးစံအတိုင်း ဘုန်းတော်ကြီးကလည်း လက်ဖက်ရည်ပွဲတွင်ရှိသည့် ကောက်ညှင်းပေါင်း၊ ငါးကြော်များဖြင့် စွန့်ကြဲကျွေးမွေးလေသည်။ အာလာပသလ္လာပပြောရင်း ဘုန်းတော်ကြီးစွန့်ကြဲသော ကောက်ညှင်းပေါင်းကို စားပြီးသော်လည်း ချိုပါသားနှင့် ပခန်းသားတို့မှာ လက်ဖက်ရည်ပွဲထဲမှ ဩဇာသီးပန်းကန်ကိုသာ မျက်စိရောက်လျက် သွားရည်ကျနေလေသည်။

ချိုပါသားက စကားစ၏။

"ဘုန်းတော်ကြီးဘုရား၊ ဒီဥသျှစ်သီးက အဖုအထစ်တွေ တယ်များပါလားဘုရား"

ဘုန်းတော်ကြီးက ပြော၏။

"ဒါ-ဘယ်က ဥသျှစ်သီးဟုတ်ရမလဲ ဒကာရဲ့၊ ဩဇာသီးခေါ်တယ်"

ပခန်းသားက အံ့ဩဟန်ပြု၍ 'ဟုတ်လားဘုရား၊ ဩဇာသီးတဲ့လား၊ မမြင်ဖူးပါဘုရား၊ ဒီအသီး ဘုဉ်းပေးလို့

ဘုန်းတော်ကြီးမှာ သြဇာတိက္ကမကြီးနေတာဖြစ်မယ်၊ အချို့မျိုး လားဘုရား' ဟုလျှောက်၏။

ဘုန်းတော်ကြီးက ချီပါသားနှင့်ပခန်းသားတို့အား သြဇာသီး တစ်ယောက်တစ်လုံးစီပေး၍ စားစေသည်။

ထိုစဉ် ဒကာမတစ်ဦး အချိုပွဲလာကပ်သဖြင့် စကား စပြတ်သွားခိုက် ချီပါသားနှင့်ပခန်းသားတို့မှာ သြဇာသီးကို စားပြီးနှင့်ကြသည်။ အခွံနှင့် အစေ့များကို ဘုန်းတော်ကြီး အလစ်တွင် တိုင်ခြေကြမ်းပေါက်မှ ကျောင်းအောက်သို့ ချပစ် လိုက်ကြ၏။

အချိုပွဲလာကပ်သူပြန်သွားသောအခါ ချီပါသားက 'သြဇာသီးက ချိုတော့ချိုပါရဲ့၊ ဒါပေမယ့် သဲတရှပ်ရှုပ်ကြီးတော့ မကြိုက်လှဘူးဘုရား' ဟုစကားစသည်။ ဘုန်းတော်ကြီးက ရယ်မောရင်း 'ဒကာတို့က အခွံပါ စားကြတယ် နဲ့တူတယ်၊ အခွံခွာပြီး အထဲကဖြူဖြူကို စားရတယ်' ဟု အမိန့်ရှိကာ သြဇာသီး တစ်ယောက်တစ်လုံးစီ ထပ်ပေးသည်။

ဒီတစ်ခါတွင်တော့ ချီပါသားနှင့်ပခန်းသားတို့သည် သြဇာသီးကို အခွံခွာ၍ စားကြသည်။ သို့သော် အထဲမှ အစေ့များကိုမူ မသိမသာကြမ်းပေါက်ကြားမှ ချလိုက်ကြသည်။ စားပြီး၍ ခရီးဆက်တော့မည်ဟန်ဖြင့် နှုတ်ဆက်ဝပ်ချသော

အခါ ဘုန်းတော်ကြီးက ချီပါသားနှင့် ပခန်းသားတို့၏ စားကြွင်းသြဇာသီးခွံများကိုကြည့်၍ 'ဟော-ဒကာတို့ဟာက အခွံတော့ခွာပါရဲ့ အစေ့ကျတော့ မြိုချလိုက်ကြရောလား၊ အစေ့မမြင်ပါလား' ဟုမေးသည်။ ပခန်းသားက ကောက်ကာ ငင်ကာပင် လျှောက်၏။

"အထဲကမာမာက အစေ့လားဘုရား၊ ဝါးမရတာနဲ့ မျိုမျိုချလိုက်ရတယ်ဘုရား"

ဘုန်းတော်ကြီးမှာ သည်မျှ အ,သော နှ,သော သူများရှိ သေးသည်ဟု စိတ်ထဲကမှတ်ချက်ချရင်း သြဇာသီးတစ်ယောက် တစ်လုံးစီထပ်ပေးကာ 'ကဲ- လမ်းကျမှ စားကြပေတော့၊ အခွံ မစားရဘူး၊ အထဲက အစေ့မည်းမည်းလေးတွေ စားရင်းနဲ့ ပါးစပ်က ထွေးထွေးပစ်ရတယ်' ဟုအမိန့်ရှိ လိုက်လေသည်။

ပန်းကန်ထဲတွင် သြဇာသီးများ ပြောင်လေပြီ။

ချီပါသားနှင့် ပခန်းသားတို့လည်း 'မှန်ပါဘုရား၊ မှန်ပါဘုရား' ဟု ရိုကျိုးသောအသွင်ဖြင့် ဦးချနှုတ်ဆက်ကာ ခရီးဆက်ခဲ့လေသတည်း။ ❑

မအေ သတိရသူ

ဘုန်းကြီးဦးနာယကကျောင်းထွက် မောင်အေး၏ ကိုရင်ဘွဲ့မှာ 'ရှင်ကျွန်ဒြယ်' ဖြစ်၏။ ကိုရင် တစ်ဝါတော်စဉ် အိမ်ခဏခဏပြန်တတ်သဖြင့် ပါဠိဘွဲ့ 'ကိုရင်ကျွန်ဒြယ်' ကို မြန်မာသံတူ ကပ်၍'ကိုရင်အိမ်သတိရ' ဖြစ်သွားခဲ့ဖူး၏။

မောင်အေး၏ သူများနှင့်မတူသော ဝါသနာကား အိမ်မင်ခြင်းဖြစ်သည်။ ကိုရင်မဝတ်ခင် ဘုန်းကြီးကျောင်းသား ဘဝထဲက အိမ်မင်ပြီး ညအိပ်ကျောင်းစားဆို ဝေလာဝေး နေ့ကျောင်းသားပင် မှန်မှန်မတက်ခဲ့။ ရွာမှာမူလတန်းကျောင်း ဖွင့်လာတော့လည်း ဘုန်းကြီးကျောင်းသားများကို ရေးတတ် ဖတ်တတ်မှ ပညာအရည်အချင်းကြည့်၍ မူလတန်းကျောင်း သားအဖြစ် သွတ်သွင်းရာတွင်လည်း အိမ်မင်ခဲ့သဖြင့် မောင်အေးမှာ အရွယ်ကြီးသလောက် အတန်းမရဘဲ ရှိခဲ့လေ သည်။

ကျောင်းထွက်၍ ရပ်ရွာထဲရောက်တော့လည်း လူငယ် လူရွယ်အများမှာ ကိုယ့်ရွာကိုယ့်အိမ်အလုပ်သာမက တစ်ရပ် တစ်ကျေးတွင် သွားရောက်လုပ်ကိုင်ရမည့် အလုပ်များကို

စွန့်စား လုပ်ကိုင်ကြသည်။ မောင်အေးကမူ မိသားစုနှင့် ခပ်ဝေးဝေးနေ၍ လုပ်ကိုင်ရမည့် အလုပ်ကို ရှောင်မြဲ။ တစ်ခါက အလုပ်သိမ်းချိန် ရွာမှ သူငယ်ချင်းတစ်စု အဆွယ်ကောင်းသဖြင့် မြို့သို့ လက်သမားအလုပ် သွားလုပ်ရန် မောင်အေးပါသွားသည်။ အလုပ်ကောင်းသဖြင့် မောင်အေး၏ သူငယ်ချင်းများမှာ ရွာသို့ နှစ်လခန့်ကြာမှ ငွေပိုက်၍ ပြန်ရောက် လာကြ၏။ မောင်အေးကား မြို့သို့ သူငယ်ချင်းများနှင့် လိုက်ပါ သွား၍ ၃-ရက်ခန့်အကြာတွင် ရွာသို့တစ်ဦးတည်း ပြန်ရောက်လာ နှင့်ပြီးဖြစ်သဖြင့် လမ်းစရိတ်ကုန်ရုံသာ အဖတ်တင်ခဲ့သည်။

ယခုတော့ မောင်အေး မိန်းမရသွားပြီဖြစ်သည်။ မောင်အေးမိန်းမမှာ တစ်ခြားရွာကဖြစ်ပြီး ယခုတော့လည်း မောင်အေးမှာ မိဘများနှင့်ခွဲနေကာ မိန်းမရွာ မိန်းမအိမ်မှာသာ သူ့ရွာသူ့အိမ်ဖြစ်၍နေတော့သည်။ သမီးလေးတစ်ယောက်ပင် ရနေပြီဆိုတော့ အမေ့ရွာသို့ တစ်လတစ်ခေါက်ပင် ရောက်ခဲ့ လှတော့လေသည်။

ဟိုတစ်လောကတော့ မိန်းမနှင့် စိတ်ဆိုးရန်ဖြစ်ပြီး အမေ့အိမ်သို့ နေ့လယ်ခေါင် နေခြစ်ခြစ်တောက်ကြီး ရောက် လာသည်။ ထမင်းမစားရသေးဘူးဆို၍ အမေက ထမင်းခူး ခပ်ကျွေးသည်။ ထမင်းစားပြီးသော် ရွာထဲအိမ်လည် ထွက်သွား သည်မှာ ညနေစောင်းသည်အထိ ပြန်ရောက်မလာသဖြင့်

အမေက မောင်အေး တစ်ရက်နှစ်ရက်တော့ ရွာမှာ နေလိမ့်ဦး မည်ဟုယူဆကာ လာတုန်းလာခိုက် သားစားပါစေတော့ဟု ထမင်းကောင်းဟင်းကောင်း ချက်ထားသည်။

အတော်လေးနေစောင်းမှ မောင်အေးတစ်ယောက် အိမ်သို့ပေါက်ချလာပြီး တိုင်တွင်ချိတ်ထားသော လွယ်အိတ်ကို ဆွဲသည်။ 'ဘယ်သွားမလို့လဲ' ဟု အမေကမေးတော့ 'ပြန်တော့ မလို့' ဟုဆို၏။ အမေက 'ဟဲ့-မဟုတ်တာ၊ ထမင်းစားဦး၊ နင်ကြိုက်တဲ့ဟင်း ချက်ထားတယ်' ဟုချော့၍ ထမင်းစားခိုင်းရ သည်။ မောင်အေး ထမင်းစားတုန်း အမေက ချော့မော့၍ပြော ပြသည်။ မိန်းမနှင့် စိတ်ဆိုးထွက်လာပြီး ချက်ချင်းဆိုသလို ကိုယ့်အစီအစဉ်နှင့်ပြန်သွားပါက အထင်သေးစရာဖြစ်ကြောင်း ယောက်ျားသိက္ခာ စျေးမကျသင့်ကြောင်း စသည်ပြောပြရာ မောင်အေးမှာ ငြိမ်ကျသွားပြီး ထမင်းဆက်စားသည်။

ထမင်းစားပြီးသော် ရေနွေးကြမ်းဝိုင်းတွင် မောင်အေး ဝိုင်နေသည်။ ခဏနေတော့ မောင်အေးမှာ ဂဏာမငြိမ်ဖြစ် လာပြန်သည်။

"အမေ ကျွန်တော် ပြန်မှဖြစ်မှာပါ။ သမီးလေး သတိရ တယ်"

"ငါ့မြေးလေးတော့ ငါလဲ သတိရတာပေါ့ဟဲ့။ ဒီတစ်ည တော့ အိပ်လိုက်ဦး။ မနက်ဖြန် ငါလဲလိုက်ခဲ့မယ်"

အမေက မုသားတစ်ဝက်ဖြင့် နားချသည်။ မောင်အေး ငြိမ်သွားပြန်သည်။

ရေနွေးတစ်အိုး ကုန်ခါနီးတော့ နေကလည်းညိုလာပြီ မောင်အေးလည်း ဂဏာမငြိမ် ဖြစ်ပြန်ပြီ။

"သမီးလေး သတိရတယ်အမေ၊ ပြန်မှပါ အမေရာ"

"ဒုက္ခပါပဲ မောင်အေးရယ်၊ ဒီတစ်ည အိပ်လိုက်ဆို၊ မနက်ဖြန် နင့်သမီးနဲ့ တွေ့ရမယ့်ဥစ္စာ"

မောင်အေးငြိမ်စေတော့ဟု အမေက ခပ်ထန်ထန် ပြောပြီး ရေနွေးအိုး မီးထိုးရန် မီးဖိုထဲဝင်သည်။

ငယ်ငယ်တုန်းကလို အမေက တုတ်ပြ၍ ပြောစေဦး တော့ မောင်အေး ငြိမ်တော့မည်မဟုတ်။ မောင်အေးကား တိုင်မှ လွယ်အိတ်ကို ထဖြုတ်ပြီးနေပြီ။

"သမီးလေး သတိရတာကခက်တယ် အမေ။ မထူး ပါဘူးအမေရာ၊ ပြောရင်း မအေကြီးပါ သတိရလာပြီ။ သွားပြီ အမေရေ"

ပြောပြောဆိုဆို ထွက်သွားသော မောင်အေးမှာ ခြံဝသို့ပင် ရောက်နေချေပြီ။

အမေက 'ဟဲ့. . မောင်အေး၊ နင်လမ်းမှာ မှောင်နေမယ်၊ မြွေပါးကင်းပါးနဲ့ ကြည့်သွား'ဟု မီးဖိုထဲမှထွက်၍ လှမ်းသတိပေးသည်ကိုပင် 'မအေကြီးပါ သတိရသူ' မောင်အေးမှာ ကြားမှ ကြားပါလေစ။ ❑

နာမည်ပါချင်သူ

နာမည်ပါချင်သူ

ကုလားကုန်းရွာ ဆိုသည့်အတိုင်း ရွာတွင် နွားမွေးသည့် ကုလားလူမျိုးများ အများအပြား နေထိုင်ကြလေသည်။ ကုလားလူမျိုးများဖြစ်သော်လည်း အစဉ်အလာ ဗုဒ္ဓဘာသာ ကိုင်းရှိုင်းသူများ ဖြစ်သဖြင့် ကုလားကုန်းရွာထိပ်တွင် ရွာဦးဘုန်းတော်ကြီးကျောင်း ရှိလေသည်။ ရွာဦးဆရာတော်မှာမူ မြန်မာလူမျိုးဖြစ်၏။

တစ်နေ့တွင် ကုလားလူမျိုး ဦးဆာမိသည် ကျောင်းသို့ လူစိမ်းတစ်ဦး ခေါ်လာကာ ဆရာတော်နှင့် မိတ်ဆက်ပေးသည်။

"ဒီ ဒကာနာမည်က မူတူးတဲ့ဘုရား။ ဒီရွာ၀ေါ်ကားလာတာ မကြာသေးဘူး။ ဒီရွာရောက်မှပဲ ဗုဒ္ဓဘာသာ ဖြစ်တာဘုရား။ မကြာခင်က တပည့်တော်အိမ်မှာ လုပ်သလို အိမ်သစ်တက် ပရိတ်တရား ချီးမြှင့်ပေးဖို့ လာလျှောက်တာ ဘုရား။"

ရွာဦးဆရာတော်က ဦးမူတူး၏ အိမ်သစ်တက် ပရိတ်ရွတ်ကို လက်ခံလိုက်ကာ အာလာပ သလ္လာပ ပြောဆိုလွှတ်လိုက်၏။

နောက်နေ့တွင် ရွာဦးကျောင်း ဆရာတော်သည် ဦးမူတူးအိမ်သို့ အပင့်အထောက်လာသူ ဦးဆာမိန္နင့်အတူ ပရိတ်တရား ချီးမြှင့်ရန် ကြွရောက်လာသည်။ မျှားမျှားစားစား ဖိတ်မံခြင်း မပြုနိုင်သဖြင့် ဦးမူတူးမိသားစုသာ ရှိပြီး အပြင်မှ ဦးဆာမိန္နင့်အခြားနှစ်ဦးသာ တွေ့ရှိရသည်။ ဆွမ်းဘုဉ်းပေးပြီး၍ အိမ်သစ်တက် ပရိတ်တရားချီးမြှင့်ရန် အခါနီးမှ ပရိသတ် အတော်မျှားမျှား ရောက်လာကြသည်။

ရွာဦးကျောင်းဆရာတော်က ထုံးစံအတိုင်း ပရိတ် မရွတ်မီ ငါးပါးသီလ ဆောက်တည်ထားပြီးမှ သီလစောင့်ထိန်း လျက်သားနှင့် ပရိတ်နာယူခြင်းက ပိုမိုအကျိုးများနိုင်ကြောင်း စကားပလွင်ခံပြီး သီလခံယူစေသည်။ သီလပေးရာတွင် ဆရာ တော်က အစဉ်အတိုင်း သြကာသ ဆိုစေ၍ ဆုပေးသည်။ ထိုနောက် အဟံ ဘန္တေ-ပြီးသော် နမော တဿ၊ နမော တဿ ပြီးသော် သရဏဂုံ စသည်ဖြင့် အစဉ်အတိုင်းရှေ့မှ ချပေးသည်။

အလျှုရှင်ဦးမူတူးသည် ရှေ့ပိုင်းတစ်ပိုင်းလုံး အမျှားနှင့် အတူ လိုက်၍ဆိုသော်လည်း သရဏဂုံ ပါဠိရောက်သောအခါ ဦးမူတူး နှုတ်မှ လိုက်မဆိုတော့ပေ။ ဦးမူတူး မကြားသဖြင့် မဆိုခြင်းလားဟု ဆရာတော်က တစ်ကျော့ထပ်ပြန်ပေးသည်။ ဒါကိုလည်း ဦးမူတူးက မဆို။ ဆရာတော်၏ မျက်နှာကိုသာ တစ်ခုခု လျှောက်ချင်သလိုလို ကြည့်နေသည်။

"ဒကာကြီး ဘာလဲ" ဆရာတော်က မေးရသည်။

"တပည့်တော် နာမည်နော်. . . . မူတူးပါ ဘရာ"

ဒီဒါယကာ စိတ်မှကောင်းရဲ့လားဟု ဆရာတော်က စိတ်ထဲ ထင့်သွားသေး၏။ သို့ရာတွင် ဘာမျှ ထပ်တွန့်မနေ တော့ဘဲ ဂ္ဂန္ဒြေမပျက် သရဏာဂုံကို ထပ်ပြန်၍ ရွေ့မှ တိုင်ပေး ပြန်သည်။

ဦးမူတူးက လိုက်မဆိုဘဲ ရပ်လျှောက်ထားသည်။

"တပည့်တော်နာမည်နော် မူတူး ပါဘုရား။ ဗုဒ္ဓံ သရဏံ ဂစ်မူတူး ဖြစ်ရမှာပါဘရာ"

ဦးမူတူးဆိုလိုခြင်းကို ယခုမှပင် ဆရာတော် သဘော ပေါက်ကာ ပြုံးမိသွား၏။ ဦးဆာမိအော်မ်တွင် ပရိတ်နာစဉ်က 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ကို ကြားထားပြီးဖြစ်သဖြင့် အလျှုရှင်နာမည် ထည့်ပေးသည်ထင်ကာ သူ့အလျှုတွင် 'ဂစ်ဆာမိ' အစား 'ဂစ်မူတူး' ဟု နာမည်နှင့် ပြောင်းဆိုပေးရန် လျှောက်ထား နေခြင်းပါ တကား။

"ကဲ-ခုတော့ ဒီအတိုင်းပဲဆိုဦး၊ နောက်မှ ရှင်းပြ ပေးမယ် ဒကာကြီး"

သီလပေး မရပ်နားစေရန် ဦးမူတူးအား နှစ်သိမ့်ပြီး ဆရာတော်သည် သီလပေးဆုံးအောင် ဆက်ရသည်။ သီလပေး ဆုံးခါမှ ဦးမူတူးအား ဆရာတော်က သရဏဂုံ အဓိပ္ပါယ်နှင့် တကွ အကျိုးအကြောင်းရှင်းပြသည်တွင် ပရိတ်သတ်မှာ တသောသော ရယ်မောကြလေသည်။

ဦးမူတူး၏အိမ်တွင် ပျော်ရွှင်ဖွယ် အိမ်သစ်တက် မင်္ဂလာနှင့် အလိုလို ပြည့်စုံသွားပေတော့သတည်း။ □

သွားတိုက်တာ မပါသေး

လူပျိုကြီးမောင်မဲမှာ အသားညိုညို ပိန်ပိန်ရှည်ရှည် ဖြစ်၍ အပျိုကြီး ဖြူတုတ်က အသားဖြူဖြူ ဝဝဖြစ်သည်။

သူတို့နှစ်ဦး၏ မင်္ဂလာဆွမ်းကျွေးသို့ ရွာဦးဆရာတော် ကြွလာသည်။ အိမ်လှေကား အတက်ဝတွင် သတို့သားနှင့် သတို့သမီးစုံတွဲက ဆရာတော်၏ ခြေအစုံကို မျက်နှာသုတ်ပဝါ ခင်း၍ ဖုန်သုတ်ပေးကြသည်။ မောင်နှံစုံနှစ်ဦးစလုံး ကျေးဇူးရှင် ဆရာတော်၏ တပည့်မျှားဖြစ်ကြပေသည်။

"ငါ့တပည့်ကြီးမောင်မဲ ဒီတစ်သက် မိန်းမမှ ရပါတော့ မလားလို့၊ အရပ်အစွမ်းလား၊ မင်းအစွမ်းလားဟေ့ မောင်မဲ"

ဆရာတော်အမေးကို မောင်မဲ ပြန်မဖြေနိုင်၊ မောင်မဲ သည် သွားဖြဲကြီးနှင့် ရယ်နေ၏။ ဖြူတုတ်ကတော့ ခေါင်းငုံ့၍ ပြုံးနေ၏။

အနီးရှိ အကြောင်းသိ လူလတ်ပိုင်း ဒကာတစ်ဦးက 'ဘယ်ဟုတ်မလဲဘုရား၊ ကာလသားခေါင်း တုတ်ကြီး အစွမ်း ဘုရား' ဝင်လျှောက်သည်။ ဘာရယ်မဟုတ်၊ ကြားသူအပေါင်း

ဝိုင်းရယ်ကြသည်။ ဆရာတော်က 'အိမ်း ဟုတ်မယ် ဟုတ်မယ်၊ ဘာပဲဖြစ်ဖြစ် ရွာထဲမှ တစ်ယောက် ခွေးဟောင် သက်သာ သွားတာပေါ့ကွာ'ဟု အနုမောဒနာပြု၏။

ကာလသားခေါင်း တုတ်ကြီးကမူ ဆွမ်းပွဲပြင်ရင်း မောင်မဲကဲ့သို့ ပြုံးဖြီးဖြီးနှင့် လှမ်းကြည့်၏။ ဤကိစ္စ သူနှင့် ကာလသားတစ်စုသာ သိရှိခဲ့သော်လည်း ယခုတော့ လူကြီး တွေပင် သိကုန်ကြလေပြီ။ မသိ ခံနိုင်ရိုးလား။

လူပျိုကြီးမောင်မဲကား တစ်ရွာလုံး မသိသူမရှိ၊ ကလေး ရော လူကြီးပါ သိ၏။ ရပ်ရေးရွာရေး ကိစ္စများတွင် ကာလသား ခေါင်းဆောင်တုတ်ကြီးနှင့် နင်လားငါလား။ အိမ်လုပ်ငန်း, စိုက်ပျိုးရေးလုပ်ငန်းတွင် အားလုံးတော်သည်။ မောင်မဲ မတော် သည်မှာကား မိန်းမလိုချင်လျက်နှင့် မရခြင်းပင်ဖြစ်သည်။ ငယ်ငယ်တုန်းကတော့ ဟိုအပျိုခြိန် ဒီအပျိုခြိန်ရင်းနှင့် လွဲခဲ့ သည်။ ယခု လူပျိုဟိုင်းကြီးဖြစ်နေပြန်တော့ ကောင်မလေးတွေ ကလဲ အနားကပ်မခံ။ ဘဝတူအပျိုကြီးများ ကပ်ဖို့ကလည်း အရွယ်နှင့် မလိုက်။ နောက်ဆုံးမောင်မဲမှာ ကာလသားခေါင်း တုတ်ကြီးတို့ ၏ အစီအမံကို နာခံရတော့သည်။

ထိုနေ့ကစ၍ မောင်မဲ ဝေလီဝေလင်း အိပ်ရာထ၍ အပျိုကြီး ဖြူတုတ်တို့ အိမ်ဖက် သုတ်ခြေတင်ရသည်။ အိမ်ခြံထဲ

ရောက်လျှင် အိမ်ခေါင်းရင်းဖတ်တွင် ထားရှိသော စဉ့်အိုးမှ ရေတစ်မှုတ်ခပ်၍ မျက်နှာသစ်ရသည်။ ပြီး အိမ်ဖက် တစ်ချက် ကြည့်၍ အိမ်ခြံထဲမှ ပြန်ထွက်သည်။ အပျိုကြီးဖြူတုတ်တို့မှာ သားသမီးနှစ်ယောက်တည်း နေထိုင်ရာ မိုးမလင်းဘဲ တံခါးဖွင့်ရဲ သည် မဟုတ်ရကား လူပျိုကြီးမောင်မဲ ထိုသို့ ပြုသည်ကို သိလည်းသိမည်မဟုတ်။ သိရန်လည်းမလို။

ကာလသားခေါင်းတုတ်ကြီးတို့ မောင်မဲအား သင်ပေး သော အစီအစဉ်မှာ ထိုမျှဖြစ်၏။ ထိုအစီစဉ်ကို ပြုစက နေ့စဉ် နီးပါး သွားရောက်ပြုရ၏။ နောက်ပိုင်းတွင်နေ့တိုင်းနီးပါး မဟုတ် တော့ဘဲ ၄၊ ၅ရက်ကြာမှ တစ်ကြိမ်ဆိုသလို ပြုလုပ်ရန် တုတ်ကြီး တို့ အခါပေးသည့်အတိုင်း မောင်မဲပြုရရှာသည်။

ပထမပိုင်းတော့ မောင်မဲပြုလုပ်သည်ကို စောစောထ အလုပ်သွားသူ တစ်ယောက်စ နှစ်ယောက်စသာ တွေ့ မြင်သိရှိ သည်။ တစ်စတစ်စ လူပြောသူပြောနှင့် နှစ်လခန့် ကြာသော အခါ တစ်ရွာလုံးနား ပေါက်ကြားသိရှိကုန်ကြသည်။ "မောင်မဲ နှင့် ဖြူတုတ်၊ ဖြူတုတ်နှင့် မောင်မဲ"။

တိုးတိုးမှ ကျယ်ကျယ် ၊ ကျယ်ကျယ်မှ သိသိသာသာ ဖြစ်လာသည်။ သူပြော ငါပြော သတင်းဖြင့် မောင်မဲအား စကြနောက်ကြသည့် အခါတိုင်းလဲ မောင်မဲမှာ အင်းမလုပ်

အဲမလုပ်နှင့် ပြုံးဖြီးဖြီးကြီးသာ နေ၏။ မောင်မဲမှာ ရပ်ရှာ ကလည်း ချစ်ခင်သူဖြစ်ရကား အပျိုကြီးနှင့် သဘောတူပြီး ဖြစ်သည်။

အပျိုကြီး ဖြူတုတ်ဖက်မှ ,လည်း ရွာထဲတွင် သတင်း စကား အတော်ကျယ်ပြန့်ပြီးမှ ကြားသိသည်။ သိစက တိုင်မည် တောမည် ဖြစ်သေးသည်။ နောက်တော့ တစ်ခါရှက် ကနေ နှစ်ခါရှက် ဖြစ်မည်ကြောင့် မတိုင်ဖြစ်ခဲ့ချေ။ ဟုတ်မှန်၍ မတိုင်ဖြစ်ဟု လူတွေက မှတ်ယူလာကြသည်။

ကြာတော့ အပျိုကြီးမှာ လူပျိုကြီးအား စိတ်ကူးထည့် ချင်လာ၏။ ယောကျ်ားတစ်ယောက်အဖြစ် ပေါင်းသင်းရသော် ဟူသည့် အတွေးအထိ အနယ်ထိုင်စိတ်များ လူးလွန့်လာသည်။ မိန်းမချင်း ဝိုင်းလျှော်သူက လျှော်ပေးကြသည်။ 'အများက အဟုတ်ထင်နေကြမှတော့ မထူးတော့ပါဘူး' ဟု ဆိုသူက ဆိုကြ၏။ အမှန်စင်စစ် အပျိုကြီးဖြစ်မည့်သာ ဖြစ်ရသည်။ ဖြူတုတ်တို့သားအမိတွင် အားကိုးစရာ ယောကျ်ားသားတစ်ဦး လိုအပ်လျက် ရှိသည်မှာလည်း အမှန်။

သို့နှင့် အဆုံးတွင် ကာလသားခေါင်းတုတ်ကြီး၏ ဝေလီ ဝေလင်းထ၍ မျက်နှာသစ်နည်းဖြင့် လူပျိုကြီးမောင်မဲနှင့် အပျိုကြီးဖြူတုတ်တို့ အရွယ်လွန်ဖူးစာများ ပေါင်းဖက်မိကြလေ တော့သတည်း။

ယခုအခါမူ လူအိုကြီးဖြစ်နေသော မောင်မဲအား တွေ့ကြ၍ 'မျက်နှာအသစ် ကောင်းလို့ပါကွာ'ဟု ခပ်ထေ့ထေ့ စကြနောက်ကြလေလျှင် မောင်မဲကလည်း အရင်ကလို မြုံ့စိစိ လုပ်မနေတော့ဘဲ အားကျမခံပြန်၍ 'ဒါတောင် သွားတိုက်တာ မပါသေးဘူး'ဟု နောက်သံနှောကာ ရယ်မောပြောဆိုတတ်ခဲ့ ပြီတည့်။ ❑

ယနေ့ဟောမည့် တရား

တစ်ခါတစ်ခါ ဆရာနှင့်တပည့် ပညာပြိုင်သည်များလို ဘုန်းကြီးနှင့်ဒကာ ပညာစမ်းသည်များလည်း ရှိတတ်သည်။

ကျေးလက်ရွာဦးကျောင်းများတွင် ကျောင်းထိုင်ဆရာတော်ပျံ့လွန်တော်မူ၍ နောက်ရောက်လာသည့် ကျောင်းထိုင်ကိုယ်တော်အသစ်အား ရွာရှိဒကာများက ပညာစမ်းတတ်၏။ ကျောင်းထိုင်ကိုယ်တော်က သိက္ခာငယ်ငယ် စာသင်တိုက်ထွက်စ အဟောအပြော အတွေ့အကြုံမရှိဆိုပါက ထိုပညာစမ်းမှုတွင် လန်ကျပြီး ကျောင်းဆက်ထိုင်ရမည်ကို မပျော်ပိုက်ဘဲ ဖြစ်သွားတတ်သည်များပင် ရှိဖူး၏။

ဒါယကာများအနေနှင့်မူ ပညာစမ်းသည့် သဘောတော့ မဟုတ်ပါ။ သူတို့ရွာတွင် ကိုးကွယ်မည့် ဘုန်းတော်ကြီးအား ရွာသို့လာကသည့် ဇာတ်သဘင်ပညာသည် တစ်ဦးပမာ သဘောထား၍ သဘင်ဓာတ်ခံကို ပြသကြသည့်နည်းတူ ဘာသာရေးဓာတ်ခံ မည်မျှရှိကြောင်း ပြသကြခြင်းဖြစ်ပါသည်။

သို့သော် ကျောင်းထိုင်အသစ် ကိုယ်တော်အဖို့ရာတွင်မူ ပညာစမ်းသပ်မှုသဘော သက်ရောက်ပြီး ထိုပွဲဝယ် အပြတ်နိုင်လိုက်ပါမူ တစ်လျှောက်လုံး ပြောစကား ဟောတရား အောင်မြင်မည်ဖြစ်ပါသည်။

တစ်ခါက ရွာတစ်ရွာတွင် ကျောင်းထိုင်ကိုယ်တော် အသစ်ရောက်လာ၏။ ဘုန်းတော်ကြီးဟု ဆိုသော်လည်း ပထမကြီးတန်းနှစ်ခါကျသဖြင့် စာသင်တိုက်မှ ထွက်လာသော သိက္ခာငါးဝါခန့်ရှိ ရဟန်းငယ်မျှသာဖြစ်ပေသည်။ စာသင်တိုက်နေစဉ်က အပင့်အဖိတ်မခံရသဖြင့် စာမေးပွဲကိုသာ ဦးစားပေးပြီး အဟောအပြော မလေ့လာခဲ့ရကား ဆွမ်းကပ်ရေစက်ချကိုပင် မနည်းကြိုးစားနေရသည်။ သို့ဖြစ်ရာ ကျောင်းအပ်ပြီးစ သုံးလခန့်အတွင်း သီလပေးရေစက်ချလောက်သာ ဆောင်ရွက်ပြီး အလှူကြီးအတန်းကြီး အဟောအပြောပါလျှင် တစ်ခြားမထေရ်ကြီး တစ်ပါးပါးပါအောင် ထည့်ပင့်၍ တရားဟောစေရသည်။

ရွာတွင်ကျောင်းထိုင်ဦးပဉ္စင်းအား ပညာစမ်းချင်နေကြသော ဒကာအချို့ ရှိသည်။ ဘာပဲဖြစ်ဖြစ် ကိုးကွယ်နေကြပြီဖြစ်သော ကျောင်းထိုင်ဦးပဉ္စင်း၏ အဟောအပြောလေးကို မြည်းစမ်းချင်သူ ဒါယကာများလည်းရှိသည်။ တစ်စနှင့်တစ်စ ထိုဆန္ဒတူ ဒကာနှစ်စုမှာ ပေါင်းစည်းမိသွားပြီး ကျောင်းထိုင်

ဦးပဉ္စင်းအား တရားဟောရန် အကြိမ်ကြိမ် လျှောက်ထားကြ၏။ သို့သော် ဦးပဉ္စင်းက တရားဟောရမှာ စိတ်မရဲသေးသဖြင့် ငြင်းပယ်နေသည်ကို ဒါယကာများက တမင်ငြင်းနေသည် ထင်ကြလေသည်။

ယနေ့တော့ ရွာလယ်ခမ္မာရုံတွင် တစ်ပါးတည်း သဒ္ဓါဆွမ်းကပ်သလိုနှင့် ချောင်ပိတ်၍ တရားဟောခိုင်း ကြမည်ဟု ကြိုတင်တိုင်ပင်ထားကြပြီး ဆွမ်းစားပင့်ထားကြပြီ ဖြစ်သည်။ နံနက်ဆယ်နာရီခန့်တွင် အပင့်အထောက် ဒကာ ရောက်လာသဖြင့် ဦးပဉ္စင်း ကြွလိုက်လာသည်။ လမ်းတွင် အထောက် ဒကာက ရိုးတိုးရိပ်တိတ်လျှောက်သဖြင့် အကျိုး အကြောင်းသိရပြီးနောက် ဦးပဉ္စင်းမှာ အကြံအိုက်၍ သွားပေ တော့သည်။

ရွာလမ်းတစ်လျှောက် စိတ်နှလုံးမဖြောင့်ဘဲ လိုက်လာ ခဲ့ရပြီး သည်အတိုင်းဆိုပါက ဆွမ်းကိုပင် ဖြောင့်အောင်စားနိုင် ဖို့မလွယ်ဖြစ်နေသည်။ ဒကာများအားလည်း ဘယ်လိုမှ အနိုင်ပေး၍ မဖြစ်မှန်းသိနေသည်။ အလေ့အကျင့်မရသေးဘဲ ဟောပြောဖို့ကလည်း ထိုင်နေအကောင်းသား ထသွားမှ ကျိုး မှန်းသိဖြစ်နေပါက သာ၍ဆိုးပေတော့မည်။

ရွာလယ်ခမ္မာရုံအနီးရောက်မှ ရှေးရှေးပုဂ္ဂိုလ်များ ပြောပြကြသည့် ပုံပြင်ထဲက အကြံဉာဏ်နည်းတစ်ခုကို သွား

စဉ်းစားမိပြီး ထိုအကြံအတိုင်းပြုလုပ်ရန် ဆုံးဖြတ်ချက် ကျသွားပေရာ ဦးပဉ္စင်းမှာ စိတ်ပေါ့သွားတော့သည်။

ဆွမ်းကိုလည်း အေးအေးဆေးဆေးပင် ဘုဉ်းပေးလိုက်သည်။ ဆွမ်းဘုဉ်းပေးပြီး၍ သီလပေးရေစက်ချ စမည်ပြုသောအခါ ဒကာများက ညှိထားသည့်အတိုင်း တစ်ယောက်တစ်ပေါက် ဝိုင်း၍တရားတောင်းကြသည်။ ဦးပဉ္စင်းက သီလပေး ရေစက်ချကို အလျင်ဦးစွာ ပြုလုပ်သည်။ ပြီးမှ တရားပွဲစသည်။

"ဒကာတို့ ဒီကနေ့ဟောမယ့် တရားကို သိကြရဲ့လား"

ဒါယကာများက ဦးပဉ္စင်းဟောမည့်တရားကို နာကြားချင်သည့် ထက်သန်ဆန္ဒဖြင့် သွက်လက်ညီညာနေကြသည်။

"မသိပါဘုရား"

"အင်း. . . မသိကြလျှင် ဘာဟောနေစရာ လိုတော့မလဲ။ ညောင်းညာရုံအပြင် အကျိုးရှိမယ်မဟုတ်ပေဘူး ဒကာတို့"

ဦးပဉ္စင်းက ပြုံးစိစိနှင့် နေရာမှထသည်။ ဒါယကာများမှာ တိုးလို့တန်းလန်းကြီး ကျန်ရစ်ခဲ့ပြီး ဦးပဉ္စင်းကြွသွားမှ သောသောရုတ်ရုတ် ရယ်မောကြ၏။ ဦးပဉ္စင်းဟောတဲ့ တရားကလဲ ဟုတ်ပေသားဟု ရယ်ပြုံးရင်း ကောက်ချက်ချသူကချသည်။ ကန်တော့ပွဲမှာ ကျောင်းသားလက်ထဲ ပါသွားပေပြီ။

ဒါယကာများမှာ 'မသိပါဘုရား'တစ်လုံးတည်းနှင့် ကပ်၍ ခံလိုက်ရသည်ဟု ယူဆသည်။ နောက်တစ်ကြိမ်တွင် 'သိပါတယ်ဘုရား၊ ဘာတရားလဲပြောပါဆိုရင် နိဗ္ဗာန်ရောက်ကြောင်းပါဘုရား'ဟု လျှောက်ကြရန် တိုင်ပင်ကြကာ ရွာလယ်ဓမ္မာရုံသို့ တစ်ကြိမ်ထပ်မံ၍ ဦးပဉ္စင်းအား ဆွမ်းပင့်ကပ်ကြပြန်သည်။

ဦးပဉ္စင်းက သီလပေးရေစက်ချပြီး ယခင်အပတ်ကလိုပင် မေးသည်။

"ဒီနေ့ ဟောမယ့်တရားကို သိကြရဲ့လား ဒကာတို့"

ဒါယကာများက ကြိုတင်တိုင်ပင်ထားကြသည့် အတိုင်း 'သိပါတယ်ဘုရား'ဟု လျှောက်ကြသည်။

"သိတယ်ဆိုလျှင် ဦးပဉ္စင်းတို့ ဟောစရာမလို။ သိတဲ့အတိုင်းသာ မှတ်ကြပေတော့ ဒကာတို့"

သည်တစ်ခါလည်း ဒါယကာများပင် အရှုံးနှင့်ရယ်မောကျန်ရစ်ခဲ့ပြန်သည်။

ဒါယကာများကား မကျေပွန်ရန် ပြင်ဆင်ကြပြန်သည်။ ဒီတစ်ချီတော့ ဘယ်လိုမှ မလွတ်စေရန် ပရိသတ်တစ်ဝက်က 'သိပါတယ်ဘုရား'ဖြေ၍ ပရိသတ်တစ်ဝက်က 'မသိပါဘုရား' ဖြေကြရန် တိုင်ပင်ပြီး ရက်သိပ်မခြားဘဲ ဆွမ်းကပ်ကြပြန်သည်။

ဆွမ်းကပ်ပြီး၍ သီလပေးရေစက်ချပြီးသောအခါ ထုံးစံအတိုင်း ဒါယကာများက တရားတောင်းကြ၏။ ဦးပဉ္စင်းကလည်း ထုံးစံအတိုင်း 'ဒီကနေ့ဟောမယ့်တရား သိကြရဲ့လား၊ ဒကာတို့' ဟုမေးသည်။ ဒါယကာများက တိုင်ပင်ထားကြသည့်အတိုင်း ပရိသတ်တစ်ဝက်က 'သိပါတယ်ဘုရား'ဟု ဖြေ၍ ပရိသတ် တစ်ဝက်က 'မသိပါဘုရား'ဟု ဖြေကြသည်။

ထိုအခါ ဦးပဉ္စင်းက တရားကိုစဟော၏။ တရားအစသည်ပင် အဆုံးဖြစ်တော့သည်။

"တရားမသိတဲ့ ပရိသတ် တစ်ဝက်ကို တရားသိတဲ့ ပရိသတ်တစ်ဝက်က ပြန်ဟောလိုက် ကြပေတော့ ဒကာတို့"

သုံးကြိမ်သုံးခါ ရှုံးနိမ့်ကြပြီဖြစ်သဖြင့် ဒါယကာများမှာ ဦးပဉ္စင်းအား ပညာမစမ်းရဲကြတော့ပေ။

ကျောင်းထိုင်ဦးပဉ္စင်းမှာလည်း ဒကာ ဒကာမများနှင့် အထိအတွေ့များလာပြီဖြစ်၍ အဟောအပြော ရဲရင့်လာပြီဖြစ်သည်။ ကျက်၍ထားသော တရားမှာလည်း အတန်အသင့်ရပြီဖြစ်၍ နောက်ပိုင်းတွင် သဒ္ဓါဆွမ်းကိုပင် အဟောအပြောထည့်ကာ ဒကာဒကာမများ၏ဆန္ဒကို ဖြည့်ဆည်းလျက် အသက်ထက်ဆုံး ထိုရွာတွင် ဆရာဒကာညီမျှစွာ သီတင်းသုံးနေထိုင်သွားလေသတည်း။ ☐

ဒါယကာအလို ဘုန်းတော်ကြီးမလိုက်နိုင်

လူ့အလိုနတ်မလိုက်နိုင်ဟု စကားပုံရှိသည်။ ဒါယကာအလို ဘုန်းကြီးမလိုက်နိုင်သလို ဘုန်းကြီးအလို ဒါယကာမလိုက် နိုင်သည်လည်း ရှိလေသည်။

ဝတ္ထုကြေးငွေ လျှုဒါန်းရာဝယ် ဒါယကာက ကိုယ်တိုင်သာဟတ္ထိကဒါနမြောက် လျှုချင်၏။ ရဟန်းတော်များ ဝတ္ထုကြေးငွေကိုင်ခံခြင်းကို ဝိနည်းတော်က တားမြစ်ထားသောကြောင့် ကြားခံ ကပ္ပိယကာရက ညွှန်း၍သာ အလျှုံရပေသည်။ ဒါယကာအလို ဘုန်းတော်ကြီး မလိုက်နိုင်ပေ။

ရွာဦးဘုန်းတော်ကြီးတစ်ပါး ပုံ့လွန်တော်မူလျှင် ရဟန်းသံဃာတော်များက အကျဉ်းရုံး၍ သို့မဟုတ် အတန်အသင့်နှင့် သာဓုကီဠနကိစ္စ ပြီးစီးချင်၏။ ကျေးရွာဒါယကာများက ထိုသို့မဟုတ်၊ ဂုဏ်တုဂုဏ်ပြိုင်စိတ်ဖြင့် ဘုန်းကြီးပုံ့ပွဲလမ်းသဘင်မခင်းကျင်းနိုင်ပါက ရွာနီးချုပ်စပ် ကျေးရွာများအလယ်တွင် မျက်နှာငယ်ရမည်ကို မလိုလားကြပေ။ မိမိတို့ရပ်ရွာက တစ်

လျှောက်လုံးကိုးကွယ်ခဲ့ပြီး ရွှေ့မိရွှေ့ဖသဖွယ် ဖြစ်၍နေသော ဘုန်းတော်ကြီးအား နောက်ဆုံး ပူဇော်ကန်တော့ပွဲဖြစ်သည်ဟု လည်း သဘောထားကြသည်။ သို့ဖြစ်ရာ ယင်းကိစ္စကို အကျဉ်းရုံ၍ ကိစ္စပြီးစီးဖို့ရန် ရဟန်းသံဃာတော်များ၏ ဆန္ဒမှာ ဘယ်သောအခါမှ အကောင်အထည် ပေါ်လာလေ့မရှိတတ်ပေ။ ငွေကြေး အဆင်မပြေသေးလျှင်သော်မှ ဘုန်းတော်ကြီး အလောင်းကို ဝမ်းတွင်းမှ ကလီစာတွေထုတ် နေခြောက်လှမ်း၍ နှစ်ပတ်လည်ထားရှိကာ ငွေပေါ်ရာသီရောက်မှ စျာပနပွဲ ပြုလုပ် တတ်လေ့ရှိပေသည်။ ဘုန်းတော်ကြီးများ၏ အလိုကို ဒါယကာများက မလိုက်လျှောနိုင်ခဲ့ခြင်းပင်တည်း။

ရွာဦးကျောင်းဆိုသည်မှာ ရွာဦးထိပ်တွင် ကိုးကွယ်ထားသည်ဖြစ်ရာ ရပ်ရွာ ဒါယကာ ဒါယကာမများ၏ ဘာသာရေးကိစ္စများသာမက ရပ်ရေးရွာရေး ကိစ္စများအတွက် စုစည်းရာ ဌာနလည်း ဖြစ်ပေသည်။ ကျောင်းထိုင်ဆရာတော်မှာလည်း ဂါမဝါသီပုဂ္ဂိုလ်ဖြစ်သည်နှင့်အညီ ထိုရွာ၏ရပ်ရေးရွာရေးကိစ္စများတွင် ဆက်နွယ်နေပြီး ရွာ၏အတိုင်ပင်ခံ နာယကပုဂ္ဂိုလ်တစ်ဦးဖြစ်၍ နေတတ်သည်။ ရွာနှစ်ရွာ ကွဲသည့်ပြဿနာ၊ ကျောင်းနှစ်ကျောင်းကွဲသည့် ပြဿနာကဲ့သို့ ခက်ခဲနက်နဲနေသည့် ရပ်ရွာကိစ္စများဆိုလျှင် ဆရာတော်၏ သြဇာတိက္ကမအသုံးပြု၍ ပြီးပြတ်ရသည်များ ရှိလေသည်။

ရပ်ရွာ၏ ညီညွတ်စည်းလုံးမှုသည် ဘာသာရေးနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ရပ်ရွာစည်းလုံးညီညွတ်ခြင်းဖြင့် ဘာသာရေး တိုးတက်စည်ကားသလို ဘာသာရေးအားဖြင့် စည်းလုံးမှုက ရပ်ရွာ၏ ညီညွတ်မှုကို အဓိကထောက်ကူလျက်ရှိ၏။ သာမန်စည်းလုံးနေချိန် မသိသာသော်လည်း ရွာနှစ်ရွာကျောင်းနှစ်ကျောင်း ကွဲကြတော့မည့် အခြေအနေမျိုးတွင် ရွာဦးဆရာတော်မှာ ပဌာနှစ်ခုအကြား မဖြစ်မနေ ဝင်ရတော့၏။

ကျေးရွာအုပ်စုများသည် မြို့ပြရှိ ရပ်ကွက်များနှင့် အုပ်ချုပ်ရေး အဆင့်တူငြားသော်လည်း လူနေမှု အမျိုးအစားကွာခြား၏။ မြို့ပြရပ်ကွက်များတွင် တစ်ရပ်ကွက်တည်း မဆိုထားနှင့် တစ်လမ်းတည်းမှာပင် မြန်မာ၊ ကုလား၊ တရုတ် ရောနှောနေထိုင်ကြ၏။ မြန်မာနှစ်အိမ် ဘေးချင်းယှဉ်လျက် ဆွေမျိုးသားချင်း အရင်းအချာ ဟုတ်ကောင်းမှ ဟုတ်မည်။ ဆွေမျိုးမစပ်သူများ၊ လူမျိုးခြားများ၊ ဇာတိမတူသူများဖြင့် ရပ်ကွက်တစ်ခုကို စုစည်းထားရုံမက ထိုရပ်ကွက်တွင် သန်းခေါင်စာရင်းဝင် အခြေချနေထိုင်သူများပင်လျှင် အသက်ထက်ဆုံးနေထိုင်၍ ထိုရပ်ကွက်ဌာခေါင်းချသွားသူက ခပ်ရှားရှား။ စီးပွားရေး၊ လူမှုရေး အဆင်ပြေသလို လဲလှယ်ရွှေ့ပြောင်း နေထိုင်ကြသည်ကများ၏။ သို့ဖြစ်ရကား မြို့ပြတွင် လူတို့သည် ဆွေမျိုးစွဲ၊ လူမျိုးစွဲ နည်းပါးကြသည်မှာ သဘာဝကျပေသည်။

ကျေးလက်များတွင် ထိုသို့မဟုတ်၊ ဤရွာတွင် မွေးဖွားသူသည် ဤရွာတွင် အိမ်ထောင်ကျ၍ ဤရွာသုသာန်တွင်ပင် ခေါင်းချသွားသည်က များ၏။ သက်မွေးဝမ်းကျောင်း အလုပ်အကိုင်ကလည်း ဤရွာတွင်ပင်ရှိပြီး အကယ်၍ ဓနဌေကြေးကြွယ်ဝလာပါကလည်း မြို့ပြသို့ ပြောင်းရွှေ့နေထိုင်ဖို့ရာ စိတ်မကူးကြပေ။ သို့ဖြစ်ရာ ရွာတွင် လူစိမ်းသူစိမ်း နည်းပါးလှပြီး ဆွေမျိုးသံယောဇဉ်၊ အရပ်ဒေသ သံယောဇဉ်က နက်ရှိုင်းစွာ ရစ်ပတ်ထားတတ်ကြ၏။ တစ်ချို့ ရပ်ရွာများဆိုလျှင် အဘိုးအဘေး အစဉ်အဆက် မိသားစုကြီး နှစ်ခုလောက်နှင့် တစ်ရွာလုံးဝွင် ဖွဲ့စည်းရပ်တည်နေသည်ကိုပင် တွေ့ရှိနိုင်ပေသည်။

မိသားစုစနစ်ဖြင့် စုစည်းနေထိုင်ကြသည့်အတွက် ရပ်ရွာစည်းလုံးညီညွတ်မှုသည် မြို့ပြရပ်ကွက်များထက် သာလွန်သည်မှာ ပြောစရာပင် မလိုပေ။ ထိုစည်းလုံးညီညွတ်မှုဖြင့်ပင် ရပ်ရွာ၏ အုပ်ချုပ်မှု၊ လုံခြုံမှု စုစည်းရပ်တည်ရပေရာ မစည်းလုံးမညီညွတ်၍လည်း မရပေ။ အများအားဖြင့် ကျေးရွာများတွင် ဘာမဆို တစ်သွေးတည်း တစ်သံတည်း ရှိတတ်ကြသည်ကို တွေ့နိုင်၏။ ရွာဦးကျောင်းဆရာတော်က ရွာ၏အဦးအချုပ်အရာ လွှမ်းအုပ်မိပါမူကား ထိုရပ်ရွာအဖို့ အတိုင်းထက်အလွန်ပင်ဖြစ်တော့သည်။ ရွာဦးဆရာတော်များသည် ထိုအချက်ကို

သတိကြီးစွာထားလျက် နှစ်ဖက်အစွန်းလွတ်အောင် တရားနှင့် အညီ နေထိုင်သီတင်းသုံးကြရပေသည်။

ပြေ့ချဉ်ကုန်းရွာသည် ပဲမျိုးစုံကိုင်းကျွန်းလုပ်ငန်းဖြင့် တစ်စထက်တစ်စ စီးပွားချောင်လည်လာပြီး ရွာထဲတွင် ပျဉ်ထောင်သွပ်မိုးအိမ်များ တစ်အိမ်ပြီးတစ်အိမ် တိုး၍တိုး၍လာနေသည်။ ရွာဦးကျောင်းတွင်လည်း ပတ်ပတ်လည် အုတ်တံတိုင်းကာနိုင်ကြပြီး သိမ်ဒါယကာ ကွယ်လွန်သဖြင့် ကစ်ပိုင်းတစ်စကျန်ရစ်သော အဆောက်အအုံမှာ ဘုံစုပေါင်းကြိုးစားမှုဖြင့် နှစ်ထပ် တိုက်သစ်သိမ်ကျောင်းကို ရေစက်ချပြီးသွားပြီဖြစ်၏။ ရွာဦးဆရာတော်ကြီးမှာ တပည့်ဒါယကာ၊ ဒါယိကာမများ ယခုလို သောင်သာလာသည့်အတွက် အထူးကျေနပ်ဖွယ်ဖြစ်သော်လည်း ရပ်ရေးရွာရေး ဘာသာရေးနှင့် မကင်းသော စိုးရိမ်ကြောင့်ကြဖွယ်ရာ တစ်ခုအတွက် စိုးနှောင့်လျက်ရှိသည်။

အခြားမဟုတ်၊ ပြေ့ချဉ်ကုန်းရွာဟိုဖက်ထိပ်မှ ဦးလူခ ဆွေမျိုးအုပ်စုနှင့် ရွာလယ်ပိုင်းမှ ဦးသူငယ်ဆွေမျိုးအုပ်စုတို့တွင် ဂုဏ်တုဂုဏ်ပြိုင်ပြဿနာလေးရှိနေ၏။ ရပ်ရွာအုပ်ချုပ်ရေးဖက်တွင် တစ်ဖက်မှပါလျှင် တစ်ဖက်က မကျေနပ်ချင်။ တစ်ဖက်တွင် အလှူအတန်းကြီးတစ်ခုဖြစ်လျှင် မကြာမီ တစ်ဖက်က ထလုပ်တတ်၏။ ရွာထိပ်မှ ဦးလူခတို့လူတိုက် စီးပွားရေးမချောင်လည်

သေးခင် စောစောပိုင်းက အကြောင်းမဟုတ်သော်လည်း ယခုနှစ်များ အပိုင်းတွင် ဦးလူခတို့ရွာထိပ်ပိုင်းသားများမှာ ကိုင်းသီးနှံများ ရရှိတိုးပွားလျက်ရှိရာ ရွာလယ်ပိုင်းမှ ဦးသူငယ်တို့လူတိုက်အား ယှဉ်ပြိုင်နိုင်နေပြီဖြစ်သည်။ ဆရာတော်ကြီးမှာ သူတို့ဆွေမျိုး အုပ်စုနှစ်ခုကြားတွင် ဘက်မလိုက်မိအောင် အမှန်တရားဖက် ဆုပ်ကိုင်ခြင်းထက် ဘက်လိုက်သည် အထင်မခံရဖို့က အထူးအရေးထားရမည့် ကဏ္ဍတစ်ရပ်ဖြစ်နေသည်။

ဆရာတော်ကြီး စိုးရိမ်သည့်အတိုင်း တစ်နေ့တွင် ပြဿနာ စ,ပါတော့သည်။

ဦးလူခသည် ရွာထိပ်အနီး ကိုင်းတစ်ကွင်းကို ထွန်ယက်ရာမှ ပေါ်တော်မူ ရှေးဟောင်းဆင်းတုတော်နှစ်ဆူ ရရှိခဲ့ခြင်းပင်ဖြစ်သည်။ နှစ်စဉ်ထွန်နေကျ မတွေ့ရှိဘဲ ယခုနှစ် ထွန်ယက်ကာမှ တွေ့ရှိသဖြင့် ထူးဆန်းအံ့သြစရာပင် ဖြစ်၍နေသည်။ ဆရာတော်ကြီးထံ ဦးစွာလျှောက်ထား၍ ဆုံးဖြတ်နာခံရမည့်အစား ထိုပေါ်တော်မူဘုရားတွေ့ခ်ိန် မလှမ်းမကမ်းတွင် တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာသော မြို့မှကျောင်းဆောက်ရန် အလှူခံအဖွဲ့ခေါင်းဆောင် ဘုန်းတော်ကြီးတစ်ပါး၏အကြံဉာဏ်ကိုယူ၍ ပေါ်တော်မူဘုရားတွေ့ရှိရာ ကိုင်းကျွန်းမြေထဲတွင်ပင် ယာယီစံကျောင်းထိုး ပူဇော်ပြီးမှ ဆရာတော်ကြီးအား လျှောက်ထားဖို့ ရောက်လာသည်။

ဆရာတော်ကြီးက ထိုဘုရားနှစ်ဆူကို ကျောင်းသို့ပင့်၍ ဘုရားကျောင်းဆောင် ဆောက်လုပ်ကိုးကွယ်ရန် အမိန့်ရှိသည်။ အလျှုခံဘုန်းတော်ကြီးအား ဆက်လက်မကြွစေဘဲ ယာယီစံကျောင်း၌ ပင့်၍ ဆွမ်းကပ်လျက်ရှိသော ဦးလူခမှာ ထိုနေရာတွင်ပင် ပေါ်တော်မူ ဘုရားနှစ်ဆူအား (၇)ရက်ခန့် လူသူအုတ်အော်သောင်းတင်း ပူဇော်ခံရန် ဆန္ဒရှိနေသဖြင့် ဆရာတော်ကြီးသည် ဦးလူခအလို လိုက်ခဲ့ရလေသည်။

ဦးလူခမှာ သူ့ကိုင်းထဲမှ ပူဇော်ရရှိသော ပေါ်တော်မူ ဘုရားနှစ်ဆူကို ဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်ပါက ရွာဦးကျောင်းဘာသာရေးတွင် ရှေ့တန်းမှ နေရာယူထားသော ရွာလယ်ပိုင်းမှ ဦးသူငယ်တို့ ကြီးစိုးသွားမည့်အရေးအတွက် စိုးရိမ်လျက်ရှိ၏။ ခုနှစ်ရက်မြောက်နေ့တွင် ဆရာတော်ကြီးအပါအဝင် ရွာနီးချုပ်စပ်သံဃာအပါး ၃၀-ပင့်၍ ဘုရားအနေကဇာတင်မည်။ ဦးလူခကိုင်းကွင်းထဲရှိ ထိုပေါ်တော်မူဘုရားတွေ့ရှိရာနေရာတွင်ပင် ဓမ္မာရုံတစ်ခုဆောက်လုပ်မည်။ ပေါ်တော်မူဘုရားနှစ်ဆူကို ထိုဓမ္မာရုံအပေါ်တွင် ထားရှိလျက် ထာဝစဉ်ကိုးကွယ်ခွင့်ကို ထိုအနေကဇာတင်ပွဲနေ့ကျမှ ဆရာတော်ကြီးနှင့်တကွ သံဃာတော်များအား လျှောက်ထားမည် စသည်ဖြင့် ဦးလူခ၏ အစီအစဉ်များမှာ ကြားပယောဂအကြံဉာဏ်များ ပူးဝင်ကာ တစ်ဆင့်ထက်တစ်ဆင့်တက်၍ တိုးလာနေသည်။

ရွာလယ်ပိုင်း ဦးသူငယ်ကြားလျှင် ဦးလူခ၏အစီအစဉ်များ မအောင်မြင်စေရန် ဆရာတော်ကြီးအား တားမြစ်ပေးဖို့ရာ လျှောက်ထား၏။ ဆရာတော်ကြီးမှာ ဤကိစ္စ အပျက်အပျက်နှင့် ကြာလျှင် ဥပုသ်ဇရပ်တစ်ခု၊ ဘုန်းကြီးကျောင်းတစ်ကျောင်းအထိ ရောက်ရှိလာပြီး ရွာနှစ်ခြမ်းကွဲနိုင်သည်ကို စဉ်းစားထားပြီးဖြစ်၏။ ပက္ခနှစ်ခုအကြား ဝင်လက်မလျှိုမိစေရန်နှင့် အမှန်တရားထက် ဘက်လိုက်သည် အထင်မခံရစေရန် ဦးသူငယ်အား ဖျောင်းဖျပြောဆို၍ ဦးလူခတို့အားသာ မေတ္တာပို့၍ နေရလေသည်။

လာပါပြီ။ ဦးသူငယ်က ဦးလူခ၏ ဘုရားအနေကဇာတင်နှင့် သီသီလွဲ၍ ထိုနေ့နံနက် သံယာဆယ်ပါး အရုဏ်ဆွမ်းကပ် ပင့်လာပြန်သည်။ ရက်လွှဲ၍လည်း မရသဖြင့် ဆရာတော်ကြီးမှာ အစီအစဉ် ချရပြန်သည်။ ဤတွင် ပြဿနာအထွတ်အထိပ်သို့ ရောက်ရှိလာသည် ဆိုရပေမည်။

အလှူနှစ်ခု အကြိုနေ့ညတွင် အသံချဲ့စက်ကို တစ်ဖက်နှင့် တစ်ဖက် ဟွန်းများ အပြိုင်လှည့်တပ်ဆင်ပြီး အသံကုန်တင်ကြရာ ကြားလူများ နားမခံသာဘဲ ရန်ပွဲ ဖြစ်လုလုအနေအထား ဖြစ်လာသည်။ ဆရာတော်ကြီးကြွရောက်လျက် ကြားမှ ဝင်ထိန်းပေးသဖြင့် လူကြီးပိုင်းက အဆင်ပြေသွား၍

အေးမည်မျှမကြဲသေး၊ ညဉ့်သန်းခေါင်အချိန်တွင် လူငယ်ပိုင်းက တစခန်းထကြလေသည်။ တစ်ဖက်မှ ချက်ပြုတ်သူများဆီသို့ အမှောင်ထဲမှ ခဲတစ်လုံးကျရောက်လာရာတွင် ဆန့်ကျင်ဖက် အုပ်စု အပေါ် တပ်အပ်စွတ်စွဲလျက် တစ်ဖက်မှ တုံ့ပြန်သဖြင့် ခိုက်ရန် ဖြစ်ပွားကာ ရွာပင်မီးထလောင်တော့မတတ် ဖြစ်ခဲ့လေ၏။

သွားတိုင်သူ တိုင်သဖြင့် တစ်ရွာကျော်လောက်မှ ရဲများရောက်လာချိန်တွင်မူ ဆရာတော်ကြီးက ဝင်ထိန်းပြီး ဖြစ်သဖြင့် ငြိမ်သက်စ ပြုနေပြီဖြစ်သည်။ သို့သော် နှစ်ဖက်ပဋိပက္ခတွင် လူထိခိုက်ဒဏ်ရာရမှု အနည်းအကျဉ်းနှင့် အဆောက်အအုံ ထိခိုက်မှုအချို့ ရှိလေရာ ရဲများက အမှုဖွင့်သည်။ ပက္ခနှစ်ဖက်မှ တစ်ဖက် ငါးယောက်စီ တောင်းသည်။ ထိုသူများကို တစ်ညချုပ်ထားပြီး နောက်နေ့တွင် အာမခံနှင့် ပြန်လွှတ်ပေးမည် ဟုဆို၏။ ပြဿနာမှာ ပေါ်တော်မူ ဘုရားနှစ်ဆူမှစခဲ့ခြင်းဖြစ်၍ ထိုဘုရားနှစ်ဆူအား ရဲစခန်းသို့ ပင့်ဆောင်သွားရမည့်ကိစ္စကိုမူ ရဲစခန်းမှူးက ဆရာတော်ကြီး ထံမှ ခွင့်ပြုချက်တောင်းသည်။ ဆရာတော်က 'သွေးပူနေတုန်း ဒါပဲကောင်းမည်' ဟု ခပ်မဆိတ်ပင် နေလိုက် ရပေသည်။

နံနက်အရုဏ်တက်တွင် ရွာလယ်ပိုင်းမှ ဦးသူငယ် အိမ်၌ သံယာဆယ်ပါး ဆွမ်းကပ်ပြီး နေ့ဆွမ်းကို ရွာထိပ်ဦးလူခ

ကိုင်းထဲရှိ ယာယီမဏ္ဍပ်တွင် သံယာအပါးသုံးဆယ် ဆွမ်းဘုဉ်းပေးကြသည်။ ပေါ်တော်မူဘုရားနှစ်ဆူမှာ ရဲအချုပ်သို့ ချိပ်ပိတ်ပါသွားပြီ ဖြစ်ရကား အနေကဇာတင်ပွဲမူ မလိုအပ်တော့ပေ၊ နှစ်ပွဲစလုံးမှာပင် ဆရာတော်ကြီးက မေတ္တာသုတ်ဒေသနာတော်ကို အစောင်းအချိတ်မပါ ပုံစံရိုးရိုးလေး ဟောကြားတော်မူ၏။

ပြေချဉ်ကုန်းရွာ ပေါ်တော်မူဘုရား အနေကဇာတင်ပွဲသို့ ရွာနီးချုပ်စပ်မှ သတင်းကြားသဖြင့် ရောက်လာသူ ပရိသတ်တစ်ချို့မှာလည်း ပေါ်တော်မူဘုရားအား ဖူးမြော်ရန်အားခဲလာခဲ့သမျှ ဖူးခွင့် မရရှာတော့ပေ။ ညက အဖမ်းခံရသူ ဆယ်ဦးနောက်သို့ အာမခံနှစ်ဆယ်ဦး ရဲစခန်းရှိရာ သွားရောက်ကြပေရာ ဆွမ်းကပ်နှစ်ခုစလုံးမှာပင် လူခပ်ခြောက်ခြောက်ဖြစ်၍ နေပေသတည်း။ □



ရေမရှိလျှင် ရေစက်မချရ

ရွာဦးကျောင်းဘုန်းတော်ကြီးများသည် အလျှုအတန်းညရောက်ပင့်ဖိတ်ရာသို့ ခရီးအကွာအဝေးအလိုက် တစ်ညနှစ်ညအိပ် ခရီးကြွရသည်ရှိ၏။ နွေလ သီတင်းပေါက်သည့်အခါ မြို့ကြီးပြကြီးများသို့ တစ်ပတ်နှစ်ပတ်ခန့် ဘုရားဖူးကြွရသည်လည်း ရှိ၏။ ထိုအခါများတွင် လက်ထောက်ရဟန်းဖြစ်စေ၊ ကိုရင် ကြီးကြီးမားမား ဖြစ်စေ ကျောင်းစောင့်လိုအပ်တတ်လေသည်။

ကျောင်းစောင့်မရှိ၍ ရွာထဲမှဒကာတစ်ဦးဦးကို သော့အပ်ထားပြန်တော့လည်း ကျောင်းတွင် ထိုဒကာ ချယ်လှယ်သည်ကို ကျန်ဒကာများက အမြင်စောင်းတတ် ပြန်သည်။ ရပ်နီးရပ်ဝေး ဧည့်သည်အာဂန္တု ရုတ်တရက် ရောက်လာပါကလည်း ရွာထဲမှ ဒကာတစ်ဦးက လာရောက်စီမံရသည့် အတွက် အာဂန္တုကဝတ် (ဧည့်ဝတ်) မကျေပွန်ဘဲ ကျောင်းနာမည် ပျက်ဖွယ် ရှိပြန်၏။ ထို့ကြောင့် ရွာဦးကျောင်း ဘုန်းတော်ကြီးမှာ တာဝန်ခံကျောင်းစောင့် တစ်ဦးတော့ ရှာဖွေထားရှိကြရ၏။

ရွာထဲမှ မုဆိုးဖို ဦးသက်ကြီးမှာ ယခုတော့ ရွာဦးကျောင်းတွင် ဦးပဉ္စင်းကြီးဦးသောမဖြစ်ကာ ဘုန်းတော်ကြီး၏ လက်ထောက်နေရာ မမီသော်လည်း ဘုန်းတော်ကြီး ခရီးထွက်သည့်အခါ ကျောင်းစောင့်တော့ အဆင်ပြေနေသည်။ တောထွက်ကိုယ်တော်ကြီးပင် ဖြစ်လင့်ကစား ကျောင်းတွင် ရဟန်းပုဂ္ဂိုလ်တစ်ပါး ရှိသည်ဆိုသောအခါ လူဒါယကာအား သော့အပ်ထားခဲ့ရသည်နှင့် စာလျှင် မျှားစွာ တင့်တယ်လှပေ၏။

ဦးပဉ္စင်းကြီးဦးသောမမှာလည်း ရွာထဲရှိ မုဆိုးဖို အထီးကျန်ဘဝ နေရသည်ထက်စာလျှင် စိတ်ချမ်းသာလျက် ရှိနေပေပြီ။ သို့သော် ဦးသောမကား ကြီးမှဦးပဉ္စင်းဖြစ်ရသူ ဖြစ်သဖြင့် ဟောရေးပြောရေး ကိစ္စတွင်မူ သီလပေးကိစ္စ လောက်သာ ကျွမ်းကျင်ပြီး ၄င်းကိုပင် ဆရာဘုန်းဟော်ကြီး နှုတ်တိုက်ချ သင်ပေးထားသည့်အတွက် မနည်းကြီး ကြိုး စားထားရသည်။ ဘုန်းတော်ကြီးခရီးထွက်သည့်အခါ ဝါပဉ္စပုသ် ရှစ်ပါးသီလပေးကို ဦးပဉ္စင်းကြီးဦးသောမပင် လွယ်လွယ်ပေးလျက်ရှိသည်။

ယခုတစ်ခေါက် ဘုန်းတော်ကြီး ခရီးအထွက်တွင် ကိုယ်တော်ကြီးဦးသောမအဖို့ ချွေးပြန်ရသည့် ပြဿနာတစ်ရပ်နှင့် နဖူးတွေ့ဒူးတွေ့ ဆုံတိုးခဲ့ရလေသည်။ အခြားမဟုတ်၊ သုသာန်တွင် သရဏာဂုံလိုက်ဝတ်ပေးရမည့် ဒုမင်္ဂလကိစ္စပင်

ဖြစ်သည်။ သရဏာဂုံတင်ရာတွင် အမျှအတန်းဝေဖို့ ရေစက်ချ လိုအပ်၏။ ရေစက်ချကိုမူ ကိုယ်တော်ကြီး မစွမ်းနိုင်ဘဲရှိနေ သည်။

အသုဘကိစ္စမှာလည်း ခရီးသွားလှည်းတစ်စီးပေါ်တွင် နေမကောင်းဘဲ လိုက်ပါသူတစ်ဦး ရွာထိပ်အနီးတွင် ချက်ချင်း သားကြီး မျက်ဖြူလန်ကာ ကွယ်လွန်သွားသည်။ အလောင်းကို မိမိရွာသို့လည်း ပြန်မသယ်လို၊ သူများရွာတွင်လည်း ကြာကြာ မနေလိုသဖြင့် ယနေ့ပင် သုသာန်တွင် မီးသင်္ဂြိုဟ်ခဲ့ကြမည်ဖြစ် သည်။ ရွာထဲမှလူများအား အကူအညီတောင်းကာ သုသာန် တွင် အလောင်းကို ဝါးကပ်ဖြင့် ပြင်ဆင်ပြီးသော် သရဏာဂုံတင် ရန် ကိုယ်တော်ကြီး ဦးသောမအား လာရောက်ပင့်ကြခြင်းဖြစ် သည်။

ဦးပဉ္စင်းကြီးဦးသောမ ချွေးပြန်လေပြီ။

ထူးဆန်းသည့် အသုဘအဖြစ်အပျက်ကိုပင် စိတ်မဝင် စားနိုင်။ သင်္ကန်းရုံပြီး သုသာန်သို့ နှေးတုံ့နှေးတုံ့နှင့် လိုက်ပါ ရင်း အသုဘရေစက်ချမရသည့်အတွက် အကြံအိုက်လျက် ရှိသည်။

သုသာန်ရောက်သော် ရွာသားဒါယကာ လေးငါး ခြောက်ယောက်တွေ့၍ အဖြစ်မှန်ပြောပြကာ ရေစက်မချဘဲ

နေမည်ဟု နောက်ဆုံး စဉ်းစားသေး၏။ သို့ရာတွင် မျက်နှာစိမ်း ဒါယကာများက သရဏာဂုံတင်ရန် လူစုနေကြပြီဖြစ်၍ ပြောဖို့ရာ အချိန်မရတော့ပေ။ ရွာသားဒါယကာများကလည်း ဦးပဉ္စင်းကြီး ရေစက်ချရမှရပါ့မလားဟု ယင်းအတွက် တွေးပူပန်လျက်ရှိကြသည်။

ဒါယကာများရှေ့တွင် တင်ပျဉ်ခွေထိုင်ရင်း ကိုယ်တော်ကြီးဦးသောမမှာ ခွေးအပြိုက်ပြိုက်ကျလျက် ရှိပြီး ရင်ကလည်းပူသဖြင့် ရေဆာလာသည်။ ဒါယကာက 'ကန်တော့ကြမယ်'ဟု ပြောသောအခါ ဦးသောမက လက်ကာ၍ 'ဒကာ ရေတစ်ခွက်ကပ်ပါ'ဟု ပြောလိုက်သည်။ ဒါယကာမှာလည်း ရေစက်ချမည့် ရေတစ်ဖန်ခွက်မှလွဲ၍ သောက်ရေမပါခဲ့ရကား ရေဟိုရှာဒီရှာနှင့် အခက်ကြုံသွားသည်။ ဒါယကာ၏ ထိုအခက်ကြုံသည့် ခဏမှာပင် ကိုယ်တော်ကြီးဦးသောမ၏ အာရုံတွင် အကြံဉာဏ်အလင်းရောင်တစ်ခု လင်းလက်သွားသည်ကို ဒါယကာများ မသိလိုက်ကြပေ။

"ကဲ. ဒကာကြီး သောက်ရေမပါလဲ ရေစက်ခွက်ပေး"

ဒါယကာမှာ ကိုယ်တော်ကြီးက တောင်းတော့လည်း မပေးဘဲ မနေသာပေ။ ရေဆာလွန်းသဖြင့်သာ တောင်းခြင်းဖြစ်

ပြီး အာစွတ်ရုံလောက်ပဲ သောက်တန်ကောင်းရဲ့ဟု ဦးပဉ္စင်းကြီး အား ရေစက်ခွက်ကို သောက်ရေအဖြစ် ကပ်လိုက်သည်။

ကိုယ်တော်ကြီးဦးသောမသည် ရေစက်ခွက်မှ ရေကို တစ်ကျိုက်ကျိုက်ဖြင့် မော့သောက်လိုက်ရာ ရေတစ်ဖန်ခွက်လုံး ပြောင်ပါလေတော့သည်။ ရေစက်ချရန် ရေမရှိ၍တော့ရကား အသုဘရှင် ဒါယကာမှာ စိုးရိမ်ပူပန်သွားလေသည်။ ကိုယ်တော်ကြီးက ထိုဒါယကာ၏ စိုးရိမ်ပူပန်မှုကို မသိကျိုးကျွန်ပြုလျက် ဖန်ခွက်ကို ပြန်ပေးရင်း 'ကဲ. . . သီလယူကြ'ဟု ပြောလိုက်သည်။

ဒါယကာများက ဩကာသဆို၏။ ကိုယ်တော်ကြီးက ဆုပေး၏။ သီလတောင်း လိုက်ဆိုခိုင်း၏။ သရဏံ ချပေး၏။ ငါးပါးသီလ ပေးသည်။ အားလုံးလုပ်နေကျအတိုင်း ချောချောမောမောပင်။ ပြီးသော် ကိုယ်တော်ကြီးဦးသောမက စကားစ၏။

"ကဲ-သရဏာဂုံ တင်ပြီးပြီ။ ရေစက်ချကတော့ ရေမှ မရှိဘဲ ထားလိုက်ပေတော့၊ အမျှဝေ ဒကာကြီး"

အသုဘရှင် ဒါယကာ၏ စိတ်တွင် ကျေနပ်ချင်ပုံမရ။

"မှန်ပါဘုရား၊ ရေစက်ခွက်နဲ့ မချတော့ဘဲ စိတ်ထဲ ကမှန်းနေပါ့မယ်ဘုရား၊ အရှင်ဘုရားကတော့ ချမြဲတိုင်း ချပေးပါဘုရား"

"မဟုတ်ဘူး ဒကာကြီး၊ ရေစက်ခွက်မပါဘဲ ရေစက်ချ လို့မထူးဘူး၊ ခုကိစ္စက သရဏဂုံတင်တာ အဓိကပါ"

အကြောင်းသိ ရွာသားတစ်ဦးကပါ ကိုယ်တော်ကြီး ဘက်မှ ဝင်ကူပြောပေး၏။

"ဒါလဲ ပြီးတာပါပဲ။ အဂ်ါစုံမှကောင်းမှာပေါ့။ နေရပ် ရောက်လို့ ရက်လည်ဆွမ်းသွတ်ကျမှ ပြည့်ပြည့်စုံစုံနဲ့ပေါင်းပြီး ရေစက်ချလိုက်တော့ပေါ့ မဟုတ်လား၊ ကဲ. . အမျှဝေ အမျှဝေ"

အသုဘရှင်ဒါယကာ တကယ်ကျေနပ် မကျေနပ်မသိ။ အမျှဝေသံမှာ ဝမ်းနည်းတုန်ခိုက်နေသည်။

သုသာန်မှ ကျောင်းသို့ ပြန်ကြွသော အပြန်လမ်းဝယ် ရေစက်ချမရ၍ ရေမရှိအောင် လုပ်ခဲ့သော ဦးပဉ္စင်းကြီး ဦးသောမမှာ အလာတုန်းကလို ခွေးပြန်စရာ မလိုတော့ပါပေ။

ဆ၊ လိန် အလျှုံ

မြစ်ဝကျွန်းပေါ် ကျေးလက်တောရွာများတွင် နွေဦးပေါက်၍ ကိုင်းသီနှံပေါ် ခိုန်ရောက်ပြီဆိုလျှင် ပဲပွဲစားများ၊ ဂရုပ်ပွဲစားများ ခြေချင်းလိမ် နေသကဲ့သို့ အလျှုံခံများမှာလည်း ဝင်လာမစဲရှိတော့သည်။

ရွာထဲမှာ အလျှုမဂ်လာဆောင် ရှိသံမကြားဘဲ အသံချဲ့စက်သံကြားပြီဆိုလျှင် သွားရောက်စုံစမ်း နေစရာမလို။ မကြာမီ အိမ်ပေါက်ဝသို့ အလျှုံခံအဖွဲ့တစ်ခု ရောက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပေသည်။ ရွာနီးချုပ်စပ်မှ ရွာဦးစေတီ ပြုပြင်ရန် ရွာဦးကျောင်းပြန်ဆောက်ရန် အလျှုံခံဝတ်အဖွဲ့၊ သံယာငါးပါးခန့် ဦးဆောင်လာသည့် မြို့မှ စာသင်တိုက် ဆွမ်းဆန်စိမ်း အလျှုံ အဖွဲ့ စသည်ဖြင့် အဖွဲ့အသင်းနှင့် လာသည်များရှိသလို ဘုန်းကြီးတစ်ပါး ဒါယကာတစ်ဦးလောက်နှင့် ဖြတ်ပိုင်းစာအုပ်ကလေးသက်သေထူ၍ တစ်သီးပုဂ္ဂလအလျှုံခံများလည်းရှိသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများလည်း ဖြစ်၊ ရောင့်ရဲ တင်းတိမ်မှုဖြင့် ရိုးသားစွာ စားသောက်နေထိုင်သူများလည်း ဖြစ်ကြရာ တောသူတောင်သားများသည် လာလာသမျှသော အလျှုခံများအား ပေါ်တုန်းပေါ်ခိုက် မည်ည်းမည့်ကျ လောင်းလျှုလျက် ရှိကြသည်။ ဝေးခေါင်လှသော သူတို့ ရွာသို့ တကူးတက လာရောက် အလျှုခံသည့် အတွက်ပင် ကျေးဇူးတင်ကာ အလျှုခံအဖွဲ့ ရွာမှထွက်ခွာသည်အထိ ဝိုင်းဝန်း အကူအညီ ပေးကြ၏။ ရဟန်းသံဃာတော်များ ပါနေပြီး နံနက်ပိုင်း အချိန်ဖြစ်နေက သံဃာတော်များ ဆွမ်းစကောစက မဖြစ်စေ ရန် ရွာဦးကျောင်းမှာ ဖြစ်စေ၊ ရွာလယ်ကျောင်းမှာ ဖြစ်စေ အမြန်စီစဉ် ချက်ပြုတ်လျက် ဆွမ်းဝတ်ကုသိုလ်ကိုပါ ရယူ လိုက်ကြလေသေးသည်။ ထိုမျှ ရိုးသား၍ အလျှုရေစက် လက်နှင့်မကွာ နေထိုင်ကြသူများပင်တည်း။

တစ်ခါက တောထွက် ကိုယ်တော်ကြီး တစ်ပါးနှင့် နောက်လိုက် ပိတ်ဖြူဝတ် ဦးသူတော်တစ်ဦးတို့သည် ရွာသို့ အလျှုခံ ရောက်ရှိလာသည်။ အခြားအလျှုခံများထက် ထူးခြား သည်မှာကား ဦးသူတော်ကြီးက ကိုယ်တော်ကြီးရှေ့မှ ကြေးစည် တစ်လုံးနှင့် ဗျိုဟစ်၍ နိုးဆော်လာပုံ အဆန်းကြောင့် ဖြစ်သည်။

"ဆ,လိန် အလျှုခံပါသဗျိုး"

ရွာသူရွာသား သပ္ပုရိသနွယ်ဝင် အလျှုရှင်မျှားမှာ ကိုင်းသီးနှံ စိုက်ပျိုးလုပ်ကိုင်သူမျှား ဖြစ်သဖြင့် ဘာအလျှုခံ လာလာ ငရုတ်နှင့် ပဲမျိုးစုံသာ ဆွမ်းဆန်စိမ်းအဖြစ် လောင်းလျှုကြသည်။ သို့ဖြစ်ရာ ယခုကဲ့သို့ 'ဆ, လိန်အလျှုခံ ပါသဗျိုး' ပုဂ္ဂိုလ်အားမူ ဘာလောင်းလျှုရမှန်း မသိအောင် ဖြစ်နေသည်။ အာသွက်လျှာသွက် ရွာသားတစ်ဦးက လှမ်း၍မေးသည်။

"ဗျို့ ဦးသူတော် ဆလိန်အလျှုခံဆိုတာ ဘာတုံးဗျ"

ဦးသူတော်ကြီးထံမှ ချက်ချင်းအဖြေရ၏။

"ဆ, လိန်ဆိုမှ ဆန်ပေါ့"

"ဟာ. . . ဦးသူတော်ကလဲ၊ ကျုပ်တို့အရပ်က စပါးစိုက်တဲ့ အရပ်မှမဟုတ်တာ၊ ဆန်ရှားတယ်ဗျ"

"ဆ, လိန်ဆိုမှ ဆန်မရှိ ဆီပေါ့ "

"ဆီက ဒီနှစ်မြေပဲတွေ တစ်နယ်လုံး သောင်ထားတော့ ဆီကတောင် ပိုရှားလိမ့်ဦးမယ် "

"ဆ, လိန်ဆိုမှ ဆန်, ဆီ, မရှိ ဆားပေါ့"

"ဆားလား၊ ဆားကလဲ မြို့ကမှ တစ်ဆင့် ဝယ်သုံးရတာ၊ ဦးသူတော်ရယ်၊ မြို့ကျမှ အလျှုခံပါတော့"

" ဆ,လိန်ဆိုမှ ဆန်, ဆီ, ဆား, မရှိ ဆေးပေါ့ "

ဆ, လိန်အလျှုခံဆိုသည်မှာ စင်စစ်အဂ်ါနံ ဟု ခေါ်သော ဆန်, ဆီ, ဆား, ဆေး စသည့် ဆ, လိန်အကွရာပါ ပစ္စည်းများတည်း။

ဦးသူတော်ကြီးနှင့် အချိုအချ ပြောနေသော ရွာသား မှာ မောရ်သွားပြီး (ဆေး) မှာတင် ရပ်လိုက်၏။

ဆေးမရှိ ဆပ်ပြာလာမည်၊ ဆပ်ပြာမရှိ ဆေးလိပ် ဆင်စွယ် စသည် ဆုံးတော့မည်မဟုတ်။ ဆ,လိန်အလျှုခံ ဦးသူတော် ကြီးအား အနှုံးပေးလိုက်ပြီး အိမ်ရှင်မဘက်လှည့်၍ ပြောလိုက်တော့သည်။

"ကဲ. . . ရှင်မရေ နေမကောင်းလို့ သောက်ရတဲ့ ပရဆေးတော့ တို့မှာမရှိဘူး။ အိမ်မှာရှိတဲ့ ကွမ်းထဲထည့်စားတဲ့ ဆေးရွက်ကြီးဆေးလေးသာ သွားလျှုလိုက်တော့။ ဆ,လိန်ထဲမှာ ဆပ်ပြာ ဆေးလိပ်, ဆင်စွယ် အာ-- အများကြီးကျန်သေးတယ်။ ဒါတွေလဲ တို့မှာမရှိဘူး။ ကြာရင် တေးဆိုရှုး ရှုးနေတဲ့ မင့်သမီး မိဆုံပါ ပါသွားမယ်ဟေ့၊ သွားလျှုလိုက်. . သွားလျှုလိုက်"❑

---❑---

တောင်ကျောင်းကိုယ်တော်ကမ္ဘ
စဉ်းစားသေး

တစ်ချို့ရွာများတွင် ဘုန်တော်ကြီးကျောင်း နှစ်ကျောင်း ပြဿနာများ ရှိကြသည်။ တစ်ရွာတစ်ကျောင်းသာ သင့်သော်လည်း ပထဝီ အနေအထား လူမှုရေး, စီးပွားရေး အနေအထား တို့နှင့် ဆက်နွယ်ပြီး ရွာက အရှေ့အနောက် တည်နေလျှင် အရှေ့ကျောင်း အနောက်ကျောင်း၊ ရွာကတောင်မြောက်တည်နေလျှင် တောင်ကျောင်း , မြောက်ကျောင်း ဟူ၍ နှစ်ကျောင်း ဖြစ်နေတတ်သည်။

တစ်ရွာတည်း နှစ်ကျောင်းကွဲသည်ကတော့ မကောင်းသည်ကများပါသည်။ ဂိုဏ်းတူ သမ္ဘောဂတူပင်ဖြစ်စေ နှစ်ကျောင်းကွဲပါက ဒါယကာများမှာ တစ်ကျောင်းနှင့် တစ်ကျောင်း တုပြိုင်ခွဲဝေ လျှုဒါန်းနေရသည့်အတွက် ဖွံ့ဖြိုးမှုနည်းတတ်ပေသည်။ သို့သော် တစ်ချို့တစ်ချို့ရွာများတွင်မူ ပထဝီ အနေအထားအရ ဖြစ်စေ၊ အစဉ်အလာအရဖြစ်စေ တစ်ရွာတည်း ကျောင်းနှစ်ကျောင်းကွဲနေစေကာမူ ကျောင်းနှစ်ကျောင်းတွင် ညီတော် နောင်တော် နှစ်ပါး တစ်ကျောင်းစီ ကျောင်းထိုင်

နေကြပြီး နှစ်ကျောင်းတစ်ကျောင်း ရွာနှစ်ပိုင်းတစ်ပိုင်း စည်းလုံး နေကြသည်ကိုလည်း ချစ်ခင်ဖွယ် တွေ့ရှိရတတ်ပါသည်။

မောင်လုံးတို့နေသော ရွာကြီးသည် အိမ်ခြေ တစ်ထောင်နီးပါးခန့်ရှိပြီး ရွာလယ်မှ ချောင်းဖြတ်စီးနေသဖြင့် ရွာမှာ တောင်ခြမ်းမြောက်ခြမ်း ကွဲသလိုဖြစ်နေသည်။ ရှေးအစဉ် အလာက ပထဝီအနေအထားအရ ဖြစ်ဖွယ်ရှိသော ကွဲကွာမှုဖြင့် ဘုန်းတော်ကြီးကျောင်းလည်း တောင်ကျောင်းနှင့် မြောက်ကျောင်းဟူ၍ ယခုထိရှိနေသည်။ ယခင်က တစ်ရွာနှင့်တစ်ရွာ တောင်ခြမ်းနှင့်မြောက်ခြမ်း၊ တောင်ကျောင်းနှင့် မြောက်ကျောင်း မတည့်ခဲ့သော ရာဇဝင်ဇာတ်ကြောင်းကို ရှေးလူကြီးများပြောပြ၍ ကြားဖူးကြသည်။ ယခုအခါမူ တောင်ကျောင်းက နောင်တော်ကြီးဖြစ်သူ ဦးဝိမလ သီတင်းသုံး၍ မြောက်ကျောင်းတွင် ညီတော်ဖြစ်သူ ဦးစန္ဒိမာက ကျောင်းထိုင်လျက်ရှိပြီး ရွာမှာလည်း တံတားသုံးခုနှင့် မကွဲမပြား တစ်သားတည်း စည်းလုံးလျက် ရှိနေပေပြီ။

မောင်လုံးဆိုလျှင် ကျောင်းနှစ်ကျောင်းစလုံးတွင် ကျောင်းနေဖူးပြီး ဦးဝိမလနှင့် ဦးစန္ဒိမာ နောင်တော်ညီတော် နှစ်ပါးစလုံး၏ တပည့်ရင်း ဖြစ်နေသည်။ ဘုန်းတော်ကြီး နှစ်ပါးစလုံးပင် မောင်လုံးအား ရွာထဲတွင် သားမယားရသည့်တိုင် ယခုထိ ယုံကြည်စွာလက်ခံ၍ ကျောင်းဝေယျာဝစ္စ ဆောင်ရွက်စေလျက် နေပေသည်။

တစ်နေ့နေ့လယ် နေပူကျဲကျဲကြီးမှာပင် မောင်လုံး တစ်ယောက် တောင်ကျောင်းကိုယ်တော် ဦးဝိမလထံသို့ ပေါက်ချလာသည်။ မျက်စိမျက်နှာလည်း ပျက်၍နေသည်။

"တပည့်တော် သက်နိုးဝတ်တော့မယ် ဘုရား။ ဒီဒကာမနဲ့ ဘယ်လိုမှ ဆက်နေလို့ဖြစ်မှာ မဟုတ်ဘူး။ အိမ်ပေါ်က ဆင်းလာခဲ့ပြီ။ ပျော်ရင်တစ်သက် မပျော်ရင် ပျော်သလောက် ပေါ့ဘုရား။ တပည့်တော်ကို သက်နိုး ဝတ်ပေးပါဘုရား"

"ဘယ်လိုဖြစ်လာတာလဲ မောင်လုံးရဲ့။ မင်းဟာက ဖြည်းဖြည်းသက်သာ လုပ်စမ်းပါ"

"ဖြည်းလို့ မဖြစ်ဘူးဘုရား။ ဒီဒကာမကို စိတ်ကုန်သွားပြီ။ ဒီအတိုင်းနေလို့ သူ့စနက်က လွတ်မှာမဟုတ်ဘူး။ ဝတ်သာဝတ်ပေးပါဘုရား"

ဘုန်းတော်ကြီးဦးဝိမလက အမျိုးမျိုးနားချ ပါသော်လည်း မောင်လုံးက ဇွတ်ပြောရ်ချည်းသာ နေသည်။ ပြောမရသည့်အဆုံး ဘုန်းတော်ကြီးသည် ခေတ္တအေးပြီးရော သဘောနှင့် ခေါင်းလွှဲလေသည်။

"ကဲ - မောင်မင်းကြီးသား ပြောမရရင်လဲ မြောက်ကျောင်းသာ ကြွပေရော့။ မင်းဆရာဆီသာ သွားချေ။"

မောင်လုံးသည် မြောက်ကျောင်း ဦးစန္ဒိမာထံသို့ ရောက်သွားသည်။

ဦးစန္ဒိမာကမူ သိပ်ထွေထွေထူးထူး စစ်မေး စဉ်းစားမနေတော့။ တောင်ကျောင်း ရောက်ခဲ့ပြီး နောင်တော် ကြီးထံမှ လွှတ်လိုက်ပြီဆိုကတည်းက သဘောပေါက်နားလည် ပြီးဖြစ်နေသည်။ မောင်လုံးခေါင်းကို ခေါင်းတုံးတုံး၍ သက်နှိုး တစ်စုံထုတ်ပေးကာ ကိုရင်ကြီး ပြုပေးလိုက်သည်။ သုံးရက်ခန့် ကြာလျှင် သံယာငါးပါးပင့်၍ ရဟန်းခံပေးမည်ဟု နှစ်သိမ့်ထား လိုက်သည်။

နောက်တစ်နေ့ မိုးလင်းသော် ကိုရင်ကြီးမောင်လုံး၏ မိန်းမသည် မြောက်ကျောင်းသို့ ရောက်လာပါတော့သည်။

ပထမတွင် မောင်လုံးက မိန်းမအား ဟိန်းဟောက် လွှတ်နေသံ ကြားရသေး၏။ အတော်လေးကြာ၍ မိန်းမက မျက်ရည်လေး နှစ်ခါလောက်ကျပြီးသောအခါ ကိုရင်ကြီး မောင်လုံးအသံမှာ ပျော့၍ ပျောက်ကွယ်သွားသည်။

မကြာမီမှာပင် ကိုရင်ကြီးမောင်လုံးသည် ရဟန်းမခံ တော့ဘဲ လူဝတ်လဲတော့မည့် အကြောင်း ဘုန်းတော်ကြီး ဦးစန္ဒိမာအား လာရောက်လျှောက်ထားသည်။ ဝင်လွယ်ထွက် လွယ်ပြုမူသော သူ့ကိုယ်သူလည်း အပြစ်တင်ကာ ရှက်နေ

သည်။ ရှက်ပေမယ့်လည်း မိန်းမသဲယောဇဉ် မပြတ်ရကား ရှက်ရှက်နှင့်ပင် ဘုန်းတော်ကြီးအား ခွင့်ပန်ရလေသည်။

ဘုန်းတော်ကြီး ဦးစန္ဒိမာလည်း လူဝတ်လဲပေးရုံ မှတစ်ပါး ဘာတတ်နိုင်တော့မည်နည်း။ အစကတည်းက မောင်လုံးပုံစံက ပြတ်သားမည့်လက္ခဏာ မမြင်သဖြင့် တန်း၍ ရဟန်းမခံသေးဘဲ ကိုရင်ကြီးဝတ်နှင့် ထစ်ထားခဲ့သည် မဟုတ်ပါလား။

ခေါင်းတွင် ဦးပြည်းခေါင်းတုံးပြောင်ပြောင်နှင့် ကိုရင်ကြီးလူထွက် မောင်လုံးတို့လင်မယား ဘုန်းတော်ကြီးကို ကန်တော့၍ ထွက်လာစဉ် ကျောင်းပေါက်ဝရောက်သော် မောင်လုံး မိန်းမက မောင်လုံးအား နောက်မှနေ၍ ခါးအောက်ကို လှမ်းဆိတ်သည်။

"ရှင်မို့ ရက်စက်တယ် ကိုလုံးရယ်။ တကယ်ကို ပြတ်ပြတ်စဲစဲ လုပ်ရက်တယ်"

သူ့မိန်းမချ၍ ပေးသော ဖိနပ်နှစ်ဖက်ကို စွပ်နေရင်းမှ သူ့မိန်းမအား မောင်လုံးပြန်ပြောလိုက်သော စကားကိုမူ တောင်ကျောင်း မြောက်ကျောင်း နောင်တော် ညီတော် ဘုန်းတော်ကြီးနှစ်ပါးတို့ ကြားတော်မူကြလေမည်မဟုတ်ပါ။

"အေးလဟာ - တောင်ကျောင်းကိုယ်တော်ကမှ စဉ်းစား သေးတယ်။ မြောက်ကျောင်းကိုယ်တော်က လုံးလုံး မစဉ်းစားဘူး" □

သစ်ကျုတ်ဥပုသ်

ဝါတွင်းကာလ ဥပုသ်နေ့ဖြစ်သည်။

ဥပုသ်ဇရပ်ပေါ်တွင် ဥပုသ်သည်များဖြင့် စည်ကားလျက်ရှိသည်။ နံနက်ခင်း သီလမယူခင် အလျှုရှင်တစ်ဦးဦးက အကျွေးအမွေး တစ်ခုခုဖြင့် လျှုဒါန်းဧည့်ခံ၏။ ရှစ်နာရီခွဲခန့်တွင် ရွာဦးကျောင်းဆရာတော် ကြွရောက်လာပြီး သီလပေးကာ အကြောင်းညီညွတ်လျှင် တရားတစ်ပုဒ်ဟော၏။ အကြောင်းမညီညွတ်၍ ဆရာတော် တရားမဟောဖြစ်ပါကလည်း တိတ်ခွေတရား တစ်ပုဒ်ပုဒ်ကို ဥပုသ်သည်များ နာယူကြရပေသည်။

သီလပေးတရား နာယူပြီးဆုံးသောအခါ နံနက်ပိုင်းမှာ ကုန်သလောက်ဖြစ်သွားပြီမို့ သားသမီးများ ကိုယ်စီလာပို့ကြသော ဆွမ်းအုပ်ကို လှန်လှော စားသောက်ကြလေ၏။ အလျဉ်းသင့်ရာ အစုဖွဲ့စားသောက်ကြရာတွင် ဦးဖိုးဆင့်နှင့် ဦးခွေးရိုးတို့ ကျောင်းနေဖက်သူငယ်ချင်းနှစ်ဦးမှာ တစ်ဝိုင်းသတ်သတ်ဖြစ်လေသည်။

ဦးခွေးရိုးသည် ယနေ့ သူ့မွေးနေ့နှင့်လည်း တိုက်ဆိုင်နေသည့်အပြင် ရှစ်ပါးသီလည်းယူပေးခဲ့ကြ၍ သမီးဖြစ်သူအား

သက်သတ်လွတ်ချက်ပို့ဖို့ မှာထားခဲ့၏။ သမီးလာပို့သော ဆွမ်းအုပ်မရောက်မီ ရွာထိပ်တွင်နေသော သားက ဘာစိတ်ကူးရသည်မသိ၊ မမေးမစမ်းနှင့် ဥပုသ်သည် ဖခင်ထံ ဆွမ်းအုပ်ကြီးနှင့် ရောက်လာ၏။ ဥပုသ်ဆွမ်းတွင် ငါးဟင်း, ဝက်သားဟင်း, ကြက်သားဟင်းနှင့် ချဉ်ရည် ငါးပိချက် တို့စရာ အစုံအလင်ဖြင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်၍ လာလေသည်။ ဤတွင် ဦးခွေးရိုးမှာ ရသတဏှာအပေါ် မချုပ်တည်းနိုင်တော့ဘဲ အဓိဋ္ဌာန်ပျက်၍ သက်သက်လွတ် ဖျက်လိုက်ရလေတော့၏။

ထမင်းစားဝိုင်းတွင် ဦးဖိုးဆင့်က စကားစ၏။ (ဦးဖိုးဆင့်က ဦးခွေးရိုးအား ငယ်ငယ်က နှုတ်ကျိုးနေသည့် အတိုင်း 'ရိုးကောင်' ဟုခေါ်၏။)

"ဘယ်နှယ့်လဲ ရိုးကောင်။ မင်းရဲ့သား လုပ်တာနဲ့ သက်သတ်လွတ် ပျက်ပြီပေါ့"

"အေးလကွာ၊ ပုထုဇဉ် အတွေ့မရှောင်နိုင်တာ ဒါမျိုးပေါ့လကွာ။ ခုကြည့်ပါလား၊ ကြက်သား ဝက်သားလဲ တွေ့ရောကြက်ဝက်သတ္တဝါဟာ သေပြီးလို့ပဲ ပန်းကန်ထဲမှာ အတုံးအတုံးရောက်နေပြီပဲ။ စားလို့လဲ အသက်ပြန် မရှင်တော့ပါဘူး၊ မစားလို့လဲ အကြောင်းမထူးပါဘူးဆိုတဲ့ အတွေးအသိ ဝင်လာပြီး ဆန္ဒကို ဦးစားပေးဆုံးဖြတ်လိုက်တာ အဓိဋ္ဌာန်ပျက်ပါရော"

ဦးဖိုးဆင့်က ထမင်းစားရင်း ရယ်၏။

"ဘာရယ်တာလဲကွ"

"ဆရာတော် ဒီဥပုသ်ဇရပ်မှာ တစ်ခါဟောဖူးတဲ့ သစ်ကျုပ်ဥပုသ် သွားသတိရလို့ပါကွာ"

နှစ်ဦးသား သဘောပေါက်ကာ ရယ်ကြလေသည်။

တစ်ခါက သစ်ကျုတ်တစ်ကောင်သည် ကျောက်ဖျာတစ်ခုကို အမှီပြု၍ နေထိုင်လေ၏။ တစ်နေ့သော် မိုး အကြီးအကျယ် ရွာသွန်းပြီး ရေကြီးရာ ကျောက်ဖျာ ကွက်ကွက်သာ ကျန်လေသည်။ သစ်ကျုတ်သည် ဘယ်လိုမှ မသွားလာနိုင်ရကား သားကောင်ရကိန်း မမြင်သည်နှင့် သည်နေ့အဖို့ ဥပုသ်စောင့်တော့မည်ဟု စိတ်ဒုန်းဒုန်းချကာ ကျောက်ဖျာပေါ်တွင် ခွေလဲ၍ တရားနှလုံးသွင်းနေလိုက်သည်။

အတန်ကြာသော် ဘယ်ကနေ ထွက်လာသည် မသိရသော ဆိတ်တစ်ကောင်သည် ဥပုသ်သည် သစ်ကျုတ် ရှိရာ ကျောက်ဖျာဆီသို့ တန်းတန်းမတ်မတ် ရေကူး၍လာနေ၏။ ဆိတ်ကိုမြင်သော် သစ်ကျုတ်သည် 'ဒီတစ်ချီတော့ စားရချေသေး' ဟု စောစောက စောင့်ခဲ့သော ဥပုသ်သီလကို စွန့်ကာ ရေကူးလာသော ဆိတ် ကျောက်ဖျာပေါ်သို့ အတက် အပေါ်မှ ဆီးအုပ်ရန် အသင့်နေရာယူထားလေသည်။

သို့သော် ဆိတ်ငယ်သည် ကျောက်ဖျာအနီး ရောက်ခါနီးမှာ ဘေးသို့ချော်၍ တစ်ဖက်ကမ်းဆီသို့ ကူးသွားလေတော့သည်။ ဤတွင် စားရက်ကြုံ၍ မုတ်ဆိတ်ပျားစွဲတော့မည်ဟု ဥပုသ်သီလကို ဖျက်နှင့်ထားသော သစ်ကျုတ်မှာ အားလျော့လိုက်ပြီး ဖျက်ပြီး သီလကို ပြန်ယူ၍ ကျောကိုဖျာထက်တွင် ခွေအိပ်နေရလေတော့သတည်း။

- ဗုဒ္ဓဓမ္မ ယဉ်ကျေးမှုရင်ခွင်မှာ နွေးထွေးမီစေဖို့
- ရိုးစင်းသန့်စင်သော ရိုးရာဒဿနအတွေးအမြင်ကို စေ့ငုံ ခြေရာခံမိစေဖို့
- ပြုံးထေ့ရသမှ မြန်မာမှုဆင့်ပွားသုတမျှား ရင်မှာ စွဲပိုက်ပွားသစ်မီစေဖို့
- လူကြီးမိဘ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို လေးစား ရိုကျိုးစေ၍ အမျိုးဘာသာ သာသနာ ချစ်ခင်စိတ် စွဲခိုင်စေဖို့

ဘုရားကျောင်းကန်ဝန်းကျင်မှ

ရွှေကျောင်းပျော် ဗဟုသုတသုံးဝတ္ထုများ









ခင်အောင်ဌေးနီး | သုဘေသနီ |

ISBN 978-99971-0-2266-0 | ISBN 978-99971-0-2266-0 | (c) ဒေါက်ကြီးတင်ထိုက်ပါမောက္ခ ဦးဘသောဝ